# မင်းသိင်္ခ

# ဇော်သပ္ပဂုတ္တရထဗေဒ

## ပုရင်းပုပ္ပနိကျမ်းကြီး


စာအုပ်လင့်ပေါင်းစုံ
09 789 422 340




အမှတ် (၁၄)ကျောက်ရေတွင်းလမ်း
ကျောက်မြောင်း၊ ရန်ကုန်။ ဖုန်း - ၅၄၃၂၉၇
reaction@mail4u.com.mm

အမှတ် (၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်ဆွန်ပက်လမ်းထိပ်၊ ရန်ကုန်မြို့
ဖုန်း - ၇၀၀၅၇၉၊ ၀၉၅၁၄၈၅၅၈
openeyes@mail4u.com.mm



# ကော်သဗျာကရဏဗေဒကျမ်းကြီး

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၄၀၁၀၃၁၀၉၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၁၀၃၉၁၀၀၈ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် ၊ အုပ်ရေ (၅၀၀) |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ |
| ထုတ်ဝေသူ | - | ဦးမျိုးမင်းသန်း (၀၄၁၇၃)<br>မျက်ပွင့်စာပေ<br>၃၆၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | - | ဦးဇော်မင်းအေး (၀၇၁၂၅)<br>ဇော်ပုံနှိပ်တိုက်<br>၁၈၆၊ အင်ကြင်းမြိုင်လမ်း၊<br>သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ |
| **တန်ဖိုး** | – | **၄၀၀၀ ကျပ်** |

**ဖြန့်ချိရေး**

**မရမ်းတလင်းစာပေ**
၁၄၊ ကျောက်ရေတွင်းလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း - ၅၄၃၂၉၇

**မျက်ပွင့်စာပေ**
၃၆၇၊ ဗိုလ်ချုပ်လမ်း(ဗိုလ်ဆွန်ပက်လမ်းထိပ်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၇၀၀၅၇၉၊ ၀၉၅၁၄၈၅၈

# ကော်သ ဗျာကရဏဗေဒကျမ်းကြီး

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကော်သဗျာကရဏ၏မှာတမ်း | ၁၀ |
| ၂ | ကော်သဗျာကရဏ ဗေဒင်ဆရာတို့၏ အဘိမ္မော | ၁၁ |
| ၃ | ကော်သပညာပေးခြင်း | ၁၂ |
| ၄ | ကော်သဗျာကရဏဗေဒ | ၁၃ |
| ၅ | ကော်သသင်္ကေတ (၁၆)မျိုး | ၁၅ |
| ၆ | ကော်သအဟောပရိယာယ် | ၁၆ |
| ၇ | ကော်သတစ်ခုချင်းအဟောထုတ်ပုံ | ၂၀ |
| ၈ | ကော်သ သင်္ကေတနှင့် သက်ရောက် | ၂၃ |
| ၉ | ကော်သနှင့် ပဋ္ဌာန်းဆက် | ၂၇ |
| ၁၀ | ကော်သနှင့် (၃၇)မင်းနတ် | ၃၀ |
| ၁၁ | ကော်သနှင့် မဟာဘုတ် | ၃၃ |
| ၁၂ | ကော်သနှင့် ခရစ်သက္ကရာဇ်ဖြင့် မဟာဘုတ်ထူခြင်း | ၃၄ |
| ၁၃ | ကော်သယတြာအတွက် အသီးအပွင့်အစားအသောက် တံခွန်ကုက္ကားနှင့် ဘုရား | ၃၆ |
| ၁၄ | ကော်သနှင့် အင်္ဂဝိဇ္ဇာတည်ဆောက်ပုံသဘော | ၄၀ |
| ၁၅ | ကော်သနှင့် အခါ | ၄၂ |
| ၁၆ | ကော်သနှင့် အင်္ဂဝိဇ္ဇာအဟော | ၄၃ |
| ၁၇ | ကော်သနှင့် ဓာတ်ရိုက်ဓာတ်ဆင် | ၄၆ |
| | စိတ်ဆိုးပြေစေရန် ဓာတ်ရိုက်နည်း | ၄၇ |
| | ထွက်သွားသူကို ပြန်ခေါ်သောနည်း | ၄၈ |
| | ဈေးရောင်းကောင်းအောင် ဓာတ်ရိုက်နည်း | ၅၀ |
| ၁၈ | ကော်သနှင့် ယတြာဖယောင်းတိုင် | ၅၂ |


မရမ်းတလင်းစာပေ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄ | ဇော်သဆရာနှင့် ၎င်း၏ အဆင်အယင် | ၁၀၀ |
| ၄၅ | ဇော်သပညာရှင်တို့၏ ပွဲတော် | ၁၀၁ |
| ၄၆ | ဇော်သနှင့် ဗျည်းကြေးစာ | ၁၀၃ |
| ၄၇ | ဇော်သပညာ၏ အရိပ်အာဝါသ | ၁၀၄ |
| **အချပ်ပိုစာရင်း** | | |
| (က) | ပြောပြသူ | ၁ |
| (ခ) | လွတ်လပ်ပေါ့ပါးသော စိတ်အလျဉ် | ၂ |
| (ဂ) | ဇော်သနှလုံးသည်းပွတ် | ၃ |
| (ဃ) | သင်နှင့် ပွဲတင်သံ | ၄ |
| (င) | ယုန်ရုပ်ထုသူ | ၅ |
| (စ) | ဗေဒင်တွက်နည်းတွေကများတယ် | ၆ |
| (ဆ) | ချိန်ခွင်ပမာ | ၇ |
| (ဇ) | နည်းမဟုတ်တဲ့နည်း | ၈ |
| (ဈ) | ငြင်းခုန်ခြင်း | ၉ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉ | ဓက်သနှင့် မကျန်းမာသူတို့အတွက် ယတြာ | ၅၃ |
| ၂၀ | ဓက်သနှင့် ခရီးသွား/လူတွေ့ အခါပေးဇယား | ၅၅ |
| ၂၁ | ဓက်သနှင့် လတ်တလောယတြာ | ၅၆ |
| ၂၂ | ဓက်သနှင့် အိမ်မြဲစေသောယတြာ | ၆၄ |
| ၂၃ | ဓက်သနှင့် ရုက္ခစိုးရယတြာ | ၆၅ |
| ၂၄ | ဓက်သနှင့် အခါပေးခြင်း | ၆၆ |
| ၂၅ | ဓက်သနှင့် ငြိုဟ်(၈)ခွင်ယတြာ | ၆၇ |
| ၂၆ | ဓက်သနှင့် အင်းအတတ် | ၆၈ |
| ၂၇ | ဓက်သနှင့် ဂဏန်းဗေဒင် | ၇၀ |
| ၂၈ | ဓက်သနှင့် ဇာတာဖွဲ့ခြင်း | ၇၁ |
| ၂၉ | ဓက်သနှင့် မဏ္ဍလ | ၈၁ |
| ၃၀ | ဓက်သနှင့် မကောင်းဆိုးဝါး | ၈၂ |
| ၃၁ | ဓက်သနှင့် အမည်ပေးခြင်း | ၈၂ |
| ၃၂ | ဓက်သနှင့် လက္ခဏာ | ၈၃ |
| ၃၃ | ဓက်သနှင့် ဂါထာများ | ၈၅ |
| ၃၄ | ဓက်သနှင့် အဝတ်အစား | ၉၁ |
| ၃၅ | ဓက်သနှင့် ဉာဏ်ပူဇော်ခ | ၉၁ |
| ၃၆ | ဓက်သနှင့် ကုလားဟင်း | ၉၂ |
| ၃၇ | ဓက်သနှင့် ကန်တော့ပွဲ | ၉၃ |
| ၃၈ | ဓက်သပညာရှင်တို့၏ ကန်တော့နည်း | ၉၄ |
| ၃၉ | ဓက်သနှင့် ကမ္ဘဋ္ဌာန်း | ၉၅ |
| ၄၀ | ဓက်သနှင့် ပုတီးစိပ်ခြင်း | ၉၇ |
| ၄၁ | ဓက်သနှင့် ဘေးမဲ့လွှတ်ခြင်း | ၉၈ |
| ၄၂ | ဓက်သပညာဖြင့် လူ (၁၀၈)ယောက်ဟောခြင်း | ၉၈ |
| ၄၃ | ဓက်သနှင့် ပညာရှင်တို့၏ ဗေဒင်ဆိုင်ဖွင့်ခြင်း | ၉၉ |


မရပ်းတလင်းစာပေ

ဒေါက်တာ

# မင်းသိဒ္ဓိ

နှစ်ပေါင်းများစွာ အာမခံသော့ခလောက်ခတ်၍ သိမ်းဆည်းထားသည့်

လွန်စွာမှန်ကန်၍ လွန်စွာမှလည်း အစွမ်းထက်သော.....

# ကေံဃပုဂကရုဏဗေဒ

ဤပညာသည် စာတစ်လုံးမျှ မတတ်သူ၊ ဂဏန်းသင်္ချာအပေါင်းအနုတ် မတတ်သူကိုပင်

နေ့ချင်းညချင်းကျော်ကြားသော ဗေဒင်ဆရာကြီး တစ်ဆူဖြစ်စေနိုင်သည်။

# ဗေဒင်သင်တန်းလစဉ်

၁၉၉၅-မှ ၂၀၀၈ အထိ (၁၆၈)ကြိမ်ရှိပြီး (၁၉၇၆) မှ (၁၉၉၄)အထိ ကိုယ်ကြားဖွင့်လှစ်ခဲ့သောသင်တန်းများရှိခဲ့သည်။ ပျမ်းမျှသင်တန်းတစ်ပတ်လျှင် သင်တန်းသား (၂၅၀)ခန့် တက်ရောက်သည်။ မင်းသိင်္ခ၏ ဗေဒင်သင်တန်းမှ အောင်လက်မှတ်ချီးမြှင့်ပြီးဖြစ်သော သင်တန်းဆင်း ဆရာ/ဆရာမ (၅၀၀၀) ကျော်ခန့်ရှိခဲ့ပြီးဖြစ်သည်။

ထိုအနက်ဆိုင်းဘုတ်တင်ဟောခန်းဖွင့်၍ ဗေဒင်ပညာဖြင့် ရပ်တည်နေသူအပေါင်းမှာ ရန်ကုန်တွင် (၂၅၅)ဦး၊ နယ်တွင် (၅၇၀)ဦး၊ ပေါင်း(၈၀၀)ကျော်ရှိသည်။

ထိုသင်တန်းများမှာ အခကြေးငွေယူ၍သင်ကြားပေးခြင်းမဟုတ်ဘဲ ထမင်းကျွေး၊ လက်ဖက်ရည်တိုက်၍ အခမဲ့သင်ကြားပေးခဲ့ခြင်းဖြစ်ပါသည်။

# အမှာစာ

ကြာခဲ့ပါပြီ . . . . . လွန်လေပြီးသော (၃၅)နှစ်က ဖြစ်ပါသည်။

ကျွန်တော့်အစ်ကိုကြီး မင်းသိခ်ဲ (ထိုအချိန်က "မင်းသိခ်ဲ" ဟု အမည်မရှိသေးပါ)သည် အင်းစိန်ထောရဆောက်တည်နေရာမှ ပြန်လာခါစအချိန်ဖြစ်သည်။ အမှတ်(၂၉၅)၊ ဘိုးလိမ်းလမ်း၊ ကျောက်မြောင်း ဟူ၍ အမည်အမှတ်သညာ လိပ်စာတပ်အပ်သော တိုက်ခန်းဟောင်းလေး တစ်ခန်းအတွင်း၌ အမိအဖနှစ်ဦးနှင့် ညီအစ်ကိုမောင်နှမများ ကြပ်တည်းကျဉ်းမြောင်းစွာ နေရသော အခါကာလဖြစ်သည်။

အစ်ကိုကြီး "မင်းသိခ်ဲ" သည် ဆေးပေါ့လိပ်ပေါင်းများစွာကို မီးညှိဖွာရှိုက်ပြီး ကြမ်းပြင်တမံသလင်းပေါ်၌လည်းကောင်း၊ စာရွက်တို စာရွက်စများပေါ်၌လည်း ကောင်း "ရေလှိုင်းတွန့်" ကလေးများ ရေးခြစ်ခြင်း၊ အစက်အပြောက်လေးများကို ရေးမှတ်ခြင်းများပြုလုပ်ကာ အချိန်များစွာကို ဖြုန်းတီး၍နေလေ၏။ ထိုအချိန်မှာ ကျွန်တော်သည် တက္ကသိုလ်ကျောင်းသားဘဝသာရှိသေးသည်။

တစ်နေ့ . . . . . ကျွန်တော့်အား အစ်ကိုကြီးမင်းသိခ်ဲက ရွှေတိဂုံဘုရားဖူးတက်ရန်ခေါ်ပါသည်။ အရေးကြီးသောစကားပြောရန် ရှိသည်ဟုလည်းဆိုပါသည်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ရွှေတိဂုံဘုရားသို့ ရောက်ခဲ့ကြသည်။ ဘိုးဘိုးအောင်တန်ဆောင်း၏ အနောက်ဘက်တွင်ရှိသော "ဓမ္မစေတီဆုတောင်းပြည့်ဘုရား"မှာ ဝတ်ပြုရှိခိုးပြီးနောက် ထိုင်၍စကားပြောကြသည်။

"ဝင်းဇော် ..... သေသေချာချာနားထောင်၊ နှစ်ပေါင်းများစွာ ငါရှာဖွေခဲ့တဲ့ "ဧကံသဗ္ဗာကရဏ ပညာ" ကို ငါရပြီ။ ဟောဒီမှာ ..... ငါအကုန်လုံး ရေးထားပြီးပြီ ..... ဒီပညာကို ငါ မြန်မာပြည်မှာ ဖြန့်ဖြူးတော့မယ် ..... ဒီကျမ်းစာမူထုပ်ကြီးကိုတော့ မင်းသိမ်းထားပေးပါ။ ငါသေရင်တော့ ကျမ်းစာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိပေါ့ကွာ"

"ဧကံသဗ္ဗာကရဏပညာ ဆိုတာ ဘာလဲအစ်ကို"

"အလွန်မှန်တဲ့ အတ္တပ္ပွန ဗေဒင်ပညာရပ်လို့ပေါ့ကွာ ..... နောင်တစ်ချိန်မှာ မသိသူကျော်သွား သိသူဖော်စားလို့တောင် ပြောစမှတ်ပြုရမယ့် ဗေဒင်ပညာရပ်ကြီးအဖြစ်နဲ့ ကျော်ကြားထင်ရှားလာတော့မယ်"

ထိုအချိန်တွင် ကျွန်တော့်အစ်ကိုကြီး မင်းသိခ်မှာ လွန်လွန်းသည်ဟု ကျွန်တော် ထင်ခဲ့မိပါသည်။

ခုတော့ ..... ဧကံသဗ္ဗာကရဏ ဗေဒင်ပညာရှင်ပေါင်းများစွာ ရှိနေပါပြီ ..... ထိုအတွက် ဧကံသဗ္ဗာကရဏ ဗေဒင်ကျမ်းကြီးတစ်စောင် လည်း လိုအပ်နေပါသည်။

ထို့ကြောင့် .....



ဝင်းဇော် (သစ်တော)

မရမ်းတလင်းစာအုပ်တိုက်

# မင်းသိင်္ခ



ဇောတိသပညာကို စတင်တည်ထောင်ခဲ့သောဆရာကြီး



တေတပိုင်း ပေါ်သဝေဒင်သင်တန်းများတွင်
သင်တန်းဆင်းလက်မှတ်အဖြစ် ကျောက်သင်ပုန်းတစ်ချပ် ချီးမြှင့်လေ့ရှိရာ
အထူးတော်မက်လာဦးတွင် ပြုလုပ်ထားသော ပေါ်သကျို့၏အကြီးအမှတ် ကျောက်သင်ပုန်းကြီးကို တွေ့ရစဉ်



မင်းသိင်္ခ၏ ကော်သပျာကရဏာဗေဒလင်္ကာ ပထမပတ် သင်တန်းဆင်းပွဲ (၁၅-၅-၁၉၈၅)

(ရှေ့တန်း ဒေါ်မိမိချို၊ ဒေါ်မေမေအောင်၊ ကိုသိန်းစိုး(သုခဇော်)၊

အလယ်တန်း - ဦးတင်အောင်မြင့်(လှိုင်ဘွားအောင်)၊ ဦးစံအေး(ထက်အောင်လှိုင်)၊ ဦးအောင်ကြီး(ဖြိုးဟန်ကျော်)၊ ဦးကျော်ဆွေ(သုတဇော်)၊ ဦးအောင်ကျော်

နောက်တန်း - ဦးဘုန်းကြွယ်(ကျော်စိုးဟန်)၊ မင်းသိင်္ခ၊ ဗိုလ်ကြီးအေးမြင့်(ဗိုလ်သုခ)၊ ဦးအုန်းမြင့်(ပံသုကျော်)၊ ကိုညီညီ၊ ဦးဝင်းမြင့်အောင်၊ မောင်မောင်ဇေယျ)





ပုစွန်တောင် ရွှေဘုန်းပွင့်ဘုရားတွင် တန်ဆောင်မုန်းလမပြည့်မီ အဖိတ်ညဉ့် အခမဲ့ဗေဒင်ဟောပြောခြင်း၊
လက်ဆောင်ပစ္စည်းဝေငှခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်း အစီအစဉ်များဖြင့်
နှစ်စဉ်ကျင်းပခဲ့သော ကေသပွဲတော်၏ ညတစ်ည



နှစ်ဆန်းတစ်ရက်နေ့တွင် တပည့်များစုပေါင်း၍ ဆရာကြီးမင်းသိခ်အား ခေါင်းလျှော်ကန်တော့ကြစဉ်



နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့တွင် ဆရာကြီးမင်းသိခ်နှင့် တပည့်များ၊ ဝေဒင်ပရိသတ်များ
စုပေါင်း၍ ဘေးမဲ့လွှတ်ပွဲ ကျင်းပကြသည်။



နှစ်စဉ်နှစ်ဆန်းတစ်ရက်နေ့တွင် ဆရာကြီးမင်းသိခ်နှင့် တပည့်များ၊
ဗေဒင်ပရိသတ်များစုပေါင်း၍ ဘေးမဲ့လွှတ်ပွဲ ကျင်းပကြသည်။





တန်ဆောင်မုန်းလပြည့်ည ဆေးတော်ကြီးဖော်ပွဲ



# ပြောပြသူ

**ဒီမှာမိတ်ဆွေ .....**

သင်ဟာ ဗေဒင်မတတ်သေးဘူးထင်ပြီး
တအားကြီးလေ့လာ တအားကြီးကြိုးစားနေတယ် ....

**အမှန်ကတော့ .....**

ဘဝအသချေ်မှာ သင်ဟာ ဗျန်းဗျန်းကွဲတတ်ကျွမ်းတဲ့
ဗေဒင်ဆရာကြီးတစ်ဆူ ဖြစ်ခဲ့ဖူးတဲ့အကြိမ်တွေ အများကြီးပါ၊
သင်ရဲ့အတွင်းသန္တာန်မှာ ဗေဒင်ပညာတွေ
ရှိနေပြီးသားပါ ...၊
အတိတ်ဘဝကပြုခဲ့ဖူးတဲ့ကောင်းမှု
မကောင်းမှုတွေနဲ့အတူ ပါလာပါတယ် ...
အဲဒီလို ပါလာကြောင်းမသိလို့ သင်မတတ်သေးဘူးလို့ ထင်နေတာပါ၊

**တကယ်တော့ .....**

သင်ဟာ ဗေဒင်ပညာကို
မသင်ခင်ကပင် တတ်ပြီးသားပါ ...၊
အဲဒီလိုတတ်ပြီးသားဖြစ်ကြောင်းကို မသိလို့
ကျွန်ုပ်က ပြောပြရတာပါ ...၊
ဒါကြောင့် ကျွန်ုပ်ဟာ ဆရာမဟုတ်ပါဘူး ...၊
သင်မေ့လျော့နေတာကို
ပြောပြတဲ့ သင်ရဲ့မိတ်ဆွေပါ ...၊

အစဉ်ပြောပြနေမယ့်
သင့်ရဲ့မိတ်ဆွေ

(ဍၣ်လံာ်ဒိးန့ၣ်ယဲၤဒၣ်ယၤ ၁ၣ်လၥ်ဂ္ဂါထဲထ်ဝံးဝၤ ယဖှၢၣ်)
(၀၉၉၀) ငံဖှၣ်ပှၤလီၢ်ဂံၤ ယၤဝံၣ်ဂၤဒုဝဲၤယဲဂ္ဂါၤ ယၤဝဲၤထံၣ်ယၤ ယၤဂ်ၢ်ပှၤဂ့ၢ်ယဝဲ ထဲထၤလယဲၤ



# ဧကံသနှလုံးသည်းပွတ်

သင် ဗေဒင်တွက်ရမယ် ...

ပြီးတော့ ... သင်ဗေဒင်ဟောရမယ်၊

ဒါပေမယ့် ...

အဲဒီတွက်တဲ့

ဟောတဲ့အထဲ

သင်မပါရဘူး ...၊

အဲဒါဟာ

ဧကံသပညာရဲ့နှလုံးသားပဲ ...၊

# လွှတ်လပ်ပေးပါသော စိတ်အလျှဉ်

သင့်ရဲ့စိတ်ဟာ .....

တိမ်လိုလွင့်ပြီး

စမ်းရေလိုစီးနေ စမ်းပါစေ၊

ကော်သပညာက

သူ့ဟာသူမှန်သွားပါလိမ့်မယ်၊

ဇင်.ဗိုင်

# ယုန်ရုပ်ထုသူ

**သင့်ကိုပြောချင်ပါတယ် .....**

ကျွန်းတုံးကြီးတစ်တုံးယူပြီး ပန်းပုဆရာဆီကိုသွားပါ ...

ပြီးတော့ ယုန်ရုပ်တစ်ရုပ် ထုပေးပါလို့ ... ပန်းပုဆရာကိုပြောပါ ...

ပန်းပုဆရာ ယုန်ရုပ်ထုတာကို သင်ကိုယ်တိုင် သေသေချာချာ ထိုင်ပြီးကြည့်နေပါ၊

ပန်းပုဆရာဟာ ဆောက်နဲ့ လက်ရိုက်ကိုယူပြီး သင့်ရှေ့မှာတင် ယုန်ရုပ်ကိုထုနေတာ မဟုတ်ပါဘူး၊

ကျွန်းတုံးကြီးမှာရှိတဲ့ ယုန်ရုပ်မဖြစ်မယ့်အသားတွေကို ဆောက်နဲ့ဖဲ့ချနေတာဖြစ်တယ် ...

ယုန်ရုပ်က သူ့အလိုလိုပေါ်လာတာ မဟုတ်ဘူးလား ...

ဒီလိုပါပဲ ... ဗေဒင်ကို မှန်အောင်ဟောမယ်ဆိုပြီး လုပ်လို့မရပါဘူး၊ မမှန်တဲ့အရာတွေကို ဖဲ့ချဖို့ပါပဲ ...

အဲဒီလို သဘောပေါက်သွားရင် သင်ဟာ ဗေဒင်တစ်ခုထဲကိုတင် တတ်မြောက်သွားတာ မဟုတ်ဘူး ...

အရာရာကို သဘောပေါက်သွားတာဖြစ်တယ် ...၊

ဝင်း-ပိုင်

# သင်နှင့်ပွဲတင်သံ

**သင်ဟာ .....**

ပွဲတင်သံကို တိတ်စေချင်တဲ့အတွက်
**တိတ်ပါတော့ လို့** အော်နေတဲ့ လူလိုဖြစ်နေပြီ၊
အဲဒီလို အော်နေသရွေ့တော့
ပွဲတင်သံဟာ တိတ်မသွားနိုင်ဘူး ...

**အဲဒီတော့ .....**

ပွဲတင်သံတိတ်အောင်
ဘယ်လိုလုပ်ရမလဲဆိုရင် ...
**ဘာမှ မလုပ်ပါနဲ့ ....**

**ဒါမှမဟုတ် .....**

**ဘာမှမလုပ်တဲ့အလုပ်ကို လုပ်ပါ ...**
လို့ပဲ ပြောရမှာပဲ ...

အခုလဲ ... သင်ဟာ ဗေဒင်ကို မှန်ချင်လွန်းလို့
အရမ်းကြီး ကြိုးစားနေတယ်
အရမ်းကြီးအားတွေထုတ်နေတယ်
အဲဒီလို အရမ်းကြီး ကြိုးစားနေသရွေ့ ...
အရမ်းကြီး အားတွေထုတ်နေသရွေ့ ...
ဗေဒင်ဟာ မမှန်နိုင်ဘူး ... ဆိုတာ သဘောပေါက်စမ်းပါ ...၊

ခင်းသိန်

# ချိန်ခွင်ပမာ

ချိန်ခွင်မှာ …

ပစ္စည်းထည့်တဲ့ခွက်ရယ် ..
အလေးထည့်တဲ့ခွက်ရယ်လို့ နှစ်ခုရှိတယ် …။
ဒါပေမဲ့ … ချိန်ခွင်မှန်တယ်ဆိုတာ
အဲဒီခွက်နှစ်ခုထဲမှာ မရှိဘူး …။
ပစ္စည်းထည့်တဲ့ဘက်မှာလည်း မရှိဘူး …။
အလေးထည့်တဲ့ဘက်မှာလည်း မရှိဘူး …။
အဲဒီနှစ်ခုရဲ့ အပြင်ဘက်ကို ရောက်နေတယ်၊
ချိန်ခွင်မှန်ခြင်းဟာ ချိန်ခွင်ပေါင်ရဲ့အပေါ်က
လျှာမှာ ရောက်နေတယ်၊ သီးခြားကင်းလွတ်နေတယ်၊

အဲဒီလိုပဲ …

ဗေဒင်မှန်ခြင်းဟာလည်း
တွက်ကိန်းတွေထဲမှာလည်း မရှိဘူး၊
ပြက္ခဒိန်တွေထဲမှာလည်း မရှိဘူး …။
အဲဒီအရာတွေနဲ့ ကင်းလွတ်နေတယ် …။

ဒါကြောင့် …

ဘယ်နည်းနဲ့တွက်မှ မှန်တယ် …
ဘယ်ပြက္ခဒိန်နဲ့တွက်မှ မှန်တယ် … ဆိုတဲ့
စကားတွေလာပြောရင် နားပိတ်ထားဖို့မှအပ
ဘာလုပ်စရာရှိလို့လဲ …။

# ဗေဒင်တွက်နည်းတွေကများတယ်

`၂၀၀ ...' ဆိုတဲ့ ကိန်းဂဏန်းတစ်ခုကိုရဖို့ ဘာလုပ်ရမလဲလို့မေးရင် ...
    ၁၀၀ နဲ့ ၁၀၀ ကိုပေါင်းလိုက်ပေါ့ ... လို့ ပုံသေမပြောပါနဲ့ ...။
    ၁၉၉ နဲ့ ၁ ပေါင်းရင်လည်း ၂၀၀ ရပါတယ်၊
    ၁၁၀ နဲ့ ၉၀ ပေါင်းရင်လည်း ၂၀၀ ရပါတယ်၊
    ၁၃၆ နဲ့ ၆၄ ပေါင်းရင်လည်း ၂၀၀ ရပါတယ်၊
၂၀၀ ရမယ့်နည်းလမ်းတွေ အများကြီးပါ၊

ဒီလိုပါပဲ ... ဗေဒင်ဟောတာ မှန်ချင်တယ်
    ဘယ်နည်းကို လိုက်စားရမလဲလို့
    မမေးပါနဲ့ ...။
    ဘယ်ဟာနဲ့တွက်မှ မှန်တယ်လို့ မပြောပါနဲ့ ...
    မှန်တဲ့နည်းတွေ အမြောက်အများရှိပါတယ်၊

အဲဒီထဲက သင်ကြိုက်ရာနည်း(၁)နည်းကို ယုံယုံကြည်ကြည်သုံးလိုက်ရုံပါပဲ ...။

# ငြင်းခုန်ခြင်း

**ဒီမှာမိတ်ဆွေ .....**

လောကကြီးမှာ ငြင်းခုန်စရာ ရယ်လို့
ဘာမှမရှိဘူး ....၊ လိုက်လျော ညီညွတ်ဖို့ပဲ လိုတယ် ....၊
အမှန်နဲ့ အမှားဆိုတာလဲ (၂)ခု မဟုတ်ဘူး၊
တစ်ခုတည်းသော အရာရဲ့ ဟိုဘက် ဒီဘက်
မျက်နှာစာတွေဖြစ်တယ် ....၊

**အဲဒီလိုပဲ .....**

အကောင်းအဆိုး၊ အမှာအပျော့၊ အမြင့်အနိမ့်၊ အလှအပနဲ့ အကျည်းတန်တဲ့အရာ ရယ်လို့(၂)ခုလုပ်ပြီး ပြောနေကြပေမယ့် တကယ်က (၂)ခုမဟုတ်ဘူး၊ တစ်ခုတည်းရဲ့အခြေအနေ မတူမှုတွေဖြစ်တယ်၊ အပူအအေးတိုင်းတဲ့ ပြဒါးတိုင်ကို တွေ့ဖူးတယ်မဟုတ်လား၊ အပူတိုင်းတဲ့ ပြဒါးတိုင်ကတစ်ခု၊ အအေးတိုင်းတဲ့ ပြဒါးတိုင်တစ်ခုဆိုပြီး (၂)ခု ဆောင်ထားရတာမျိုးမဟုတ်ဘူး၊ ဒီပြဒါးတိုင်တစ်ခုထဲကပဲ အပူကိုပြတယ် ... ဒီတစ်ခုထဲကပဲ အအေးကို ပြတယ် ... ဘယ်မှာလဲ ... (၂)ခု ....၊

**ဒါကြောင့် .....**

လှတယ်လို့ ပြောတဲ့လူကို အကျည်းတန်တဲ့ဘက်က ငြင်းခုန်ရန်အကြောင်းမရှိပါဘူး၊ မြင့်တယ်လို့ ပြောတဲ့လူကို နိမ့်တဲ့ဘက်က ငြင်းဖို့လဲ မရှိပါဘူး၊ ဒီအရာတွေဟာ တကယ်ရှိတဲ့အရာတွေ မဟုတ်ဘူး၊ နှိုင်းဆမှုနဲ့ ပြောနေရတာ ....၊

**အဲဒီလိုပါပဲ .....**

သင့်ကို ကော်သဖေဒင်သင်ပေးလိုက်တာဟာ
ငြင်းခုန်ဖို့ မဟုတ်ဘူး ....၊
ကြိုက်တဲ့လူက ချီးမွမ်းလိမ့်မယ် ...
မကြိုက်တဲ့လူက ကဲ့ရဲ့လိမ့်မယ် ...
ချီးမွမ်းတဲ့လူရော ကဲ့ရဲ့တဲ့လူရော
(၂)ယောက်စလုံးမှားတယ် ....၊

**သင်ကမူ ...**

အဲဒီအရာ (၂)ခုနဲ့ လွတ်အောင်နေပြီး
ကော်သကို ပိပိသသ အသုံးချစမ်းပါ၊
ဘာဖြစ်လို့ ငြင်းနေရမှာလဲ .....၊ ၊

# နည်းမဟုတ်တဲ့နည်း

ဖောက်ပြီးထားမှ လမ်းလို့ခေါ်တာမဟုတ်ဘူး၊

ဖောက်မထားပေမယ့် လျှောက်သွားလို့ရတဲ့အရာကိုလည်း

လမ်းလို့ခေါ်တယ် ...

ဒါပေမယ့် ...

ဖောက်ထားတဲ့လမ်းကမသွားဘဲ

လျှောက်သွားလို့ရတဲ့နေရာက သွားရင်တော့

အဲဒီလမ်းကို လမ်းမဟုတ်တဲ့လမ်းလို့ ပြောရမှာပဲ၊

ကော်သပညာ ဟာလည်း

အရင့်အရင် ဖောက်ပြီးသားလမ်းဟောင်းမဟုတ်ပါဘူး၊

လမ်းမဟုတ်တဲ့လမ်းပါ ...၊

'နည်း' လို့ ပြောရင်လဲ ...

'နည်းမဟုတ်တဲ့နည်း' ပါ ...၊

အင်္ဂလိပ်စကားတတ်တဲ့လူတွေက အဲဒါကိုပဲ

"Way Without Way" လို့ ပြောကြတယ်မဟုတ်လား၊

ခင်းသိန်

# ကောံသဗျာကရဏ ဗေဒင်ပညာရှင်တို့၏ အဘိဓမ္မာ

၁။ ဗေဒင်မှန်ခြင်းသည် ခက်ခဲသော တွက်ကိန်းများနှင့် ဗေဒင်ကျမ်းစာအုပ်များ၏ အပြင်ဘက်၌သာ ရှိသည်၊

၂။ ဗေဒင်မှန်ခြင်းသည် ရှည်လျားခက်ခဲသော တွက်ကိန်းများနှင့် ကျမ်းစာအုပ်ပေါ်မှ မှီတွယ်၍ နေခြင်း မဟုတ်ပေ၊

၃။ ဗေဒင်မှန်ခြင်းသည် ဟောသူ၏ စိတ်နှလုံးမှ တိုက်ရိုက်ထိုးဖောက် ထွက်ပေါ်လာခြင်းသာ ဖြစ်သည်၊

၄။ ဗေဒင်မှန်ခြင်းသည် ဗေဒင်ဟူသော အရာ၏ ပင်ကိုယ်သဘာဝနှင့် ဗေဒင်ဟောသူ၏ ပင်ကိုယ်သဘာဝကို ရှုမြင် သဘောပေါက်ခြင်းသာလျှင် ဖြစ်၏၊

# ကော်သဗျာကရဏမှာတမ်း

အလွန်အင်မတန် လွယ်ကူသည့် မိမိကိုယ်ပိုင်တွက်နည်း ဟောနည်းကလေးကို မြတ်နိုးပါ။

အလွန်အင်မတန် လွယ်ကူသည့် မိမိကိုယ်ပိုင်တွက်နည်း ဟောနည်းကလေးကို မြတ်နိုးပါ။ တွက်ချက်ရခက်သော ကိန်းကြီးခန်းကြီးများ၊ အခြားခြားသော ဗေဒင်ရိယာမများ၊ အဆိုအမိန့်များ၊ တွက်ချက်ရခက်သော ကိန်းကြီးခန်းကြီးများ၊ အခြားခြားသော ဗေဒင်ရိယာမများ၊ အဆိုအမိန့်များ၊ ကျမ်းကြီးပေကြီးများအတွင်း၌ သင်၏ ဗေဒင်ဆရာဘဝကို အကျဉ်းချုံးမထားပါနှင့် (အစဉ်လွတ်မြောက်နေပါစေ၊ မိမိရရှိထားသော လွယ်ကူသည့်နည်း၊ ဟောနည်းကလေးများသာ အမှန်ဖြစ်သည်ဟု ခိုင်ခိုင်မာမာ ယူဆထားပါ၊)

အို ...... ချစ်စွာသော မိတ်ဆွေ –

အဟောမှန်ခြင်းကို သင်သည် နှောင်ဖွဲ့၍ မထားနိုင်၊ ထားရန်လည်း နေရာမရှိ၊ သင်မမွေးဖွားမီကပင် ထိုအရာသည် ရှိခဲ့ပြီးဖြစ်၏၊ အဟောမှန်ခြင်းသည် ရှည်လျားရှုပ်ထွေးသော တွက်ကိန်းများ၌လည်းမရှိ၊ ညိုကိန်း၊ ကောက်ကိန်းများ၌မရှိ၊ ဂြိုဟ်သွားပြက္ခဒိန်များ၌လည်း မရှိ၊

အို ........ ချစ်စွာသော ကော်သမိတ်ဆွေ –

ရှုပ်ထွေးသော တွက်ကိန်းများကို အသုံးပြုမှ ဗေဒင်ကို မှန်အောင်ဟောနိုင်မည်ဟူသော အယူအဆတို့ကို "<u>အတွက်</u>" ဆရာများထံ၌လည်းကောင်း၊ မည်သည့် ကိန်းကိုမျှ အသုံးမပြုဘဲ ပါးစပ်ထဲ၌ တွေ့ကရာ လျှောက်ပြောလျှင်လည်း မှန်ပါသည်ဆိုသည့် အယူအဆကို "<u>တွက်ကိန်းမဲ့</u>" ဆရာများထံ၌ လည်းကောင်း အကြင်နာမဲ့စွာ ထားပစ်ခဲ့ပါ၊

သင်ကမူ ... မိမိနားလည်ထားသော လွယ်ကူသည့် တွက်ကိန်းဟောကိန်းနှင့် အတွေ့အကြုံ အစုအပုံထဲမှ ဗေဒင်မှန်ရခြင်း၏ ရတနာကို မြတ်နိုးစွာ သိမ်းဆည်းထားပါလော့၊

ခင်းသိန်

“နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ”

# ကေသ ပညာပေးခြင်း

ကေသဆရာသည် တစ်စုံတစ်ယောက်အား ထိုပညာကို သင်ကြားပေးလိုပါက သူ၏ဆရာထံတွင် ရှေးဦးစွာ အသိပေး ခွင့်ပန်ကြားရမည်။ ဤသို့ အသိပေးခွင့်ပန်ကြားခြင်း မပြုဘဲ ပညာသင်ကြားပေးခြင်း မပြုရပေ။

ဆရာထံမှ ခွင့်ရရှိလျှင် တပည့်အား ပညာသင်ကြားပေးခွင့်ရှိ၏။ မည်သည့်လမဆို လဆန်း (၁) ရက်၊ (၃) ရက်၊ (၅) ရက်၊ (၇) ရက်၊ (၉) ရက်၊ (၁၁) ရက်၊ (၁၃) ရက်၊ လပြည့်နေ့နံနက် (၉) နာရီတွင် စတင်၍ သင်ကြားပေးရမည် ဖြစ်၏။ ဖြစ်နိုင်လျှင် (၉) နာရီအတွင်း သင်ကြားပေးရမည် ဖြစ်၏။

ပညာသင်ကြားပေးရာတွင် ပထမဦးဆုံးနေ့၌ လက်ဖက်အသားချည်း (၁) ပန်းကန်၊ ရေတစ်ခွက်၊ သစ္စာပန်း (၁) ပွင့်၊ သပြေပန်း (၁) ညွန့်၊ ဖယောင်းတိုင် (၁) တိုင်၊ အမွှေးတိုင် (၁) တိုင်ဖြင့် တန်ခိုးကြီးဘုရားတွင် (တန်ခိုးကြီးဘုရား ဆိုသည်မှာ နှစ်တစ်ထောင်ကျော်သော ဘုရားကို ဆိုလိုသည်။) ဆရာတပည့် (၂) ဦးစလုံး သစ္စာပြု၍ သင်ကြားပေးရမည်။ ကေသ သင်္ကေတ (၁၆) မျိုးကို ထိုသစ္စာဆိုသော ဘုရားတွင်ပင် အပြီးသင်ကြားပေးရမည်။

ပညာသင်သည့်နေ့မှစ၍ တတ်မြောက်သည့်နေ့အထိ ဆရာရောတပည့်ပါ သတ်သတ်လွတ် စားရမည်။ ပထမနေ့တွင် တန်ခိုးကြီးဘုရား၌ သစ္စာပြုပြီး သင်ကြားပေးရသော်လည်း ကျန်နေ့ရက်များတွင် အဆင်ပြေရာနေရာ၌ သင်ကြားပေးခွင့် ရှိသည်။

ပညာသင်ကြားခြင်းကို ကိစ္စပြီးမြောက်သောနေ့တွင် ဆရာရောတပည့်ပါ ထိုဘုရား၌ ဆုံတွေ့၍ အဓိဋ္ဌာန် ထွက်ရမည်။ ဆရာလုပ်သူက တပည့်လုပ်သူအား ထိုဘုရား၌ပင် ကောင်းချီးပေးရမည်။

ဆရာလုပ်သူသည် တပည့်ဖြစ်သူအား ပညာသင်သည့် ပထနေ့တွင် **အရဟံသိဒ္ဓိ** ပုတီး(၉)ပတ်စိပ်ခိုင်းရမည်။ဒုတိယနေ့တွင် (၁၀)ပတ်စိပ်ခိုင်းရမည်။ တတိယနေ့တွင် (၁၁)ပတ်စိပ်ခိုင်းရမည်။ ဤသို့လျှင် တစ်နေ့လျှင် (၁)ပတ် တိုးသွားရမည်။

ပညာတတ်မြောက်၍ လူ (၁၀၈) ယောက် ဟောနေသော ကာလတွင် **လောကဝိဒူ** ကို တစ်နေ့လျှင် ပုတီး (၉) ပတ်စိပ်ခိုင်းရမည်။

# ဇေကံသဗျာကရဏဗေဒ

ကျွန်ုပ်တို့အဖွဲ့ဝင်များ၏ လက်နက်သဖွယ် အားကိုးအားထားပြုနေသော ဇကံသပညာကို တစ်ချို့က ကြားဖူး နားဝမျှဖြင့် "နပိုလီယန်" ဟောကိန်းဟု ထင်မှတ်ကြ၏။

အချို့ကလည်း "ခဲတံနဲ့ တွန့်ချင်ရာတွန့်ပြီး ပြောချင်ရာပြောတာပါ" ဟု ပုတ်ခတ်ပြောဆိုခဲ့ကြ၏။ အမှန်စင်စစ် ဤပညာ၏ လေးနက်ပုံ၊ ထိုပညာ၏ မှန်ကန်တိကျပုံ၊ ထိုပညာ၏ ကြီးမားသော အစောင့်အရှောက် (INVISIBLE - HELPER (or) GUIDENCE) များရှိနေပုံကို အပြင်လူတို့ သိနိုင်ဖို့ မလွယ်ကူပါ။

ဤပညာသည် ဗေဒင်ပညာရိုးရိုးမဟုတ်ပေ။ OCCULTISM "ဩကာတစ်ဇင်း" ခေါ် လောကီပညာ၏ ဓာတ်သဘောများ စွမ်းအားများ ပါဝင်နေပေသည်။

ဤပညာကို ရှေးနှစ်ထောင်ပေါင်းများစွာက 'အဲဂုတ္တ' ခေါ် အီဂျစ်နိုင်ငံ၌ လောကီရပ် ဝိဇ္ဇာများ အသုံးပြုခဲ့ကြ၏။ အသုံးပြုခဲ့သော လောကီရပ်ဝိဇ္ဇာများမှာ အီဂျစ်နိုင်ငံသို့ 'မိုးဆက်' နှင့်အတူတကွ ထွက်ပြေး လာကြသည်ဆိုသော 'ဟေဗြဲ' ခေါ် 'ဟီးဗရူး' ခေါ် ဣသရေလ ခေါ် အစ္စရေးလ် (ဂျူး) များ ဖြစ်ကြကုန်၏။ ထိုပညာကို ကျွန်ုပ်က ကျွန်ုပ်၏ တပည့်များ မှတ်ရလွယ်ကူစိမ့်သောငှာ . . .

"ဇေကံသဗျာကရဏ ဗေဒပညာ"

. . . ဟု အမည်ကင်ပွန်း တပ်ခဲ့ခြင်းဖြစ်၏။

သို့ရာတွင် ဤပညာအား အနောက်နိုင်ငံရှိ "ဩကာတစ်" ခေါ် လောကီ ပညာရှင်များက GEOMANITIC HOROSCOPE ဟုခေါ်ကြ၏။ GEO ဆိုသော အင်္ဂလိပ်စကား၏ အနက်မှာ ပထဝီမြေကြီး သို့မဟုတ် သဲပွင့်ဟု အဓိပ္ပာယ် ရပေသည်။ ထို့ကြောင့် "ဝါဠုကဇာတက" သို့မဟုတ် သဲဇာတာဟု ပြန်ဆိုလျှင်လည်း ရနိုင်၏။ ပထဝီ ဇာတာ ဟု ခေါ်ဆိုလိုကလည်း ခေါ်နိုင်၏။

သို့ရာတွင် မြန်မာနိုင်ငံ၌ ဤပညာကို ရှေးကလည်း အသုံးပြုခဲ့ခြင်းမရှိခဲ့၊ ယခုလည်း ကျွန်ုပ်တို့မှတပါး အခြားဆရာတို့ကလည်း အသုံးမပြုကြဘဲရှိကြရာ မြန်မာပြည်အနေနှင့် ဆိုရပါမူ ဤပညာအား ရှေးဦးစွာ အသုံးပြုသူမှာ ကျွန်ုပ်တစ်ဦးတည်းသာ ရှိခဲ့ပြီး၊ နောင်တွင် ကျွန်ုပ်၏ တပည့်များက လိုက်လံသုံးစွဲသောကြောင့် ကျွန်ုပ်၏ မူပိုင်ပညာဟုပင် ဆိုရန် ရှိပေတော့၏။

ထို့ကြောင့် ကျွန်ုပ်ပေးထားသော "ဇေကံသဗျာကရဏဗေဒ" ဟူသော အမည်နှင့်ပင် လူသိများ နေပြီးဖြစ်ရာ ဤပညာအား အခြားအမည်သစ်ပေးရန် လိုအပ်ခြင်း မရှိတော့ပေ။ အချို့သော တပည့်များသည် ကျွန်ုပ်ပေါ်၌ သစ္စာဖောက်၍ ဤပညာကို ယူသွားပြီး အခြား အမည်ပေးသော်လည်း မှန်ကန်ခြင်း မရှိသဖြင့် ဤပညာနှင့် ဤအမည်သည် "ဓာတ်စွဲ" နေပြီ ဖြစ်ကြောင်း သိအပ်ပေသည်။

GEOMANTIC ဆိုသော စကားကို လန်ဒန်ထုတ် စွယ်စုံကျော်ထင် အဘိဓါန် တစ်စောင်က ဤသို့ ဖွင့်ဆိုထား၏။

GEOMANCY = Divination from figure given by handful of dust thrown down, and hence from figure given by dots made at random GEOMANCER (N) GEOMANTIC (adj)

. . . မြေလက်တစ်ဆုပ်ကို အောက်သို့ပစ်ချ၍ ပုံပြီး ထိုမြေပေါ်တွင် အစက်ကလေးများ အမှတ်မဲ့ ပြုလုပ်ပြီး ပေါ်ပေါက်လာသော သင်္ကေတကို အဟောထုတ်ရသော ဗေဒင်ပညာ. . . ဟု အနက်ဖွင့်ဆိုထား၏။ အင်္ဂလန်မှ ဗေဒကဝိကြီး အလန်လီယိုကလည်း ဤပညာအကြောင်းကို ရေးသားဖူးပါသည်။

ဤပညာကား တိမ်မယောင်နှင့် နက်၏။ အနှစ်မဲ့မလိုနှင့် အနှစ်အပြည့်ရှိနေ၏။ လောကီသူ၏ ကျမ်းတစ်စောင်၌ ပြည့်ပြည့်စုံစုံ ဖော်ပြ ရေးသားဖူးပါသည်။ ဗေဒင်ဟောရုံ သက်သက်မျှ ပညာ၏ သဲလွန်စအားလုံး ဤပညာ၌ သိုဝှက်ထားသကဲ့သို့ရှိ၏။ ဤအတတ်ကို တတ်အပ်၏ဟု မဟုတ်. . . ထွက်ရပ်လမ်းသို့ မြန်းချင်သော ဝိဇ္ဇာထိုရ်လောင်းသည် ဤအတတ်ကို တတ်အပ်၏ဟု ဆိုချင်သည်။

ဤပညာသည် စုံ၊ မ သင်္ကေတပေါ်တွင် အခြေခံထားခြင်းဖြစ်၏။ တရုတ်တို့၏ ရှေးဟောင်း ယီဂျင်းပညာနှင့် ခပ်ဆင်ဆင်တူ၏။ ယီဂျင်းပညာမှာ ပါတ်ကွာခေါ် စုံ၊ မ တုတ်ချောင်းများပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်၏။ ထိုယီဂျင်းပညာ၌ စုံ၊ မ အတန်းခြောက်တန်း ပြုလုပ်ရ၏။ ဂေါ်သ ပညာမှာ လေးတန်းသာ ပြုလုပ်ရ၏။

ကျွန်ုပ်သည် ဤပညာကို ၁၉၇၅ ခုနှစ်တွင် အဓိဋ္ဌာန်ကြီးများစွာ ပြုလုပ်၍ တည်ထွင်ခဲ့၏။ ကျွန်ုပ်၏ ပထမဆုံးတပည့်မှာ ဘုန်းကြွယ် (ခေါ်) ဆရာကျော်စိုးဟန် (ကွယ်လွန်) ဖြစ်၏။ ကျွန်ုပ်သည် ထိုပညာအား ဆရာကျော်စိုးဟန်အပါအဝင် လူခုနှစ်ဦးနှင့် ဘုန်းကြီးတစ်ပါးကို သင်ကြားခဲ့၏။

ဤပညာတစ်ခုတည်းဖြင့် ဗေဒင်ဟောပြော၍ရ၏။ အိမ်ဆောက်၊ ကျောင်းဆောက် အခါပေး၍ ရ၏။ ယတြာချေ၍ရ၏။ ဓာတ်ရိုက်ဓာတ်ဆင် ပြု၍ရ၏။ အဓိဋ္ဌာန်ဝင်ရန်၊ ပုတီးစိပ်ရန် အတွက် လမ်းညွှန်ချက် တောင်း၍ရ၏။ ဤပညာကို အသုံးပြု၍ ဗေဒင်ဆရာ၊ ဆရာမကြီးများ ဖြစ်ကုန်သူများစွာရှိ၏။ ထိုပညာ တစ်ခုတည်းနှင့်ပင် အိမ်ဆောက်၊ ကားစီးနိုင်သူများရှိ၏။ ဤသို့ ဖြစ်ရခြင်းမှာ ဤပညာ၏ မှန်ကန်နှုန်းများခြင်းကြောင့်ဖြစ်ကြောင်း ထင်ရှား၏။ နှစ်စဉ်နှစ်တိုင်း ဤပညာရိပ်ကို ခိုလှုံသော ဆရာ၊ ဆရာများသည် ရန်ကုန်မြို့ ရေကျော်ရပ်ကွက်ရှိ ရွှေဘုန်းပွင့်ဘုရား၌ တန်ဆောင်မုန်းလ၏ အဖိတ်နေ့တိုင်း ဤပညာ၏ အထိမ်းအမှတ် ပွဲတော်ကြီးကို ခမ်းနား သိုက်မြိုက်စွာ ကျင်းပခဲ့ကြ၏။

ဤပညာသည် သင်ယူရန် လွယ်ကူ၏။ သို့ရာတွင် အစွမ်းထက်ရန်မှာ ဤပညာယူစဉ် ပြုခဲ့သော သစ္စာကိုစောင့်ထိန်းခြင်းသည် အရေးကြီးဆုံးအချက် ဖြစ်၏။

ထို့အတူ ပုတီးစိပ်ခြင်း၊ သက်သတ်လွတ်စားခြင်းစသော သမထ ယာနိက အလုပ်များသည် ဤပညာအား အရောင်တလက်လက် ထွက်စေသော အရာများဖြစ်ကြောင်း သတိပြုအပ် သတည်း။

# ဂေါ်သ သင်္ကေတ (၁၆)မျိုး

| | | |
|---|---|---|
| ၁ | •<br>•<br>•<br>• | တနင်္ဂနွေအကောင်း +<br>ဝိဇ္ဇာထိုရ်ယောက်ျားတံဆိပ် |
| ၂ | ••<br>•<br>••<br>• | တနင်္လာ အဆိုး -<br>မယ်တော်ကြီး တံဆိပ် |
| ၃ | •<br>••<br>•<br>• | အင်္ဂါ အကောင်း +<br>ဘုရင်မ တံဆိပ် |
| ၄ | ••<br>•<br>•<br>•• | ဗုဒ္ဓဟူး အဆိုး -<br>ဘုရင်တံဆိပ် |
| ၅ | ••<br>••<br>••<br>• | ကြာသပတေးအကောင်း+<br>ဘုန်းကြီးတံဆိပ် |
| ၆ | ••<br>•<br>••<br>•• | သောကြာ အဆိုး -<br>သမီးရည်းစား တံဆိပ် |
| ၇ | ••<br>•<br>•<br>• | စနေအကောင်း +<br>စစ်ရထားတံဆိပ် |
| ၈ | ••<br>••<br>•<br>• | ရာဟုအဆိုး -<br>ခြင်္သေ့ဖမ်းသောမိန်းမတံဆိပ် |
| ၉ | •<br>•<br>••<br>•• | ကိတ်အကောင်း +<br>ရသေ့ဘကွန်းတံဆိပ် |
| ၁၀ | •<br>•<br>•<br>•• | တနင်္ဂနွေ အဆိုး -<br>ကံကြမ္မာလှည်းဘီး တံဆိပ် |
| ၁၁ | ••<br>••<br>•<br>•• | တနင်္လာ အကောင်း +<br>မနုစာရီ တံဆိပ် |
| ၁၂ | •<br>••<br>••<br>•• | အင်္ဂါ အဆိုး -<br>လူဖောက်ထိုး တံဆိပ် |
| ၁၃ | •<br>••<br>••<br>• | ဗုဒ္ဓဟူး အကောင်း +<br>သေမင်း တံဆိပ် |
| ၁၄ | •<br>•<br>••<br>• | ကြာသပတေး အဆိုး -<br>ရေအိုးနှစ်လုံးတံဆိပ် |
| ၁၅ | •<br>••<br>•<br>•• | သောကြာ အကောင်း +<br>တစ္ဆေ တံဆိပ် |
| ၁၆ | ••<br>••<br>••<br>•• | စနေ အဆိုး -<br>မျှော်စင် တံဆိပ် |

# ကော်သ အဟောပရိယာယ်

(၁)



**တနင်္ဂနွေအကောင်း**

**ဝိရူပါထိုရ် ယောကျ်ား တဲရော့တံဆိပ်**

အကြီးအကဲ၊ ဥက္ကဋ္ဌ၊ အဖေ၊ အိုးအိမ်၊ အင်းချုပ်၊ အလုပ်အကိုင်၊ အိမ်ထောင်ရေး၊ ဦးခေါင်း၊ ဦးစီးခေါင်းဆောင်၊ အလုပ်၊ အိမ်နေရာသစ် ဖြစ်ပေါ်မှု၊ အကြီးအကဲ အကူအညီ၊ အကြံအစည်အောင်မြင် စသည့် အ၊ ဥ၊ ဧ၊ ဩ၊ အက္ခရာအားလုံးကို အကောင်းဟောရမယ်။ ဒူး၊ နား၊ နှာခေါင်း၊ စနေနံ၊ ကျန်းမာရေးအညံ့ဟော၊

(၂)



**တနင်္လာအဆိုး**

**မယ်တော်ကြီး တဲရော့တံဆိပ်**

ငွေ၊ မင်္ဂလာ၊ ခြေနှစ်ချောင်း၊ အချစ်ရေး၊ မိခင်၊ ခွေး၊ ကြောင်၊ ကြက်၊ ကား၊ နှစ်ကြိမ်နှစ်ခါ လုပ်ရခြင်း၊ ခရီးနှစ်ဆင့်ပေါ်ခြင်း စသည့် က၊ ခ၊ ဂ၊ ဃ၊ င အက္ခရာအားလုံး အဆိုးဟောရမည်။ ခါး၊ ခေါင်း၊ ခြေ၊ မိခင် ကျန်းမာရေးညံ့ဟော၊

(၃)



**အင်္ဂါအကောင်း**

**ဘုရင်မ တဲရော့တံဆိပ်**

လင်ယောကျ်ား၊ စက်၊ စပ်တူ၊ စာချုပ်၊ ဆိုင်၊ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ စစ်ဘက်၊ စာအုပ် စသော စ၊ ဆ၊ ဇ၊ ဈ၊ ည အက္ခရာအားလုံး အကောင်းဟောရမည်။ နံပါတ် (၁၄)ကိုမှီ၍ အုန်းရည်၊ အရက်၊ အာလူး ရှောင်ရမည်။ ရင်၊ ဝမ်း ဒုက္ခ ပေးတတ်သည်။

(၄)



**ဗုဒ္ဓဟူးအဆိုး**

**ဘုရင် တဲရော့တံဆိပ်**

လူငယ်၊ သားသမီး၊ ရုပ်တု၊ ရုပ်ရှင်၊ ရွှေ၊ လှေ၊ လှည်း၊ လူ၊ လမ်း၊ ဝက်၊ လူပြစား ခံရခြင်း၊ လူယုံဒုက္ခပေး၊ လူဝင်မတော်၊ လက်အောက်ငယ်သားကြောင့် စိတ်ညစ်၊ အရေပြားယားယံ၊ ဝမ်းပျက်၊ လေရောဂါစသော ယ၊ ရ၊ လ၊ ဝ အက္ခရာအားလုံး ကို အဆိုးဟောရမည်။

(၅) 

**ကြာသပတေး အကောင်း**

**ဘုန်းကြီး တဲရော့တံဆိပ်**

ဆရာ၊ မိတ်ဆွေ၊ ဘုန်းကြီး၊ ပညာ၊ အမွေ၊ မြေ၊ ဖုန်း၊ အမျိုးသမီး၊ ဘာသာရေး၊ ပွဲလမ်းသဘင် စသော ပ၊ ဖ၊ ဗ၊ မ အက္ခရာအားလုံး အကောင်းဟောရမည်။ ပြောင်းပြန်နံပါတ် (၁၂)ကိုမှီ၍ အကြော၊ ဦးခေါင်း၊ စက်၊ ဆီး၊ မျက်စိ၊ အစာအိမ် အဆိုးဟောရမည်။

(၆) 

**သောကြာ အဆိုး**

**သမီးရည်းစား တဲရော့တံဆိပ်**

မယား၊ ရေချိုးခန်း၊ အိမ်သာ၊ သွေးထွက်သံယို၊ ခရီး၊ မိကြီးမိထွေး၊ သွေး၊ ရာသီသွေး၊ သုတ်သွေး စသော သ၊ ဟ အက္ခရာအားလုံး အဆိုးဟောရမည်။ ပြောင်းပြန်နံပါတ် (၁၁)ကိုမှီ၍ လုပ်ငန်းသစ်အောင်မြင်၊ အကြီးအကဲများက ကူညီ။ အလုပ်နှစ်ခုတွဲပြီးအောင်မြင်၊ အိမ်ထောင်ကျ စသည်တို့အကောင်းဟော။

(၇) 

**စနေ အကောင်း**

**စစ်ရထား တဲရော့တံဆိပ်**

ရာထူးတက်၊ အမှုနိုင်၊ ကိုယ်ဝန်ဆောင် ကောင်းစွာမီးဖွား၊ အခြွေအရံအကျိုးပေး၊ နိုင်ငံခြားခရီးအောင်မြင်၊ လူမျိုးခြား၊ ဘာသာခြားတို့က ကူညီ။ အထည်၊ ထီး၊ ဖိနပ်၊ ခါတ်ပုံ၊ လျှပ်စစ်ပစ္စည်း . . . စသော တ၊ ထ၊ ဒ၊ ဓ၊ န စနေနံအားလုံး အကောင်းဟော။ ပြောင်းပြန်နံပါတ် (၁၀)ကိုမှီ၍ အိမ်ပတ်ဝန်းကျင် မီးလျှပ်စစ် အပူကြုံ။ အနက်ရောင်ပစ္စည်းဝင်လျှင် အမှုဖြစ်။ ဦးကျောက်၊ အိမ်ထောင်ရေး အဆိုးဟော။

(၈) 

**ရာဟု အဆိုး**

**ခြသေ့်ဖမ်းသောမိန်းမ တဲရော့တံဆိပ်**

အမှုဟောင်း၊ အနာဟောင်း၊ ကြွေးဟောင်းပေါ်၊ ရိုးရာမှား၊ ရိုးရာနှောင့်ယှက်၊ ရေကြောင်း၊ သူတစ်ပါးစွပ်စွဲ၊ ရေချိုးမှား၊ လေအောင့်လေနာ၊ ရင်ဘတ် စသော ယ၊ ရ ရာဟုနံများ အဆိုးဟော။ ပြောင်းပြန်နံပါတ် (၉)ကိုမှီ၍ မမျှော်လင့်သော အကြီးအကဲ၏ အကူအညီရ။ ဘာသာရေးကိစ္စအောင်မြင်။ ဘုရားကြွလာတတ်။

၉ 

**တိတ် အကောင်း**

**ရသေ့ဘကွန်း တဲရော့တံဆိပ်**

ဘာသာရေးကိုးကွယ်မှု၊ ရဟန်း၊ ဘုရား၊ ဘိုးတော်ပုံ၊ မယ်တော်ပုံ၊ ဆရာကောင်း သမားကောင်း၊ ဝန်ထမ်း၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တို့၏အကူအညီရ စသည်တို့ကို အကောင်းဟောရမည်။ ပြောင်းပြန်နံပါတ် (၈)ကိုမှီ၍ လုပ်ငန်းခွင် အနှောင့်အယှက်ရှိ။ ပြုစားခံရတတ်။ စွပ်စွဲခံရတတ်။ အမှုဟောင်း၊ အနာဟောင်းပေါ်တတ်။

၁၀ 

**တနင်္ဂနွေ အဆိုး**

**တံကြမ္မာလှည်းဘီး တဲရော့တံဆိပ်**

အကြီးအကဲ၊ ဥက္ကဋ္ဌ၊ အိုးအိမ်၊ အင်းချပ်၊ အလုပ်အကိုင်၊ အိမ်ထောင်ရေး၊ နေရာ၊ ဦးခေါင်း . . . စသော အ၊ ဥ၊ ဧ၊ ဩ အက္ခရာ အဆိုးဟော။ ပြောင်းပြန်နံပါတ် (၇)ကိုမှီ၍ စနေနံ တ၊ ထ၊ ဒ၊ ဓ၊ န များ အကောင်းဟော။

၁၁ 

**တနင်္လာ အကောင်း**

**မနုစာရီ တဲရော့တံဆိပ်**

ငွေဝင်၊ မင်္ဂလာ၊ ခြေနှစ်ချောင်း၊ အချစ်ရေး၊ မိခင်၊ ခွေး၊ ကြောင်၊ ကား၊ ကျောက် စသော က၊ ခ၊ ဂ၊ ဃ၊ င တနင်္လာနံများ အကောင်းဟော။ ပြောင်းပြန်နံပါတ် (၆)ကိုမှီ၍ ခရီး၊ မယား၊ သွေး၊ သား၊ ဆွေမျိုး၊ သောကြာနံများ အဆိုးဟော။

၁၂ 

**အင်္ဂါ အဆိုး**

**လူဇောက်ထိုး တဲရော့တံဆိပ်**

လင်ယောကျ်ား၊ ညီအစ်ကိုမောင်နှမ၊ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ စက်၊ စပ်တူ၊ စာချုပ်၊ စစ်ဘက်၊ ဆေးဘက် စသော စ၊ ဆ၊ ဇ၊ ဈ၊ ည အက္ခရာအားလုံးအဆိုးဟော။ ပြောင်းပြန်နံပါတ် (၅)ကိုမှီ၍ ဘာသာရေး၊ ပညာရေး၊ မိတ်ဆွေ၊ မြေ၊ အမွေ၊ ဖုန်း ကြာသပတေးနံများ အကောင်းဟော။

(၁၃) 

**ဗုဒ္ဓဟူး အကောင်း**

**သေမင်း တဲရော့တံဆိပ်**

သားသမီး၊ လက်အောက်ငယ်သား၊ ရုပ်တု၊ ရွှေ၊ လှေ၊ လှည်း၊ ယာဉ်၊ လူ၊ ဝက် . . . စသော ယ၊ ရ၊ လ၊ ဝ အက္ခရာအားလုံး အကောင်းဟော။

---

(၁၄) 

**ကြာသပတေး အဆိုး**

**ရေအိုးနှစ်လုံး တဲရော့တံဆိပ်**

မိတ်ဆွေ၊ ပညာရေး၊ မြေ၊ အမွေ၊ ဖုန်း၊ အမျိုးသမီး၊ ပွဲလမ်းသဘင်၊ ဘာသာရေး၊ ဘုန်းကြီး . . . စသော ပ၊ ဖ၊ ဗ၊ ဘ၊ မ ကြာသပတေးနံအားလုံး အဆိုးဟော။ အိမ်ရောင်း၊ အရက်၊ အရုပ်၊ အာလူး စသည်များ အဆိုးဟော။ ပြောင်းပြန်နံပါတ် (၃)ကိုမှီ၍ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ စက်၊ စာချုပ်၊ စာအုပ် . . . စသော အင်္ဂါနံများ အကောင်းဟော . . .။

---

(၁၅) 

**သောကြာ အကောင်း**

**တစ္ဆေ၊ တဲရော့တံဆိပ်**

ခရီး၊ ဆွေမျိုး၊ သွေးသား၊ အသီးအနှံ၊ သစ်၊ သံ၊ သွပ်၊ ရေထွက်ကုန်၊ ရေကြောင်းခရီး၊ ဇနီးမယား . . . စသော သ၊ ဟ သောကြာနံများအားလုံး အကောင်းဟော။ ပြောင်းပြန်နံပါတ် (၂)ကိုမှီ၍ ငွေ၊ ကား၊ ကျောက်၊ မိခင်၊ မင်္ဂလာ၊ အချစ်ရေး . . . စသော တနင်္လာနံများ အဆိုးဟော။

---

(၁၆) 

**စနေ အဆိုး**

**မျှော်စင် တဲရော့တံဆိပ်**

သူခိုး၊ ကိုယ်ဝန်ဆောင်၊ အဆိပ်ရှိသော သတ္တဝါ၊ မင်းပြစ်မင်းဒဏ်၊ ရာထူးကျ၊ နတ်ပြိုးခြင်း၊ မီး၊ လျှပ်စစ်၊ ထိခိုက်မှု၊ နိုင်ငံခြား . . . စသော တ၊ ထ၊ ဒ၊ ဓ၊ န စနေနံအက္ခရာအားလုံး အဆိုးဟော။ ပြောင်းပြန်နံပါတ် (၁)ကိုမှီ၍ အကြီးအကဲ၊ အိမ်၊ နေရာ၊ အလုပ်၊ အဖ၊ အုပ်စု . . . စသော တနင်္ဂနွေနံများ အကောင်းဟော။

# ကေသတစ်ခုချင်း အဟောထုတ်ပုံ

ကေသပညာဖြင့် ဟောပြောရာ၌ တခါတရံ ဇာတာဖွဲ့၍ ဟောရန်အချိန်မရှိပါက သင်္ကေတ တစ်ခုကို အဟောတစ်ခုထုတ်ရသော ONE SYMBOL FOR ONE QUESTION နည်းကို အသုံးပြုရလေ၏။ မေးခွန်းတစ်ခု မေးတိုင်း ကေသသင်္ကေတ တစ်ခုဖြစ်အောင် လက်ဖြင့်ပြုလုပ်ခြင်း အတွန့်တွန့် (အစက်ချ) ရခြင်းလည်း ရှိ၏။ ထိုနည်းကို တစ်မေးတစ်တွန့် (O.S.O.Q) ဟု ခေါ်၏။

ဥဒါဟာရုံကား။

"ကျွန်တော်လျှောက်ထားတဲ့အလုပ် ရပ့ါမလား" ဟု မေးအံ့။ ထို မေးခွန်းအတွက် ကေသ သင်္ကေတသည် အောက်ပါအတိုင်းကျသည်ဆိုအံ့။



ထိုသင်္ကေတမှာ တနင်္ဂနွေဂြိုဟ်နှင့် သက်ဆိုင်၏။ တနင်္ဂနွေအ ကောင်း သင်္ကေတဖြစ်၏။

"မုချပင်လျှင် လျှောက်ထားသောအလုပ်ရမည်"

ဟု ဟောဆိုရန်ရှိပေသည်။ သို့ရာတွင် မေးသူက

"အဲဒီအလုပ်က ကျွန်တော့်အတွက် သင့်တော်တဲ့အလုပ် ဟုတ်ပါရဲ့လား" ဟု ထပ်မေးသည်ဖြစ်အံ့။

နောက်ထပ် ကေသ သင်္ကေတတစ်ခု ချရပြန်၏။ ထိုအခါတွင် အောက်ပါ သင်္ကေတကို ရအံ့။



ထိုသင်္ကေတမှာ သောကြာအကောင်း သင်္ကေတဖြစ်၏။

"အဲဒီအလုပ်ဟာ ခင်ဗျားနဲ့ သင့်တော်ပါတယ်။ အလုပ်မှာ မိန်းမတွေနဲ့ တွဲပြီး လုပ်ရလိမ့်မယ်" ဟု ဟောရ၏။

တစ်ဖန် ထိုမေးသူက . . .

"ကျွန်တော် အဲ့ဒီအလုပ်မှာ မြဲပါ့မလား" ဟု မေးပြန်၏။ ထိုအခါ ကေသ ဖော်ကြည့်ရပြန်၏။ ထိုသို့ဖော်ရာ အောက်ပါသင်္ကေတကို ရပြန်၏။



ထိုသင်္ကေတမှာ တနင်္လာအဆိုးသင်္ကေတဖြစ်သည်။

"ခင်ဗျားဟာ ဒီအလုပ်မှာ မကြာဘူး။ ခု အလုပ်က ခင်ဗျားအတွက် လမ်းပဲ။ အဝင်ပေါက်တံခါးလို ဖြစ်ပါတယ်။ ဒီအလုပ်ကနေ တခြားအလုပ်ကို ပြောင်းသွားရလိမ့်မယ်" ဟု သေချာပေါက် ဟောရ၏။

ဤသို့လျှင် မေးသမျှမေးခွန်းများကို ဂေါ်သသင်္ကေတချ၍ ဟောနိုင်၏။ မည်သည့်အကြောင်းအရာကို မေးမေး ဟောဆိုနိုင်သည်ချည်းဖြစ်၏။ ဂေါ်သချသောအခါ၌ "စိတ်လွတ် လက်လွတ်" ချတတ်ရန်သာ အရေးကြီး၏။ မှန်မှ မှန်ပါ့မလားဟု မတွေးလေနှင့်၊ မှန်၏။ သွေးတွက်အောင်မှန်၏။

"ဒါကလေး ဒီလိုတွန့်တာနဲ့ ဘာဖြစ်လို့ မှန်နေတာလဲ" ဟု မစဉ်းစားလေနှင့်၊ ဆံပင်ဖြူသွားမည်။ ဆံပင်တွေပြောင်သွားမည်။

ဂေါ်သသည် အတွက်အချက်နှင့် ရှုပ်ထွေးသော ဂဏန်းသင်္ချာများမပါ။ တွက်ကိန်းပေါ်၌ အာရုံပြုရသော စိတ်အလုပ်သည် ဤပညာ၌ မရှိ။ ဤအချက်သည် အဟောမှန်ရန်အတွက် ကြီးစွာအထောက်အကူပြုလေသည်။

ထို့ကြောင့် ကမ္ဘာကျော် ဗေဒင်ပညာရှင်ကြီး ဆက်ဖာရီယယ်က . . .

It has the advantage of being free from all complicated on intricate calculation and where the automatic or divinatory faculty is actively devel- opment it can be safely relied upon to give a true and speedy answer to all questions what so ever ...

အနက်မှာ . . . ဂေါ်သပညာ၌ ရှုပ်ထွေးသော တွက်ချက်မှုများမှ လွတ်မြောက်သော အကျိုးကျေးဇူးရရှိထားသည်ဖြစ်ရာ "စိတ်လွတ် ကိုယ်လွတ်" ဖြင့် သင်္ကေတကို ပြုလုပ်နိုင်ပြီဆိုပါက မေးသမျှသော မေးခွန်းတို့အား အမြန်ဆုံးနှင့် အမှန်ဆုံးဖြေဆိုနိုင်သည့် အားကိုးလောက်သော ပညာဖြစ်ပေ၏ဟု ဆိုထားပေသည်။

ထို့ကြောင့် ဂဏန်းတစ်လုံးမှ မပါဘဲ ဗေဒင်တွက်သည်ဆိုခြင်းမှာ ဟုတ်ပါ့မလား၊ မှန်နိုင်ပါ့မလားဟူ၍ မစဉ်းစားလေနှင့်။ ကောင်းစွာ ကျွမ်းကျင်သွားလျှင် "စိန်ခေါ်" ၍ ပြိုင်ဟောနိုင်သော ပညာဆန်းတစ်မျိုးဖြစ်၏။

အရာကများ၏။ သိသော ဤလောကသည် ကျယ်ဝန်း၏။ မိမိမသိသော အရာကများ၏။ သိသော အရာ၊ တွေးကြည့် စဉ်းစားကြည့်ရသောအရာမှာ မပြောပလောက်ပေ။

ထို့ကြောင့် "မတလုံးကျေ ဆရာတော် ခင်ကြီးဖျော်က . . .

အနန္တ စကြဝဠာ၊ အနန္တသတ္တဝါ၊ အနန္တသော ဉာဏ်နဲ့ ဉာဏ်ရင့်၊ အနန္တသော အစီအရင်၊ အနန္တသော ဝတ္ထု၊ အနန္တသော ဝတ္ထုတည်ရာ၊ အနန္တသောပစ္စည်း၊ အနန္တသော ပစ္စယုပ္ပန်၊ အနန္တသော လောက၊ အနန္တသော နေလ နက္ခတ် တာရာတို့သည် ပြွန်းကုန်၏။ ထို့ကြောင့် အနန္တဇိနဖြစ်သော ဘုရားသဗ္ဗညု ကိုထား၍ မည်သူအားမျှ တိုက်ရိုက်မုချဖြစ်သော . . . အကြောင်းတရား . . . အကျိုးတရား ဤကား အဘယ်ကြောင့်ဖြူသည်၊ ထိုကား အဘယ်ကြောင့်မဲသည် ဟူ၍ မဆိုကောင်း၊ မစဉ်းစားကောင်း၊ မပြောကောင်း၊ မိမိ မသိသော ဉာဏ်မမှီ သော အကြောင်း အနန္တ၊ အကျိုးလည်း အနန္တ ရှိနေကြောင်းကို သတိပေးတော်မူ၏။

ထို့ကြောင့် . . . "ဒီလိုတွန့်ရုံနဲ့ မှန်ပါ့မလား" ဟု မမေးလေနှင့်။ ထိုအတွန့် သည် စိတ်အလုပ်ဖြစ်သည်။ အနန္တပစ္စည်းဆက်များ ပါနေသည်။ အနန္တပစ္စယုပ္ပါန်များ ဖြစ်လာလိမ့်မည်။ လောကီပညာသည် အရာကျယ်၏။ ကျယ်သမျှကို လူသာမန်တို့ မသိနိုင်။ ထို့ကြောင့်လည်း ဆရာတော်ခင်ကြီးဖျော်က . . .

လောကီအတတ်ကို ဗဟိုရ များစေနှင့်ဟု ဆုံးမထား၏။

ခက်ခက်ခဲခဲတွက်ရမှ ဗေဒင်မှန်မည်ဟူသော အယူအဆမှာ ရှုးသွပ်သော သူ၏ အယူအဆဖြစ်၏။ ခက်ခြင်းနှင့် မှန်ခြင်းသည် ဆွေမျိုးမတော်ကြပေ။ မှန်ခြင်းသည် မနောအကြည်ရခြင်းသာလျှင် သက်ဆိုင်၏။

ထို့ကြောင့် ဇောတိသပညာကို မည်သူက မည်သို့ ရှုံ့ချသည်ဖြစ်စေ၊ သင်ကမူ မြတ်မြတ်နိုးနိုးဖြင့် ရင်ဝယ်သိမ်းဆည်းပါလော့ဟု စေတနာကောင်းဖြင့် တိုက်တွန်း လိုက်ရပါလေသတည်း။

# ဂေါံသ သင်္ကေတ နှင့် သက်ရောက်

၁



တနင်္ဂနွေအကောင်း

ဝိဇ္ဇာထိုရ်ယောက်ျား တဲရော့တံဆိပ်

| စနေ | ကြာသပတေး |
|---|---|
| ၁ | ၃ |
| ၇ | ၂ |
| ၆ | ၁ |
| ၅ | ၇ |
| ၄ | ၆ |
| ၃ | ၅ |
| ၂ | ၄ |

၂



တနင်္လာ အဆိုး

မယ်တော်ကြီး တဲရော့တံဆိပ်

| ဗုဒ္ဓဟူး | ကြာသပတေး |
|---|---|
| ၇ | ၃ |
| ၆ | ၂ |
| ၅ | ၁ |
| ၄ | ၇ |
| ၃ | ၆ |
| ၂ | ၅ |
| ၁ | ၄ |

၃



အင်္ဂါ အကောင်း

ဘုရင်မ တဲရော့တံဆိပ်

| ကြာသပတေး | သောကြာ |
|---|---|
| ၃ | ၅ |
| ၂ | ၄ |
| ၁ | ၃ |
| ၇ | ၂ |
| ၆ | ၁ |
| ၅ | ၇ |
| ၄ | ၆ |

၄



ဗုဒ္ဓဟူး အဆိုး

ဘုရင် တဲရော့တံဆိပ်

| တနင်္လာ | သောကြာ |
|---|---|
| ၂ | ၅ |
| ၁ | ၄ |
| ၇ | ၃ |
| ၆ | ၂ |
| ၅ | ၁ |
| ၄ | ၇ |
| ၃ | ၆ |

## ၅



ကြာသပတေးအကောင်း

ဘုန်းကြီးတဲ့ရှေ့တံဆိပ်

| သောကြာ | အင်္ဂါ/ဗုဒ္ဓဟူး |
|---|---|
| ၅ | ၇ |
| ၄ | ၆ |
| ၃ | ၅ |
| ၂ | ၄ |
| ၁ | ၃ |
| ၇ | ၂ |
| ၆ | ၁ |

## ၆



သောကြာ အဆိုး

သမီးရည်းစား တဲရှေ့တံဆိပ်

| ရာဟု | အင်္ဂါ/ဗုဒ္ဓဟူး |
|---|---|
| ၄ | ၇ |
| ၃ | ၆ |
| ၂ | ၅ |
| ၁ | ၄ |
| ၇ | ၃ |
| ၆ | ၂ |
| ၅ | ၁ |

## ၇



စနေအကောင်း

စစ်ရထား တဲရှေ့တံဆိပ်

| အင်္ဂါ/ဗုဒ္ဓဟူး | တနင်္လာ |
|---|---|
| ၇ | ၂ |
| ၆ | ၁ |
| ၅ | ၇ |
| ၄ | ၆ |
| ၃ | ၅ |
| ၂ | ၄ |
| ၁ | ၃ |

## ၈



ရာဟုအဆိုး

ခြသေ့်ဖမ်းသောမိန်းမ တဲရှေ့တံဆိပ်

| တနင်္လာ | သောကြာ |
|---|---|
| ၂ | ၅ |
| ၁ | ၄ |
| ၇ | ၃ |
| ၆ | ၂ |
| ၅ | ၁ |
| ၄ | ၇ |
| ၃ | ၆ |

(၉) 

ကိတ်အကောင်း

ရသေ့ဘကွန်း တဲရှော့တံဆိပ်

| ရာဟု | တနင်္ဂနွေ |
|---|---|
| ၄ | ၆ |
| ၃ | ၅ |
| ၂ | ၄ |
| ၁ | ၃ |
| ၇ | ၂ |
| ၆ | ၁ |
| ၅ | ၇ |

(၁၀) 

တနင်္ဂနွေ အဆိုး

ကံကြမ္မာလှည်းဘီး တဲရှော့တံဆိပ်

| တနင်္ဂနွေ | တနင်္လာ |
|---|---|
| ၆ | ၂ |
| ၅ | ၁ |
| ၄ | ၇ |
| ၃ | ၆ |
| ၂ | ၅ |
| ၁ | ၄ |
| ၇ | ၃ |

(၁၁) 

တနင်္လာ အကောင်း

မနုစာရီ တဲရှော့တံဆိပ်

| တနင်္လာ | ရာဟု |
|---|---|
| ၂ | ၄ |
| ၁ | ၃ |
| ၇ | ၂ |
| ၆ | ၁ |
| ၅ | ၇ |
| ၄ | ၆ |
| ၃ | ၅ |

(၁၂) 

အင်္ဂါ အဆိုး

လူဇောက်ထိုး တဲရှော့တံဆိပ်

| စနေ | ရာဟု |
|---|---|
| ၁ | ၄ |
| ၇ | ၃ |
| ၆ | ၂ |
| ၅ | ၁ |
| ၄ | ၇ |
| ၃ | ၆ |
| ၂ | ၅ |

(၁၃) 

ဗုဒ္ဓဟူး အကောင်း
သောမင်း တဲရှောတ်ဆိပ်

| ရာဟု | တနင်္ဂနွေ |
|---|---|
| ၄ | ၆ |
| ၃ | ၅ |
| ၂ | ၄ |
| ၁ | ၃ |
| ၇ | ၂ |
| ၆ | ၁ |
| ၅ | ၇ |

(၁၄) 

ကြာသပတေး အဆိုး
ရေအိုးနှစ်လုံး တဲရှောတ်ဆိပ်

| ကြာသပတေး | တနင်္ဂနွေ |
|---|---|
| ၃ | ၆ |
| ၂ | ၅ |
| ၁ | ၄ |
| ၇ | ၃ |
| ၆ | ၂ |
| ၅ | ၁ |
| ၄ | ၇ |

(၁၅) 

သောကြာ အကောင်း
တစ္ဆေ တဲရှောတ်ဆိပ်

| တနင်္ဂနွေ | စနေ |
|---|---|
| ၆ | ၁ |
| ၅ | ၇ |
| ၄ | ၆ |
| ၃ | ၅ |
| ၂ | ၄ |
| ၁ | ၃ |
| ၇ | ၂ |

(၁၆) 

စနေ အဆိုး
မျှော်စင် တဲရှောတ်ဆိပ်

| သောကြာ | စနေ |
|---|---|
| ၅ | ၁ |
| ၄ | ၇ |
| ၃ | ၆ |
| ၂ | ၅ |
| ၁ | ၄ |
| ၇ | ၃ |
| ၆ | ၂ |

# ဇကံသ နှင့် ပဌာန်းဆက်

(၁) 

**တနင်္ဂနွေအကောင်း**

**ဝိဋ္ဌာထိုရ်ယောက်ျား တဲရော့တံဆိပ်**

အင်းဝခေတ် (ကောင်းစားချိန်)

ဘုရင်၊ အကြီးအကဲ

အ၊ ဥ အစပြုသော မြို့များ၊ အထက်အညာမှ မြို့ကို ယူ၍ ဟောပါ

အင်းဝ၊ အင်းလေး

(၂) 

**တနင်္လာ အဆိုး**

**မယ်တော်ကြီး တဲရော့တံဆိပ်**

ကုန်းဘောင်ခေတ် (ပျက်ခါနီး)

ဘုရင်၊ အကြီးအကဲ ကတော်၊ ဒုတိယ

က၊ ခ၊ ဂ၊ ဃ၊ င အစပြုသော အောက်ပြည်အောက်ရွာမှ မြို့များ

ကဝ

(၃) 

**အင်္ဂါ အကောင်း**

**ဘုရင်မ တဲရော့တံဆိပ်**

ညောင်ရမ်းခေတ် (ကောင်းစားချိန်)

စစ်သူကြီး၊ ဆေးဆရာ၊ စောင်းဆရာ

စ၊ ဆ၊ ဇ၊ ဈ၊ ည စသော အထက်အညာမှ မြို့များ

ညောင်ရမ်း၊ စစ်ကိုင်း၊ စကု၊ ညောင်တုန်း

(၄) 

**ဗုဒ္ဓဟူး အဆိုး**

**ဘုရင် တဲရော့တံဆိပ်**

ရှမ်းခေတ် (ပျက်ခါနီး)

ရသေ့၊ ရဟန်းပျက်၊ အရက်သမား

ယ၊ ရ၊ လ၊ ဝ စသော အောက်ပြည်အောက်ရွာမှ မြို့များ

ရွှေကျင်၊ ရန်ကုန်၊ ဝေါ၊ ဝါးခယ်မ

(၇) ●● ●● ●● ●

**ကြာသပတေးအကောင်း**

**ဘုန်းကြီးတဲရှော့တံဆိပ်**

ပုဂံ၊ ပင်းယ၊ မွန်ခေတ် (ကောင်းစားချိန်)

ပညာရှိ၊ အမတ်

ပ၊ ဖ၊ ဗ၊ ဘ၊ မ အစရှိသော အထက်အညာမှ မြို့များ

မင်းဘူး၊ မုံရွာ၊ ဗန်းမော်၊ မြစ်ကြီးနား၊

---

(၆) ●● ● ●● ●●

**သောကြာ အဆိုး**

**သမီးရည်းစား တဲရှော့တံဆိပ်**

သရေခေတ္တရာ (ပျက်ခါနီး)

သုခမိန် (ရာထူးကျ)၊ သူဌေး (စီးပွားပျက်)

သ၊ ဟ အစရှိသော အောက်ပိုင်းမြို့များ

ဟင်္သာတ၊ သံတွဲ၊ သထုံ

---

(၅) ●● ● ● ●

**စနေအကောင်း**

**စစ်ရထား တဲရှော့တံဆိပ်**

တောင်ငူခေတ် (ကောင်းစားချိန်)

ဘုရင့်အား အတိုက်အခံပြုသူ၊ တောင်သူ

တ၊ ထ၊ ဒ၊ ဓ၊ န အစရှိသော အထက်ပိုင်းမြို့များ

တပ်ကုန်း၊ တောင်ငူ၊ တောင်တွင်းကြီး၊ တောင်ကြီး

---

(၈) ●● ●● ● ●

**ရာဟုအဆိုး**

**ခြသေ့်ဖမ်းသောမိန်းမ တဲရှော့တံဆိပ်**

ခေတ်မထင် ပျောက်ဆုံးနေသည်

အရူး၊ အသတ်ခံရသူ

နေရာဒေသ ဖော်ပြ၍မရ၊ ဤဘဝမရောက်မှီ ကြားကာလတွင်

ပျောက်နေသည်

(၉) 

**ကိတ်အကောင်း**

**ရသေ့ဘကွန်း တဲရော့တံဆိပ်**

ဘာသာတရား ထွန်းကားသောခေတ်

ဝိဇ္ဇာနှင့်အတူနေခဲ့သူ၊ ဘုန်းကြီး၊ ရဟန်း၊ ဘုရားတည်သူ

ဘုရားစေတီများသောမြို့၊ ထိုမြို့၊ ထိုဘုရားသို့ရောက်သော် ငိုချင်သကဲ့သို့

လွမ်းချင်သကဲ့သို့ ဖြစ်တတ်၏။ အမည်ဖော်၍မရ။

---

(၁၀) 

**တနင်္ဂနွေ အဆိုး**

**တံကြမ္မာလှည်းဘီး တဲရော့တံဆိပ်**

အင်းဝခေတ် (ပျက်ခါနီး)

နန်းကျဘုရင်

အ၊ ဥ အစပြုသော အောက်ပြည်မြို့များ

---

(၁၁) 

**တနင်္လာ အကောင်း**

**မနုစာရီ တဲရော့တံဆိပ်**

ကုန်းဘောင်ခေတ် (ကောင်းစားချိန်)

ဘုရင့်မိဖုရား

က၊ ခ၊ ဃ၊ င အစပြုသော အထက်ပိုင်းမြို့များ

ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ကလေး

---

(၁၂) 

**အင်္ဂါ အဆိုး**

**လူဇော်ကထိုး တဲရော့တံဆိပ်**

စစ်ကိုင်း၊ ညောင်ရမ်း (ပျက်ခါနီး)

စစ်သူကြီးပြုတ်၊ ဆေးဆရာ

စ၊ ဆ၊ ဇ၊ ဈ၊ ည အစပြုသော အောက်ပိုင်းမြို့များ

၁၃ 

**ဗုဒ္ဓဟူး အကောင်း**

**သေမင်း တဲရှောတံဆိပ်**

ရှမ်းခေတ် (ကောင်းစားချိန်)

ဘုရင့်သားတော်၊ သမီးတော်၊ ရဟန်း

ယ၊ ရ၊ လ၊ ဝ အစပြုသော အထက်ပိုင်းမြို့များ

ရွှေဘို၊ ရတနာပုံ

၁၄ 

**ကြာသပတေး အဆိုး**

**ရေအိုးနှစ်လုံး တဲရှောတံဆိပ်**

ပုဂံ၊ ပင်းယ၊ မွန်ခေတ် (ပျက်ခါနီး)

ပညာရှိ၊ လူဆိုးဖြစ်ခဲ့၏။ မိန်းမတစ်ယောက် ဖြစ်ခဲ့၏။

ပ၊ ဖ၊ ဗ၊ ဘ၊ မ အစပြုသော မြို့များ (အောက်ပိုင်း)

ပဲခူး၊ ပြည်၊ မြောင်းမြ၊ ပုသိမ်

၁၅ 

**သောကြာ အကောင်း**

**တစ္ဆေ တဲရှောတံဆိပ်**

သရေခေတ္တရာခေတ် (ကောင်းစားချိန်)

သူဌေး၊ အမတ်ကြီးဖြစ်ခဲ့၏။ သဘင်သည်

သ၊ ဟ အစပြုသော အထက်ပိုင်းမြို့များ

ဟန်လင်း၊ သိန္နီ

၁၆ 

**စနေ အဆိုး**

**မျှော်စင် တဲရှောတံဆိပ်**

တောင်ငူ (ပျက်ခါနီး)

တောပုန်းဖြစ်ခဲ့၏။

တ၊ ထ၊ ဒ၊ ဓ၊ န အစပြုသော အောက်ပိုင်းမြို့များ

# ကေံသနှင့် ခရစ်သက္ကရာဇ်ဖြင့် မဟာဘုတ်ထူခြင်း

ကေံသပညာတွင် မဟာဘုတ်တွက်ဖို့လိုပါက တွက်နိုင်၏။ မြန်မာသက္ကရာဇ်ကို (၇)နှင့်စား၍ အကြွင်းကို ဘင်္ဂကစ၍ အောင်လံထူစစ်သူကြီးပွဲလင်္ကာဖြင့် မဟာဘုတ်ခွင်ကို ချရ၏။ အထက်ပါမွေးသက္ကရာဇ်ကို မြန်မာလိုမသိပါက အင်္ဂလိပ်သက္ကရာဇ်ဖြင့် အစားထိုး မဟာဘုတ်ထူနိုင်၏။ ထိုသို့ မဟာဘုတ်ထူရာ၌ (၁၉၀၀)နှင့် (၁၉ ----)နှင့် စ သော အင်္ဂလိပ်သက္ကရာဇ်များအတွက် ရှေ့က (၁၉)ကို ဖြုတ်၍ နောက်နှစ်လုံးတွင် (၉) ပေါင်းပြီး (၇)ဖြင့် စားပါ။ အကြွင်းကို ဘင်္ဂမှစ၍ ထုံးစံအတိုင်း ထူပါ။

ဥပမာ။ (၁၉၃၉) ခုနှစ်တွင် မွေးသော တနင်္ဂနွေသားဆိုပါစို့။

~~၁၉~~၃၉
\+ ၉
၇ | ၄၈ | ၆
၄၂
၆ ကြွင်း

| | | |
|---|---|---|
| × | ၃ | × |
| ၅ | *၁ | ၄ |
| ၂ | ၆ | ၇ |

ထိုတနင်္ဂနွေသားသည် သိုက်ဖွားဖြစ်၏။ နေကြိုးရ၏။

အကယ်၍ (၂၀ -----) စသော သက္ကရာဇ်တွင် မွေးဖွားပါက (၂၀ -----) ကို ပယ်၍ နောက် (၂)လုံးတွင် (၁၂)ပေါင်းပြီး (၇)ဖြင့်စားပါ။ အကြွင်းကို ဘင်္ဂမှစ၍ မဟာဘုတ်ထူနည်းအတိုင်း ထူပါ။

# ဂေါ်သ ယတြာအတွက်
# အသီးအပွင့် အစားအသောက် တံခွန်ကုက္ကားနှင့် ဘုရား

(၁) 

**တနင်္ဂနွေ အကောင်း**

**ဝိဇ္ဇာထိုရ်ယောက်ျား တဲရော့တံဆိပ်**

အုန်းညွန့်၊ အောင်သပြေ
အုန်းသီးမုန့်
အောင်လံ (သာသနာ့အလံ)
အိမ်တော်ရာဘုရား

(၂) 

**တနင်္လာ အဆိုး**

**မယ်တော်ကြီး တဲရော့တံဆိပ်**

ကြာပန်း၊ ကုက္ကိုညွန့်
ကောက်ညှင်းပေါင်း
ကျောက်ကျော
ကြက်လျှာ၊ ကုက္ကား
ကမ္ဘာအေးလေး (အာဇာနည်ကုန်း)

(၃) 

**အင်္ဂါ အကောင်း**

**ဘုရင်မ တဲရော့တံဆိပ်**

စိန်ခြယ်
ဆိတ်သားမုန့်
ဆုတောင်းစာ
ဆူးလေစေတီတော်

(၄) 

**ဗုဒ္ဓဟူး အဆိုး**

**ဘုရင် တဲရော့တံဆိပ်**

ဝါး
မုန့်လေပွေ
ယပ်
ကျိုက်ကလို့

ဥပမာ။ သက္ကရာဇ် (၂၀၀၀)တွင် မွေးဖွားသော တနင်္ဂနွေသား ဆိုပါစို့။

```
 ~~၂~~၀၀၀
   + ၁၂
၇ | ၁၂  | ၀
  |  ၇  |
  ------
   ၅ ကြွင်း
```

| | | |
|---|---|---|
| × | ၂ | × |
| ၄ | ၇ | ၃ |
| *၁ | ၅ | ၆ |

ထိုတနင်္ဂနွေသားသည် မရဏဖွားဖြစ်၏။ အသူရကာယ်ကြီးရ၏။

အကယ်၍ ဇေကံသဟောရာတွင် မဟာဘုတ်ကို အလိုရှိပါက ဤနည်းအတိုင်း တွက်ယူနိုင်၏။

(၇) 

**ကြာသပတေးအကောင်း**

**ဘုန်းကြီးတဲ့ရောဲ့တံဆိပ်**

မေမြို့ပန်း (ဘိသိက်ပန်း)

ပဲမုန့်

မုလေးပွား

မိုးကောင်း၊ ရွှေဘုန်းပွင့်

(၆) 

**သောကြာ အဆိုး**

**သမီးရည်းစား တဲရောဲ့တံဆိပ်**

သရက်ညွန့်၊ သီဟိုဠ်

မုန့်ဟင်းခါး

ဟသ်ာ (သူရဿတီစီးသော ငှက်ကိုရည်ရွယ်သည်) သိုက်ပွဲထိုးခြင်း

ကြေးသွန်းဘုရား

(၃) 

**စနေအကောင်း**

**စစ်ရထား တဲရောဲ့တံဆိပ်**

နှင်းဆီ

ထိုးမုန့်

ထီး၊ တံခွန်လုံး

နန္ဒဝန် (တာမွေ)

(၈) 

**ရာဟုအဆိုး**

**ခြသေ့်ဖမ်းသောမိန်းမ တဲရောဲ့တံဆိပ်**

ရဲယိုရွက်

ရွှေထမင်း

ယပ် ၈ လက် (ရောင်စုံ)

ရွှေတိဂုံ

၉ 

**ကိတ်အကောင်း**

**ရသေ့ဘကွန်း တဲရှော့တံဆိပ်**

ပန်း (၉)မျိုး (နံ့စုံ)

ကိတ်မုန့်၊ မုန့်ကုလားမဲ

(ရွှေဆိုင်း) နဝင်းပွဲ

ရွှေမုဋ္ဌော (ဆားလင်းကျောင်း)

၁၀ 

**တနင်္ဂနွေ အဆိုး**

**ကံကြမ္မာလှည်းဘီး တဲရှော့တံဆိပ်**

အုန်းနဲ့ညွန့်

အုန်းနို့ခေါက်ဆွဲ

အောင်လံ

အနောက်မြင်းပြိုင်ကွင်းထိပ်

၁၁ 

**တနင်္လာ အကောင်း**

**မနုစာရီ တဲရှော့တံဆိပ်**

ကန့်ကော်၊ ငွေပန်း

ကော်ပြန့်၊ ကော်ဖီ

ကြက်လျှာ၊ ကုက္ကား

ကမ္ဘာအေးကြီး

၁၂ 

**အင်္ဂါ အဆိုး**

**လူဇော်ကော်ထိုး တဲရှော့တံဆိပ်**

ဇီးညွန့်

စာကလေးခွေ

ဆုတောင်းစာ

ကျိုက္ကဆံစေတီ

(၁၃) 

**ဗုဒ္ဓဟူး အကောင်း**

**သေမင်း တဲရော့တံဆိပ်**

ရွက်လှ၊ လင်းလွန်းရွက်၊ လေးကျွန်းကြာခိုင်

ရွှေရင်အေး

ယပ်

ကျိုက်ကလဲ့၊ ကျိုက်ဝိုင်း

---

(၁၄) 

**ကြာသပတေး အဆိုး**

**ရေအိုးနှစ်လုံး တဲရော့တံဆိပ်**

မြေဇာညွန့်

ပေါင်မုန့်

မုလေးပွား

မယ်လမု (မြောက်ဥက္ကလာ)

---

(၁၅) 

**သောကြာ အကောင်း**

**တစ္ဆေ တဲရော့တံဆိပ်**

သီဟိုဠ်၊ သစ္စာပန်း

သာကူ

ဟင်္သာ (သူရဿတီ စီးသောငှက်ကို ရည်ရွယ်သည်) သိုက်ပွဲထိုးခြင်း

၆ ထပ်ကြီး၊ သမိုင်း

---

(၁၆) 

**စနေ အဆိုး**

**မျှော်စင် တဲရော့တံဆိပ်**

ဒန်းညွန့်

မုန့်နီ၊ မုန့်တီ

ထီး၊ တံခွန်လုံး

နှင်းဆီကုန်း၊ ဗိုလ်တစ်ထောင်

# အင်္ဂဝိဇ္ဇာတည်ဆောက်ပုံသဘော

အောက်ပါ ကြယ်ပွင့် (သို့မဟုတ်) စကြာသည် အင်္ဂဝိဇ္ဇာ၏ ဂြိုဟ်အချင်းချင်း ဆက်သွယ်နေပုံများကို ဖော်ပြထားသော ပုံပင်ဖြစ်၏။




ငင်းပုံကိုကြည့်လျှင် တနင်္ဂနွေဂြိုဟ်သည် ဗုဒ္ဓဟူးနှင့် ဆက်သွယ်နေ၏။ ငင်း ဗုဒ္ဓဟူးဂြိုဟ်သည် စနေဂြိုဟ် နှင့် ဆက်သွယ်နေ၏။ ငင်းစနေဂြိုဟ်သည် အင်္ဂါဂြိုဟ် နှင့် ဆက်နွယ်နေ၏။ ထိုဆက်သွယ်ချက်သည် **အောင်လံထူစစ်သူကြီးပွဲ** (သို့မဟုတ်) **အောင်လံတေဇသကျမ္မီအုံး** ဟူသော လင်္ကာအသွားအတိုင်းပင် ဖြစ်တော့၏။

တစ်ဖန် တနင်္ဂနွေဂြိုဟ်မှ လက်ယာရစ်အတိုင်း ဂြိုဟ်တစ်လုံးကျော်လျှင် သောကြာဂြိုဟ် ရှိ၏။ ငင်း သောကြာဂြိုဟ်မှ တစ်ခုမှကျော်လျှင် ဗုဒ္ဓဟူးဂြိုဟ်ရှိ၏။ ငင်း ဆက်သွယ်ချက်မှာမူ ဆပွတ်ဆက်သွယ်ချက် (သို့မဟုတ်) **အုန်းသီး လှည်းကြီးဒို့များစီး** ဟူသော လင်္ကာအသွားအတိုင်းပင် ဖြစ်လေ၏။

တစ်ဖန် တနင်္ဂနွေဂြိုဟ်သည် ကြာသပတေးနှင့် ဆက်သွယ်လျက်ရှိ၏။ ၎င်း ကြာသပတေးသည် တနင်္လာ နှင့် ဆက်သွယ်လျက်ရှိ၏။ ၎င်း တနင်္လာသည် သောကြာနှင့် ဆက်နွယ်နေ၏။ ၎င်း ဆက်သွယ်ချက်သည်ကား **ပဋ္ဌပွတ်** (သို့မဟုတ်) **အမဲကျွဲသားဆီနှင့် လားဦး** ဟူသော လင်္ကာအတိုင်း ဆက်သွယ်နေခြင်းပင် ဖြစ်လေ၏။

တဖန် တနင်္ဂနွေဂြိုဟ်မှ လက်ယာရစ်အတိုင်း ၁ခုကျော်တွင် အင်္ဂါဂြိုဟ်သည် ရှိ၏။ ၎င်း အင်္ဂါဂြိုဟ်မှ လက်ယာရစ်တစ်ခုကျော်တွင် ကြာသပတေးဂြိုဟ်လည်း ရှိ၏။ ၎င်းဂြိုဟ်တည်နေမှုသည်ကား **ကြိုရန်း** (သို့) **အောင်စည်မှုတ်ထွေကြဲလေသူအား** ဟူသော လင်္ကာအသွားအတိုင်းပင် ဖြစ်လေတော့၏။

တစ်ဖန် တနင်္ဂနွေဂြိုဟ်မှ လက်ယာရစ်အတိုင်း အစဉ်လိုက်ကြည့်လျှင် ဂြိုဟ်အသီးသီးတို့၏ အမြစ်ဂြိုဟ်တို့ကို တွေ့ရမည်ဖြစ်ပြီး လက်ဝဲရစ် အစဉ်လိုက်ကြည့်လျှင် အညွန့်ဂြိုဟ်တို့ကို တွေ့ရပေလိမ့်မည်။

၎င်းဂြိုဟ်များ တည်ဆောက်ပုံ ကြယ်ပွင့်၏ သဘောအား ဇော်သဆရာ လုပ်သူသည် တပည့်ဖြစ်သူအား ပြည့်စုံသည်အထိ ရှင်းပြရလေ၏။

# ကော်သအခါ

ကော်သပညာတွင် အင်္ဂဝိဇ္ဇာကဲ့သို့ပင် ရှစ်ချိန်ပိုင်း၍ အခါကိုယူ၏။ သို့ရာတွင် သူ့ရှုသောကြာဟု ဆပွတ်လက်ဖြင့် မသွားဘဲ ပုဂံခေတ်တွင် အသုံးပြုခဲ့သော အောင်လံတေဇနည်းဖြင့် နံ့ပြည်စုတ်၊ ဖား၊ မြွေ၊ ဒေါင်း စသော တစ်ကောင်ကို တစ်ကောင်က နိုင်သော ဓာတ်များဖြင့် ကော်သအခါကို ပြုလုပ်၍ အသုံးပြုရ၏။ ဥပမာအားဖြင့် ဖားအချိန်တွင် အကြောင်းရှိပါက မြွေကိုဆောင်သွားရ၏။ မြွေအချိန်တွင် အကြောင်းကိစ္စ ရှိက ဒေါင်းကို ဆောင်၍ သွားရ၏ဟု သဘောပေါက်ရာ၏။

## ကော်သအခါဇယား

| | နံနက်၆း၀၀ မှ ၇း၃၀ | ၇း၃၀ မှ ၉း၀၀ | ၉း၀၀ မှ ၁၀း၃၀ | ၁၀း၃၀ မှ ၁၂း၀၀ | ၁၂း၀၀ မှ ၁း၃၀ | ၁း၃၀ မှ ၃း၀၀ | ၃း၀၀ မှ ၄း၃၀ | ၄း၃၀ မှ ၆း၀၀ |
|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | နံ့ပြည်စုတ် | ဖား | မြွေ | ဒေါင်း | မုဆိုး | ကျား | ရသေ့ | နံ့ပြည်စုတ် |
| တနင်္လာ | ကျား | ရသေ့ | နံ့ပြည်စုတ် | ဖား | မြွေ | ဒေါင်း | မုဆိုး | ကျား |
| အင်္ဂါ | ဒေါင်း | မုဆိုး | ကျား | ရသေ့ | နံ့ပြည်စုတ် | ဖား | မြွေ | ဒေါင်း |
| ဗုဒ္ဓဟူး | ဖား | မြွေ | ဒေါင်း | မုဆိုး | ကျား | ရသေ့ | နံ့ပြည်စုတ် | ဖား |
| ကြာသပတေး | ရသေ့ | နံ့ပြည်စုတ် | ဖား | မြွေ | ဒေါင်း | မုဆိုး | ကျား | ရသေ့ |
| သောကြာ | မုဆိုး | ကျား | ရသေ့ | နံ့ပြည်စုတ် | ဖား | မြွေ | ဒေါင်း | မုဆိုး |
| စနေ | မြွေ | ဒေါင်း | မုဆိုး | ကျား | ရသေ့ | နံ့ပြည်စုတ် | ဖား | မြွေ |

တနင်္ဂနွေအခါတွင် စအိုး၌ အင်္ဂါဂြိုဟ်ရှိမည်။
တနင်္လာအခါတွင် စအိုး၌ ဗုဒ္ဓဟူးဂြိုဟ်ရှိမည်။
အင်္ဂါအခါတွင် စအိုး၌ ကြာသပတေးဂြိုဟ်ရှိမည်။
ဗုဒ္ဓဟူးအခါတွင် စအိုး၌ သောကြာဂြိုဟ်ရှိမည်။
ကြာသပတေးအခါတွင် စအိုး၌ စနေဂြိုဟ်ရှိမည်။
သောကြာအခါတွင် စအိုး၌ တနင်္ဂနွေဂြိုဟ်ရှိမည်။
စနေအခါတွင် စအိုး၌ တနင်္လာဂြိုဟ်ရှိမည်။

အလွတ်ရအောင် ကျက်မှတ်ထားပါ။ ထိုသို့ မကျက်ချင်လည်း **"အောင်စည်မှုက်ထွေ ကြံလေသူအား"** လင်္ကာကို ကျက်ထားပါ။ ထိုလင်္ကာသည် အင်္ဂဝိဇ္ဇာ၏ ကြိုရန်းလင်္ကာဖြစ်၏။

ကော်သပညာ၌ အင်္ဂဝိဇ္ဇာကို ဟောလိုလျှင် အထက်ကပြခဲ့သော နည်းဖြင့်လည်း ဟောနိုင်၏။ သို့မဟုတ်လျှင် အောက်တွင် ဖော်ပြထားသော လင်္ကာကိုလည်း ကျက်မှတ်ထား၍ ဟောနိုင်၏။

**အင်္ဂဝိဇ္ဇာဟောနည်းလင်္ကာ**

❖ စလုတ်နေမှု ကျော်ဇောယူ
မြီးမှု စီးပွားဖြစ်။
❖ ခြေထောက်အောက်မှာ ဆပွတ်ပါ
ဟောရာစုတ်အကြောင်း။
❖ ထိုစုတ်ဂြိုဟ်ပင် ဝင်ခဲ့လျှင်
ပျက်ချင် ကတ္တားမှတ်။
❖ ဦးခေါင်း၌မှု စွပ်စွဲသူ
ငယ်သူအစစ် တရားဖြစ်။
❖ နှုတ်သီးဂြိုဟ်မှာ ကြံစည်ရာ
မှန်စွာ ပျက်စီးကြောင်း။
❖ စအိုရှိရာ ဂြိုဟ်နေပါ
သေမှာမလွဲ မှတ် ။ ။

# ဗေဒင်သင်္ချာနှင့် အင်္ဂဝိဇ္ဇာအဟော

အကယ်၍ ဗေဒင်ပညာတွင် အင်္ဂဝိဇ္ဇာအဟောကို အလိုရှိပါမူ နေ့တစ်နေ့ကို အင်္ဂဝိဇ္ဇာတွက်သည့်အတိုင်း အခါ (၈)ချိန်ပိုင်းပါ။ ပြီးလျှင် ဟင်္သာရုပ်တွင် သွတ်သွင်းပါလေ . . . . . ။

ဥပမာ ။ ။ တနင်္ဂနွေအခါရသည်ဆိုပါစို့။

၅
၂
၆
၁
၄
၀
၃



တနင်္ဂနွေသည် ဟင်္သာ၏ ကျောပေါ်၌ ရောက်နေ၏။
တနင်္လာသည် ဟင်္သာ၏ အမြီး၌ ရောက်နေ၏။
အင်္ဂါသည် ဟင်္သာ၏ စအို၌ ရောက်နေ၏။
ဗုဒ္ဓဟူးသည် ဟင်္သာ၏ ခေါင်း၌ ရောက်နေ၏။
ကြာသပတေးသည် ဟင်္သာ၏ စလုတ်၌ ရောက်ရ၏။
သောကြာသည် ဟင်္သာ၏ခြေထောက်၌ ရောက်နေ၏။
စနေသည် ဟင်္သာ၏ နှုတ်သီး၌ ရောက်နေ၏။

- ဟင်္သာ၏ ကျောသည် ထမ်းပိုးတာဝန်ယူနေရသည်ဟု အဓိပ္ပါယ်ရ၏။
- ဟင်္သာ၏ ခြေထောက်သည် ထိုကိစ္စအတွက် ခရီးသွားရန် ရှိသည်ဟုဖော်ပြ၏။
- ဟင်္သာ၏ ဦးခေါင်းသည် ဦးခေါင်း၌ ရောက်နေသော ဂြိုဟ်အတွက် တွေးတောပူပန်နေရသည်ဟု ဖော်ပြ၏။
- စလုတ်သည် ရောက်နေသော ဂြိုဟ် ရရှိပိုင်ဆိုင်မည်ဟု ဖော်ပြ၏။
- နှုတ်သီးသည် မကြာမီ၌ ထိုပစ္စည်း ထိုနံဝင်တော့မည် ပြုလုပ်တော့မည်ဟု ဖော်ပြ၏။
- စအိုသည် ရောက်နေသော ဂြိုဟ် ထွက်သွားပြီ၊ ပျက်သွားပြီ၊ သေသွားပြီဟု ဖော်ပြ၏။
- ဟင်္သာ၏ အမြီး၌ရှိသော ဂြိုဟ်သည် ဝင်ချည် ထွက်ချည်ဖြစ်နေမည် အကျိုးပြုနေသည်ဟု ဖော်ပြ၏။

သို့ရာတွင် ဤဟင်္သာတစ်ကောင်လုံး၏ အချုပ်သည် စအိုဖြစ်သည်ကို သဘောပေါက်ထားပါ။ ထိုစအိုဂြိုဟ်သည် ထိုဟင်္သာကို ကောင်းကျိုးဆိုးကျိုးပေးနိုင် သော အဓိကဂြိုဟ်ဖြစ်ကြောင်း နားလည်ပါ။

အင်္ဂါဝိဇ္ဇာဟောရာ၌ အထူးသတိထားရမည့်အချက်မှာ တနင်္ဂနွေအခါတွင် လာသောသူသည် အင်္ဂါ၊ သောကြာအကြောင်းကို မေးတတ်၏။

တနင်္လာအခါတွင် လာသောသူသည် အင်္ဂါ၊ ဗုဒ္ဓဟူးအကြောင်းကို မေးတတ်၏။

အင်္ဂါအခါတွင် လာသောသူသည် တနင်္ဂနွေ၊ စနေ အကြောင်းကို မေးတတ်၏။

ဗုဒ္ဓဟူးအခါတွင် လာမေးသူသည် တနင်္လာ၊ ကြာသပတေးအကြောင်းကို မေးတတ်၏။

ကြာသပတေးအခါတွင် လာသောသူသည် တနင်္ဂနွေအခါကဲ့သို့ အင်္ဂါ၊ သောကြာ အကြောင်းကို မေးတတ်၏။

သောကြာအခါလာသောသူသည် တနင်္ဂနွေ၊ ဗုဒ္ဓဟူး အကြောင်းကို မေးတတ်၏။

စနေအခါ လာသောသူသည် တနင်္ဂနွေ၊ ကြာသပတေးအကြောင်းကို မေးတတ်၏။ သို့မဟုတ်ပါက ထိုနေ့သား၊ ထိုနာမည်ရှင်လည်း ဖြစ်နေတတ်၏။

ဥပမာ ။ ။ တနင်္ဂနွေအခါတွင် လာသောသူသည် အင်္ဂါသားသော်လည်းကောင်း၊ သောကြာသားသော်လည်းကောင်း ဖြစ်တတ်၏။ အကယ်၍ အင်္ဂါသားဖြစ်နေလျှင် သောကြာကိစ္စကို မေးသွားတတ်၏။ သောကြာသားဖြစ်နေလျှင်မူ အင်္ဂါကိစ္စကို မေးသွားတတ်၏။

ဤနည်းကို မှီး၍ အင်္ဂဝိဇ္ဇာကိုလည်း တွင်တွင်ကျယ်ကျယ် ဟောနိုင်၏ဟု ယုံကြည်ပါလေ။

# ဂေါ်သနှင့် ခေတ်ရိုက်ခေတ်ဆင်

ဂေါ်သပညာရပ်တွင် ခေတ်ရိုက်ခေတ်ဆင်နည်းများပါ၏။ ထိုနည်းများကို ယုံယုံကြည်ကြည် တိတိကျကျ အသုံးပြုရမည်။ ထိုသို့ အသုံးပြုလျှင် လွန်စွာ အစွမ်းထက်ကြောင်း သိရပေလိမ့်မည်။

## ထိပ်တိုက်တွေ့ခြင်း

ဥပမာ ။ ။ တနင်္ဂနွေသားနှင့် ထိပ်တိုက်တွေ့ရန်ရှိပါက တနင်္ဂနွေနံကို အခြာပြုပြီး ထား၍ အင်္ဂဝိဇ္ဇာတိုင်ထူရ၏။

- ၅
- ၂
- ၆
- ၁
- ၄ } ရွှေ
- ၇
- ၃ } စိုး

အထက်က ဆိုခဲ့သည့်အတိုင်း တနင်္ဂနွေသားနှင့် ထိပ်တိုက်တွေ့သော ကိစ္စရပ် “စိုးရွှေ” ကို ရှေ့ကတင်၍ ထိပ်တိုက်တွေ့ရ၏။ ထိုအခါ၌ တနင်္ဂနွေသားသည် အရှုံးပေးရလေတော့၏။

အကယ်၍ တနင်္လာသားနှင့် ထိပ်တိုက်တွေ့ရန် ရှိပါက . . .

- ၆
- ၃
- ၇
- ၂
- ၅ } ဖေ
- ၁
- ၄ } လှ

“လှဖေ” ကို ရှေ့ကတင်၍ တနင်္လာသားနှင့် ထိပ်တိုက်တွေ့ရ၏။ ထိုအခါ၌ တနင်္လာသားသည် အရှုံးပေးရလေတော့၏။

ထို့ကြောင့် အလွယ်မှတ်ရန်အတွက် အောက်ပါ အဌလက်ဇယားကို အလွတ်ကျက်ထားရာ၏။

## ထိပ်တိုက်တွေ့လျှင် ရှေ့တွင်ခေါ်သွားရမည့် နာမည်ရှင်များ

| စိုးရွှေ | လှဖေ | မြသောင်း |
|---|---|---|
| အောင်ကျော် | | သူတော် |
| X | ထွန်းအောင် | ချစ်ညွန့် |

# စိတ်ဆိုးပြေစေရန် ခတ်ရိုက်နည်း

တနင်္ဂနွေသား စိတ်ဆိုးသော်

၅
၂
၆
—
၀
—
၄ } ဝါး
၇
၃

အထက်ကပြသည့်အတိုင်း ၄င်း၏ စတုရန်းသည် ၄င်းအား စိတ်ဆိုးပြေစေသည်။ တနင်္ဂနွေသား စိတ်ဆိုးသော် ဝါး လက်တစ်ဆစ်ဆောင်ထား၊ စိတ်ဆိုးပြေ၏။

တနင်္လာသား စိတ်ဆိုးသော်

၆
၃
၇
—
၂
—
၅ } ပဲ
၀
၄

၄င်းစိတ်ဆိုးပြေစေသော စတုရန်းဖြစ်သည့် ပဲမြစ်ကို လက်တစ်ဆစ်ဆောင်ထား၊ တနင်္လာသား စိတ်ဆိုးပြေ၏။ အလွယ်တကူ မှတ်ရလွယ်စိမ့်သော်ငှာ အောက်ပါအတိုင်း ဇယားလုပ်ပေးထား၏။

| | | |
|---|---|---|
| ဝါး | ပဲမြစ် | သီဟိုဠ် |
| ကံ့ကော် | | ဒန်း |
| × | အုန်းရွက် | ဖီး |

# ထွက်သွားသူကို ပြန်ခေါ်သောနည်း

တနင်္ဂနွေသားကို အခြာဂြိုဟ်လုပ်၍ အကယ်၍ **တနင်္ဂနွေထွက်သွားသော်** အင်္ဂဝိဇ္ဇာတိုင် ထူရ၏။

၅
၂
၆
၁ } ကန်စွန်း
ဝါးခြမ်း —— ၄
မိုးခဲခေါက် —— ၇
၃

ကစွန်းရွက် (၅)စည်းကို စတုရန်းဖြစ်သော ဝါးခြမ်းဖြင့် ညှပ်၍ အမြစ်ဖြစ်သော စနေမီးတောက်ခဲပေါ်တွင် ဇောက်ထိုးဆွဲထားပါ။ ကြိုရန်းနှင့် အညွန့်ပေါင်းသော် (၅)ရက်အတွင်း ၎င်းတနင်္ဂနွေသား ပြန်လာလိမ့်မည်။

**တနင်္လာသား ထွက်သွားသော်**

၆
၃
၇
၂ } ဇီး၊ ဝါး
မဲကြိုး —— ၅
အိုး —— ၁
၄

ဝါးညွန့်(၄)ညွန့် နှင့် ဇီးညွန့်(၃)ညွန့်ကို မဲကြိုးဖြင့်ချည်၍ သောက်ရေအိုးထဲတွင် (၇)ရက်ဇောက်ထိုးဆွဲထားပါ။ (၇)ရက်အတွင်း ပြန်လာလိမ့်မည်။

**အင်္ဂါသား ထွက်သွားသော်**

၇
၄
၁
၃ } ဇီး၊ ဝါး
သင်္ကန်းစုတ် —— ၆
အခန်း —— ၂
၅

အင်္ဂါသားထွက်သွားသော် ဝါးရွက်(၄)ရွက်၊ မမြို့ပန်း(၅)ပွင့်ကို သင်္ကန်း စုတ်ဖြင့် ချည်ပြီး အခန်းထဲတွင် (၉)ရက် ဇောက်ထိုးဆွဲထားပါ။ ထိုအင်္ဂါသားသည် (၉)ရက်အတွင်း ပြန်လာလိမ့်မည်။

## ဗုဒ္ဓဟူးသား ထွက်သွားသော်

၁
၅
၂
၄
နှီး ——— ၇
ပြတင်းပေါက် ——— ၃
၆

(၅ မှ ၆ ထိ) မေမြို့ + သီဟိုဠ်

ဗုဒ္ဓဟူးသားထွက်သွားသော် မေမြို့ (၅)ပွင့်၊ သီဟိုဠ် (၆)ညွှန့်ကို နှီးဖြင့် ပူးချည်ပြီး လေတိုက်သော ပြတင်းပေါက်တွင် (၁၁)ရက် ဇောက်ထိုးဆွဲထားပါ။ ဗုဒ္ဓဟူးသားသည် (၁၁)ရက် အတွင်း ပြန်လာလိမ့်မည်။

## ကြာသပတေးသား ထွက်သွားသော်

၂
၆
၃
၅
အုန်းရွက် ——— ၀
လျှောက်တန်း ——— ၄
၇

(၆ မှ ၇ ထိ) သီဟိုဠ်+ဒန်းညွှန့်

ကြာသပတေးသားထွက်သွားသော် သီဟိုဠ်(၆)ညွှန့် နှင့် ဒန်းညွှန့်(၇)ညွှန့်ကို အုန်းရွက်ဖြင့် ပတ်ချည်ပြီး အိမ်လျှောက်တန်းမှာ (၁၃)ရက်ထည့်ထားလိုက်ပါ။ ထို ကြာသပတေးသားသည် (၁၃)ရက်အတွင်း ပြန်လာလိမ့်မည်။

## သောကြာသား ထွက်သွားသော်

၃
၇
၄
၆
ကြိုး ——— ၂
ဖွဲ ——— ၅
၁

(၇ မှ ၁ ထိ) ဒန်းညွှန့် + အုန်းညွှန့်

သောကြာသားထွက်သွားသော် ဒန်းညွှန့် (၇)ညွှန့်၊ အုန်းညွှန့် (၁)ညွှန့် ကို ကြိုးဖြင့် ချည်ပြီး ဖွဲထဲမှာ (၈)ရက်စိုက်ထားပါ။ ထိုသောကြာသားသည် (၈)ရက်အတွင်း ပြန်လာလိမ့်မည်။

## စနေသား ထွက်သွားသော်




စနေသား ထွက်သွားသော် အုန်း (၁)ညွှန့်၊ ကန့်ကော် (၂)ညွှန့်ကို စက္ကူကြိုးဖြင့် ပတ်ချည်ပြီး အိမ်နောက်ဖက်ဝင်ပေါက်မှာ (၃)ရက်ဇောက်ထိုး ဆွဲထားပါ။ ထိုစနေသား (၃)ရက်အတွင်း ပြန်လာလိမ့်မည်။

အထက်က ဖော်ပြခဲ့သည့် နည်းစနစ်အတိုင်း ခာတ်ရိုက်၍ ခေါ်နိုင်၏။

## ရေတွင်း၊ ရေနံတွင်း၊ ရွှေတွင်း၊ ကျောက်တွင်းများ မထွက်သော်

အထက်ပါ ခာတ်ရိုက်နည်းကို အသုံးပြု၍ ခာတ်ရိုက်ပြီး ထွက်အောင်လုပ်နိုင်၏။ ထိုသို့ ပြုလုပ် ရန်မှာ ရေတွင်း၊ ရေနံတွင်း၊ ရွှေတွင်း ကျောက်တွင်းများကို နာမည်ကိုလည်း အဆန် မှည့်ရ၏။

ဥပမာ ॥ ॥ ကျောက်တွင်း၊ ကျောက်မထွက်သော် ထိုကျောက်တွင်းကို မောင်ကျောက်အိုးဟူ၍ အမည်ကို ဆန်၍ပေးရ၏။ ထိုသို့ပေးပြီးလျှင် တနင်္လာသား ပြန်လာစေသော ခာတ်ရိုက်နည်းအတိုင်း ခာတ်ရိုက်၍ ခာတ်ပစ္စည်းကို တွင်းတွင် ဇောက်ထိုးဆွဲထားရ၏။ အမှန်တကယ်ပင် ကျောက်များထွက်၏။

# ဈေးရောင်းကောင်းအောင် ဓါတ်ရိုက်နည်း

အကယ်၍ တနင်္ဂနွေကို အရောင်းသွက်စေလိုပါက - ၅ ၂ ၆ ၁ ၄ ၇ ၉ } မြ - ဖက် / သန်း - သန်း

အထက်ကပြခဲ့သည့်အတိုင်း ရောင်းလိုသော နံကို အခြားဂြိုဟ်ထား၍ ပဉ္စပွတ်၊ ဆပွတ်နေ့သား၊ ပဉ္စပွတ် ဆပွတ်ဓါတ်သားဖြင့် ရောင်းလိုသောပစ္စည်း၏ ဆပွတ်အချက်အတိုင်း ရိုက်လေ။

အုန်းသီးအရောင်းသွက်လိုသော် မမြသန်းကို ဖက်သန်းတုတ်ဖြင့် ရောင်းလိုသော အုန်းသီးများကို ၆ ချက်စီ ရိုက်ခိုင်းရ၏။

ဤနည်းအတိုင်းပင် တနင်္လာနံ ကွမ်း အရောင်းသွက်လိုပါက ၆ ၃ ၇ ၂ ၅ ၁ ၄ } သိန်း - သံ / တင် - တုတ်

မသိန်းတင်ကို ရောင်းလိုသော ကွမ်းများအား သံတုတ်ဖြင့် ဆပွတ်အချက် တိုင်း (၇)ချက်ရိုက်ခိုင်းလျှင် ကွမ်းများ အရောင်းသွက်မည်ဖြစ်၏။ အလွယ်တကူ မှတ်၍ရစေရန်အတွက် ရောင်းလိုသော ပစ္စည်းနှင့် ဓါတ်ရိုက်ရမည့် လူ၊ ဓါတ်သား၊ ရိုက်ရမည့်အချက်တို့ကို အောက်ပါအတိုင်း ဖော်ပြလိုက်သည်။

| | | |
|---|---|---|
| မြသန်း<br>ဖက်သန်းတုတ်<br>၆ ချက် | သိန်းတင်<br>သံတုတ်<br>၇ ချက် | တင်အေး<br>ထန်းအုန်း<br>၁ ချက် |
| ဇော်ဝင်း<br>ဇလပ်<br>၄ ချက် | | အောင်ကြည်<br>အင်ကြင်း<br>၂ ချက် |
| X | ကျော်ညွန့်<br>ကန်စွန်း<br>၃ ချက် | လှဖေ<br>လမု<br>၅ ချက် |

အထက်ပါဇယားကိုကြည့်၍ ကုန်ပစ္စည်းများအရောင်းတွင်ကျယ်အောင် ဓါတ်ရိုက်ရသည်။ ဤဓါတ်ရိုက်နည်းမှာ ပဉ္စပွတ် ဆပွတ်ကို အသုံးပြု၍ ရိုက်ရခြင်း ဖြစ်သည်။

# ကော်သနှင့် ယတြာဖယောင်းတိုင်

အရေးကြီးသောကိစ္စများ၊ အမြန်လိုသော ကိစ္စများရှိလာသောအခါ ကော်သ ဆရာ ဆရာမများသည် ကော်သ ယတြာဖယောင်းတိုင်ကို စီရင်ပေးလေ့ရှိကြ၏။

ထိုယတြာဖယောင်းတိုင်မှာ ကော်သ သင်္ကေတအကောင်း (၈)မျိုးဖြင့် စီရင်ရခြင်းဖြစ်၏။ ဖယောင်းတိုင်ပေါ်တွင် ကော်သ သင်္ကေတအကောင်းရှစ်မျိုးပါရှိသော စက္ကူကိုပတ်ပြီး ကပ်၍လည်းကောင်း၊ ပျားဖယောင်းတွင် ဆေးသွင်း၍လည်းကောင်း စီရင်ပေးလေ့ရှိကြ၏။ ၎င်းဖယောင်းတိုင် တစ်တိုင်စီရင်တိုင်း

"နမောတဿ
ဘဂဝတော၊ အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ . . ."

ဟူသည့် ဂါထာကို ရှစ်ကြိမ်ရွတ်ဆို၍ စီရင်ပေးရလေ၏။ ကိစ္စတစ်ခုအတွက် ၎င်းယတြာဖယောင်းတိုင် (၈)တိုင် စီရင်ပေးရလေ၏။



၎င်းသင်္ကေတများသည်
သင်္ကေတအမှတ်

(၁) (၁၅)
(၃) (၁၃)
(၅) (၁၁)
(၇) (၉)

များ ဖြစ်ရပါမည်။
နေရာလွဲလျှင်လည်း
ရပါသည်။

မိတ္တူကူး၍ သုံးနိုင်ပါသည်။

# ဇော်သနှင့် မကျန်းမာသူတို့အတွက် ယတြာ

ဇော်သပညာတွင် အသည်းအသန် မကျန်းမာသူတို့အတွက် ယတြာ အမြောက်အများရှိ၏။ ထိုအထဲတွင် အင်း (၃)အင်းနှင့် ပြုလုပ်သော ယတြာကို များစွာသုံးသင့်၏။ ထို့ကြောင့် အင်း(၃)အင်း စီမံပုံကို အောက်တွင် ဖော်ပြလိုက်၏။

ပထမဦးစွာ အပင်အင်းကို ပြုလုပ်ရ၏။ အပင်အင်းပြုလုပ်ပုံမှာ လူနာ၏ အသက်ကို (၂)ဖြင့် မြှောက်ပြီး (၄)နှုတ်ပစ်၏။ ဥပမာအားဖြင့် (၃၂)နှစ်ရှိသော တနင်္ဂနွေသမီးအတွက် ယတြာစီရင်သည်ဆိုပါစို့။

၃၂ × ၂ - ၄ = ၆၀

**အပင်အင်း**

| | | |
|---|---|---|
| ၆၁ | ၆၈ | ၆၃ |
| ၆၆ | ၆၄ | ၆၂ |
| ၆၇ | ၆၀ | ၆၅ |

အမြစ်အင်းအတွက် (၁)ခု နှုတ်၍ ပြုလုပ်ရ၏။

**အမြစ်အင်း**

| | | |
|---|---|---|
| ၆၀ | ၆၇ | ၆၂ |
| ၆၅ | ၆၃ | ၆၁ |
| ၆၆ | ၅၉ | ၆၄ |

အညွန့်အင်းအတွက် (၁)ခု တိုး၍ ပြုလုပ်ရ၏။

**အညွန့်အင်း**

| | | |
|---|---|---|
| ၆၂ | ၆၉ | ၆၄ |
| ၆၇ | ၆၅ | ၆၃ |
| ၆၆ | ၆၁ | ၆၈ |

ငင်းခွင်သွားပုံမှာ 'ဓမ္မာနုဝ' ဟုခေါ်သော အင်းသွားနည်းအတိုင်းဖြစ်ပါသည်။ အောက်ပါဂဏန်းများအား ပုံအတိုင်း ရေးသွင်းရပါသည်။

| | | |
|---|---|---|
| ၂ | ၄ | ၉ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

တနင်္ဂနွေသမီးဆိုသော ကြောင့်

လူနာ၏ နံသားကို (၁) ရပ်တိုင်း၍ ဖြတ်ရ၏။ တနင်္ဂနွေသမီးဆိုသော ကြောင့် အုန်းသားကို တစ်ရပ်တိုင်း၍ ဖြတ်ပြီးလျှင် ပိတ်ဖြူဖြင့် အိတ် (၃)လုံးချုပ်၍ အဖျား တွင် တစ်လုံး၊ အလယ်တွင် (၁)လုံး၊ အရင်းတွင် (၁)လုံးချည်ရ၏။ ထိုအိတ်ထဲတွင် ဆန် လက်(၁)ဆုပ်စီ ထည့်ရ၏။ အင်း (၃)အင်းကို အရင်းအဖျားအလယ် အိတ်(၁)လုံးစီတွင် ထည့်ရ၏။ အရင်းတွင်ထားသောအိတ်တွင် ခြေသည်းကို ထည့်ရ၏။ အလယ်တွင် ထားသောအိတ်တွင် လက်သည်းကို ထည့်ရ၏။ အဖျားတွင် ထားသောအိတ်တွင် ဆံပင်ကို ထည့်ရ၏။ ပြီးလျှင် လူနာ၏ လက်ဝဲဘက်တွင် ထား၍ အိပ်ရ၏။ မိုးလင်းသောအခါ ဆပွတ်နေ့သားကို ယူခိုင်းပြီးလျှင် လူနာ၏ ဘုမ္မိအရပ် တွင် စွန့်ပစ်ရ၏။ ဤနည်းမှာ လွယ်ကူသော်လည်း ထိရောက်သောကြောင့် အသုံး ပြုရာ၏။

ထိုအင်း (၃)အင်း လူနာကိစ္စမှမဟုတ်၊ ခါင်းဆေးမင်္ဂလာပြုသောအခါ၌ လည်း အသုံးပြုရသည်ဟု မှတ်လေ။

**ဘုမ္မိအရပ်ဆိုသည်မှာ -**

| | | |
|---|---|---|
| တနင်္ဂနွေသားသမီး | - | တောင်အရပ် |
| တနင်္လာသားသမီး | - | အနောက်တောင်အရပ် |
| အင်္ဂါသားသမီး | - | အနောက်အရပ် |
| ဗုဒ္ဓဟူးသားသမီး | - | အနောက်မြောက်အရပ် |
| ကြာသပတေးသားသမီး | - | အရှေ့မြောက်အရပ် |
| သောကြာသားသမီး | - | အရှေ့တောင်အရပ် |
| စနေသားသမီး | - | မြောက်အရပ် |

# ကေံသနှင့် ခရီးသွား/လူတွေ့ အခါပေးဇယား

ကေံသဆရာများသည် ခရီးသွားခြင်း၊ လူတွေ့ဆုံခြင်း၊ အရောင်းအဝယ် ဈေးဆိုင်ခြင်းကိစ္စများတွင် အောက်ပါအတိုင်း အခါယူကြရာ၏။

| | ၆ နာရီ မှ ၈ း ၂၄ | ၈ း ၂၅ မှ ၁၀ း ၄၈ | ၁၀ း ၄၉ မှ ၁ း ၁၂ | ၁ း ၁၃ မှ ၃ း ၃၆ | ၃ း ၃၇ မှ ၆ း ၀၀ |
|---|---|---|---|---|---|
| တနင်္ဂနွေ | ပုဏ္ဏားရှင်ဘုရင်ဖြစ် | ဒေဝဒတ်မြေမျို | မုဆိုးရွှေအိုးရ | x | သွေးအန် |
| တနင်္လာ | သွေးအန် | ပုဏ္ဏားရှင်ဘုရင်ဖြစ် | ဒေဝဒတ်မြေမျို | မုဆိုးရွှေအိုးရ | x |
| အင်္ဂါ | x | သွေးအန် | ပုဏ္ဏားရှင်ဘုရင်ဖြစ် | ဒေဝဒတ်မြေမျို | မုဆိုးရွှေအိုးရ |
| ဗုဒ္ဓဟူး | မုဆိုးရွှေအိုးရ | x | သွေးအန် | ပုဏ္ဏားရှင်ဘုရင်ဖြစ် | ဒေဝဒတ်မြေမျို |
| ကြာသပတေး | ဒေဝဒတ်မြေမျို | မုဆိုးရွှေအိုးရ | x | သွေးအန် | ပုဏ္ဏားရှင်ဘုရင်ဖြစ် |
| သောကြာ | ပုဏ္ဏားရှင်ဘုရင်ဖြစ် | ဒေဝဒတ်မြေမျို | မုဆိုးရွှေအိုးရ | x | သွေးအန် |
| စနေ | သွေးအန် | ပုဏ္ဏားရှင်ဘုရင်ဖြစ် | ဒေဝဒတ်မြေမျို | မုဆိုးရွှေအိုးရ | x |

# ကော်သန့် လတ်တလောယတြာ

ဗေဒင်မေးသူက "ကျွန်တော်ဒီကိစ္စ ဆောင်ရွက်ချင်ပါသည်။ အောင်မြင်အောင် ဆရာလုပ်ပေးပါ။ အောင်မြင်လျှင် ဆရာ့ကို ကျေးဇူးဆပ်ပါမည်" ဟု ပြောလာသောအခါ၌ ဆရာလုပ်သူသည် အလျားလေးကွက်၊ အနံလေးကွက်ရှိသော (၁၆)ကွက်အင်းပေါင်းကို ရေးရ၏။ ပြီးလျှင် အစဉ်အတိုင်း ၁-၂-၃-၄- . . . ၁၆ အထိ ရေးရ၏။

| | | | |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၈ |
| ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၃ | ၁၄ | ၁၅ | ၁၆ |

ထို့နောက် ဗေဒင်မေးသူအား လက်ညှိုးဖြင့် ထောက်ခိုင်းရ၏။ စုံဂဏန်းကို ထောက်မိလျှင် စေတီတော်သို့ လှူတ်၍ ပုတီးစိတ်ခိုင်းရ၏။ စိတ်ရမည့် ဂါထာမှာ -

> ဥုမ် ပေယျာလ ချန်
> ငါ၏ ကံ
> အမှန်ကောင်းလေပြီ . . .

ဥပမာအားဖြင့် ၂ ဂဏန်းကို ထောက်လျှင် ပုတီး ၂ ပတ်၊ ၂ ရက် ဆက်တိုက် စိပ်ခိုင်းပါ။ ဤအတိုင်း ၄ ရက်၊ ၆ ရက်၊ ၁၂ ရက်၊ ၁၄ ရက်၊ ၁၆ ရက် . . . ပုတီးပတ်များလည်း ထိုအတိုင်း ဖြစ်ပါသည်။

အကယ်၍ မ ဂဏန်းကို ထောက်လျှင်မူ ယတြာလုပ်၍ ပေးရမည်။

၁ ဂဏန်းကို ထောက်မိလျှင် "**အပ်ချမတ်ချယတြာ**" လုပ်ပေးပါ။

၃ ဂဏန်းကို ထောက်မိလျှင် "**စိန်တစ်တင်း၊ ချင်းတစ်တက်ယတြာ**" လုပ်ပေးပါ။

၅ ဂဏန်းကို ထောက်မိလျှင် "**မနောမယ ယတြာ**" လုပ်ပေးပါ။

၇ ဂဏန်းကို ထောက်မိလျှင် "**နငယ်နကွင်းပိတ်ယတြာ**" လုပ်ပေးပါ။

၉ ဂဏန်းကို ထောက်မိလျှင် "**၉ တိုင်း ၉ ဌာန ယတြာ**" လုပ်ပေးပါ။

၁၁ ဂဏန်းကို ထောက်မိလျှင် "**၁၁ မီးငြိမ်း ယတြာ**" လုပ်ပေးပါ။

၁၃ ဂဏန်းကို ထောက်မိလျှင် "**အိုးဆင့်သော ယတြာ**"
(အိုးချင်းထား အိုးချင်းထိ) ယတြာလုပ်ပေးပါ။

၁၅ ဂဏန်းကို ထောက်မိလျှင် "**အပေါင်းဓာတ် ယတြာ**" ကို ဆရာလုပ်သူက စီစဉ် ပြုလုပ်ပေးရ၏။ ပြုလုပ်ပေးသော ယတြာရက်အတွင်း၌ ဆရာသည် ထိုသူ့အတွက် အောင်မြင်စေကြောင်း မေတ္တာဓာတ်များ သွန်းလောင်းရ၏။ ထိုသူ၏ အဝတ်၊ ထိုသူ၏ ဓာတ်ပုံ စသည်တို့အပေါ်တွင် မေတ္တာပို့ထားသော ရေကို သွန်းလောင်းချရ၏။

## အပ်ချမတ်ချ ယတြာ

အကယ်၍ အပ်ချမတ်ချယတြာဆောင်ရွက်ရန် လိုအပ်လာသောအခါ အောက်ပါအတိုင်း ဆောင်ရွက်ရပေမည်။

ကြွေပန်းကန်ပြား အဖြူတစ်ချပ်ပေါ်တွင် အပ်ကလေးတစ်ချောင်းကို တင်ရပါမည်။ ထိုအပ်အပေါ်တွင် မတ်စေ့တစ်စေ့ တင်ရပါမည်။ ထိုမတ်စေ့ပေါ်တွင် ဖယောင်းတိုင်တစ်တိုင်စိုက်၍ ထွန်းရပါမည်။

ထိုသို့ထွန်းပြီးနောက် ဘုရားစင်တွင်လှူရင်း မိမိ၏ လိုအင်ဆန္ဒများ အပ်ချမတ်ချ အပိုင်သေချာစွာ အောင်မြင်ရပါလို၏ဟု လေးနက်စွာဆုတောင်းရမည် ဖြစ်ပါသည်။

မိမိကိစ္စသည် သာမန်မျှသာဖြစ်ပါက တစ်ကြိမ်သာလျှင် လုပ်ရပါမည်။ လွန်စွာ အရေးကြီးလျှင် (၁၀)ရက်တိတိ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## စိန်တစ်တင်း ချင်းတစ်တက်ယတြာ

အကယ်၍ စိန်တစ်တင်း ချင်းတစ်တက်ယတြာ ဆောင်ရွက်ရန်လိုအပ်လာလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရပေမည်။

ကြွေပန်းကန်ပြား အဖြူတစ်ချပ်ပေါ်တွင် ချင်းတက်တစ်တက် တင်ရပါမည်။ ၎င်းချင်းတက်ပေါ်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းရပါမည်။ ထိုသို့ထွန်း၍ ဘုရားစင်တွင်တင်လှူရင်း မိမိ၏ လိုအင်ဆန္ဒများတွင် အမှားအယွင်း အလွဲအချော် များရှိနေပါက ပြေပျောက်သွားရန်၊ မိမိလိုအင်ဆန္ဒများ အလွဲအချော် အနှောက် အယှက်မရှိဘဲ အောင်မြင်ရန် အလေးအနက်ဆုတောင်းရမည်ဖြစ်ပါသည်။

ထိုယတြာကို သာမန်ကိစ္စအတွက်ဆိုလျှင် တစ်နေ့တစ်ကြိမ် သုံးရက်ပြုလုပ်ရပါမည်။ လွန်စွာအရေးကြီးလျှင်မူ တစ်နေ့လျှင်တစ်ကြိမ် (၁၂)ရက်ဆက်တိုက် ပြုလုပ်ရမည်ဖြစ်ပါသည်။

## နငယ် နက္ခင်းပိတ်ယတြာ

အကယ်၍ နငယ်နကွင်းပိတ်ယတြာ အောင်ရွက်ရန် လိုအပ်လာပါက အောက်တွင် ဖော်ပြထားသော စမ၏အလယ်တွင် မိမိမလိုချင်သော၊ မလိုအပ်သော၊ မသိချင်သော အကြောင်းအရာ၊ လူပုဂ္ဂိုလ်တို့၏ အမည်စသည်တို့ကို ရေးသား ရပါမည်။ ထိုစာရွက်ကို ဖယောင်းတိုင်တွင် ပတ်ရပါမည်။ ထိုအတိုင်း မီးညှိလျှုဒါန်း ပြီး မိမိ မလိုချင်၊ မသိချင်၊ မရချင်သောကိစ္စများ ရပ်သွား၊ ပိတ်သွား၊ ပြီးသွားရန် ဆုတောင်းရမည်ဖြစ်ပါသည်။

မိမိ၏ အကြောင်းအရာကိစ္စသည် သာမန်မျှသာဖြစ်လျှင် ထိုယတြာကို တစ်နေ့လျှင်တစ်ကြိမ်၊ ခုနှစ်ရက်ပြုလုပ်ရပါမည်။ ကိစ္စကြီးလျှင် (၁၆)ရက်ဆက်တိုက် ပြုလုပ်ရမည်ဖြစ်ပါသည်။



## မနောမယ ယတြာ

အကယ်၍ မနောမယ ယတြာ ဆောင်ရွက်ရန် လိုအပ်လာပါက ကြေးလင် ပန်းတစ်ချပ်တွင် ကိုးကွက်အင်းဟူသော အကွက်ကိုးကွက်ပါသည့်အင်းကို ရေးသား ရပါမည်။ ထိုအကွက်များတွင် မှော်ဝိဇ္ဇာ၊ ရသေ့ . . . စသည်တို့ကိုလည်း မှန်ကန်စွာ ရေးသွင်းရပါမည်။ မိမိ၏ ကိစ္စအကြောင်းအရာကိုလိုက်၍ ဖော်ပြထားသည့် အကွက် များတွင် ဖယောင်းတိုင်ထွန်း၍ ဆုတောင်းရန်ဖြစ်ပါသည်။

ယခင်က လွန်စွာအသုံးဝင်ခဲ့၏။ ထိုလင်ပန်းကလေးသည် ယတြာပြုလုပ်ရာ၌ လွန်စွာအသုံးပြုခဲ့၏။ အကျိုးလည်း ကျွန်ုပ်လည်း ထိုလင်ပန်းကလေးကို စွဲစွဲမြဲမြဲအသုံးပြုခဲ့၏။ အကျိုးလည်း လွန်စွာထူး၏။ အချို့ကိစ္စများတွင် ထိုလင်ပန်းကလေးသည် အံ့ဩလောက်အောင် အစွမ်းပြခဲ့လေ၏။

ထိုလင်ပန်းမှာ အောက်ပါပုံစံအတိုင်းဖြစ်၏။



ထိုကြေးလင်ပန်းတွင် အကွက်အားဖြင့် (၉)ကွက်ရှိပါသည်။ (၉)ကွက်၏ အနက်အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**သီလရှင်**

ဤအကွက်တွင် ငွေကြေးကိစ္စနှင့် ပတ်သက်သော အကြောင်းအရာများ၊ ခရီးသွားခြင်းနှင့် ပတ်သက်သော အကြောင်းအရာများ၊ ပညာရေးကိစ္စများ၊ အသိဉာဏ်ပွင့်လင်းရေးကိစ္စများ။

**ရသေ့ကြီး**

ထိုအကွက်သည် အားသွန်ခွန်စိုက်လုပ်ရမည့်ကိစ္စများ၊ အမိန့်ဒဏ်ကိစ္စများ၊ ဘုရားဖူးသွားခြင်းကိစ္စများ၊ ကြိုတင်ပြင်ဆင်သောကိစ္စများ၊ မကောင်းသောအတတ်ဖြင့် ပြုလုပ်ထားသည်ကို ဖြေရှင်းရသည့်ကိစ္စများ၊ ကျင့်စဉ်နှင့် ပတ်သက်သော ကိစ္စများ။

**သူကြီး**

အမှုအခင်းနှင့်ပတ်သက်သောကိစ္စများ၊ အချုပ်အနှောင်နှင့်ပတ်သက်သောကိစ္စများ၊ ရုံးပြင်ကနားနှင့်ပတ်သက်သောကိစ္စများ၊ အထက်လူကြီးနှင့်ပတ်သက်သောကိစ္စများ။

**မနုဿီဟနှစ်ကောင်**

အတိုက်အခံနှင့်ပတ်သက်သောကိစ္စများ၊ သိမ်မွေ့စေလိုသောကိစ္စများ၊ အမှန်အကန်ဖြစ်စေလိုသောကိစ္စများ၊ မိတ်ဆွေအပေါင်းအသင်းတိုးပွားလိုသောကိစ္စများ၊ ညီညွတ်စေခြင်းနှင့်ပတ်သက်သောကိစ္စများ။

**သူကြီးကတော်**

အောင်မြင်မှုရရှိမှုနှင့် ပတ်သက်သောကိစ္စများ၊ ရာထူးတက်ခြင်း၊ စီးပွားတက်ခြင်းနှင့်ပတ်သက်သောကိစ္စများ၊ သစ်ပင်ပန်းပန်နှင့် ပတ်သက်သောကိစ္စများ၊ မြေကွက် မြေနေရာစသည်တို့နှင့်ပတ်သက်သောကိစ္စများ၊ ကလေးမွေးဖွားခြင်းနှင့်သက်ဆိုင်သော ကိစ္စများ၊ အလှအပ ယဉ်ကျေးမှုနှင့်ဆိုင်သောကိစ္စများ၊ လက်ဝတ်ရတနာ၊ စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်နှင့်ပတ်သက်သောကိစ္စများ

**သမီးရည်းစား**

အချစ်ရေးကိစ္စ၊ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ၊ မင်္ဂလာဆောင်သောကိစ္စ၊ ဆွဲဆောင်လိုသောကိစ္စ၊ မြတ်နိုးစေချင်သောကိစ္စ၊ စပ်တူရှယ်ယာလုပ်သောကိစ္စ၊ လင်ကွဲမယားကွဲကိစ္စ၊ မယားငယ်နေခြင်း၊ လင်ငယ်နေခြင်းကိစ္စ။

**မှော်စက်ရှင်**

အလိမ်ခံရသောကိစ္စ၊ လိမ်လည်သူဟု စွပ်စွဲခံထားရသောကိစ္စ၊ အသစ်ဖြစ်စေလိုသောကိစ္စ၊ နာမည်ကြီးခြင်း၊ လူသိများခြင်းနှင့်ဆိုင်သောကိစ္စ၊ မခံချင်စိတ်နှင့်ပြုလုပ်သောကိစ္စ။

**ရှာသူ**

မိန်းမအနှောင့်အယှက်နှင့်ပတ်သက်သောကိစ္စ၊ မိမိကိုယ်ကို ယုံကြည်စေလိုသောကိစ္စ၊ မြဲမြံခိုင်မာစေလိုသည့်ကိစ္စ၊ အာမခံထားခြင်းနှင့် ပတ်သက်သောကိစ္စ၊ လူတစ်ဖက်သားအား ပြဿနာရှာလိုသောကိစ္စ တို့နှင့် ပတ်သက်၏။

## ၉ တိုင်း ၉ ဌာန ယတြာ

လိုအပ်လာပါက အဒ္ဓ
အကယ်၍ ၉ တိုင်း ၉ ဌာန ယတြာဆောင်ရွက်ရန် စတီးလင်ပန်း (သို့မဟုတ်) ကြွေရည်သုတ်
လင်ခွင်ကို ကြေးလင်ပန်း (သို့မဟုတ်) တစ်နေ့လျှင် ဖယောင်းတိုင် တစ်တိုင်
လင်ပန်းပေါ်တွင်ရေး၍ တနင်္ဂနွေထောင့်မှာ ပူဇော်ရမည်။ ပြီးလျှင် တနင်္လာထောင့်မှာ
ထွန်း၍ (၆)ရက်တိတိ ဘုရားမီး ဗုဒ္ဓဟူးထောင့်မှာ (၁၇)ရက်တိတိ၊
(၁၅)ရက်တိတိ၊ အင်္ဂါထောင့်မှာ (၈)ရက်တိတိ၊ ကြာသပတေးထောင့်မှာ (၁၉)ရက်တိတိ၊ ရာဟု
စနေထောင့်မှာ (၁၀)ရက်တိတိ၊ သောကြာထောင့်မှာ (၂၁)ရက်တိတိ ဘုရားမီးပူဇော်
ထောင့်မှာ (၁၂)ရက်တိတိ၊ ဂုဏ်တော်ပုတီးစိပ်ရမည်။ တောင်းသောဆု
ရမည်။ ဘုရားမီးပူဇော်ထားချိန်မှာ
ပြည့်၏။ အခက်အခဲကို ကျော်လွှားနိုင်သော ယတြာဖြစ်၏။

## (၁၁)မီးငြိမ်း ယတြာ

အကယ်၍ (၁၁)မီးငြိမ်းယတြာကို ဆောင်ရွက်ရန်လိုအပ်လာပါက နေ့
(၁၁)နာရီတိတိတွင် စေတီတစ်ဆူဆူ၏ ရာဟုထောင့်မှာ ဖယောင်းတိုင် အနီရောင်
(၁၁)တိုင် ထွန်းညှိပူဇော်ပြီး၊ ဖယောင်းတိုင်များ တစ်ဝက်ခန့်အထိ လောင်ကျွမ်း၍
တိုသွားသောအခါ၌ အညာပါသော ကွမ်းရွက် (၁၁)ရွက်ကို ကတော့ပုံလိပ်၍
မီးတောက်နေသော ဖယောင်းတိုင်များ၏ မီးဆွယ်များပေါ်သို့ ဖုံးအုပ်ပြီး၊ မီးသတ်
ပစ်ရမည်။ အနှောက်အယှက်၊ အတိုက်အခိုက်များ ချုပ်ငြိမ်းသွားပြီဟု မှတ်ယူရမည်။
ရန်မီးငြိမ်းသော ယတြာကောင်းတစ်ခုဖြစ်သည်။

## အပေါင်းခတ် ယတြာ

အကယ်၍ အပေါင်းခတ်ယတြာဆောင်ရွက်ရန် လိုအပ်လာပါက
ရန်ကုန်မြို့၊ ဝင်ဒါမီယာတွင်ရှိသော ခတ်ပေါင်းစုဘုရား၏ ကြာသပတေးထောင့်
နှင့် စနေထောင့်များ၌ ကောက်ညှင်းပေါင်းအဖြူ ဆွမ်းတော်ကပ်ရမည်။ တပေါင်း
လပြည့်နေ့ဖြစ်ပါက ပို၍ကောင်းမြတ်လှပေသည်။ ဆောင်ရွက်မည့် သမ္မာအာဇီဝ
လုပ်ငန်းကိစ္စများ အောင်မြင်ရန် ဆုတောင်းရမည်။ အစွမ်းထက်သော ယတြာကောင်း
တစ်ခုဖြစ်ပါသည်။

# အိုးဆင့်သော ယတြာ

အကယ်၍ အိုးဆင့်သောယတြာဆောင်ရွက်ရန် လိုအပ်လာပါက အောက်တွင်ဖော်ပြထားသည့်အတိုင်း ကြီးစဉ်ငယ်လိုက် အိုး(၇)လုံးကို ထပ်၍ ထပ်၍ ဆင့်သွားရမည်။ အိုးများကို ရေဖြည့်ရမည်။ အပေါ်ဆုံး အိုးသေး၌ ထီးဖြူ ထီးနီ၊ တံခွန်နီ၊ တံခွန်ဖြူ၊ ယပ်ဖြူ၊ ယပ်နီ စသည်တို့ တစ်ချောင်းစီ ထည့်ထားရမည်။ ညောင်ပင်ကြီးကြီး၏ အင်္ဂါထောင့်မှာထား၍ ယတြာပြုအပ်၏။ လိုရာဆု တောင်းပါ။ အောင်မြင်လတ္တံ့။



# ဂေါ်သနှင့် အိမ်မြဲစေသော ယတြာ

တနင်္ဂနွေသားသည် မအေးဆိုသော မယားကြီးရှိ၏။ ထိုသို့ရှိပါလျက် မဦးဆိုသော မယားငယ်ကိုထား၏။ ထိုအခါ မယားကြီး မအေးသည် မဦးထံသို့ သွားနေသည်ကို မနှစ်သက်၍ အိမ်မြဲစေရန် ဂေါ်သဆရာထံသို့ လာရောက်စေခိုင်း၏။ ထိုအခါ၌ ဂေါ်သဆရာသည် အောက်ပါအတိုင်း စာတတ်ဆင်ပေးရ၏။

| မြဲစေလိုသူ | ရေးရမည့်သစ်ရွက်နှင့် ရေးရမည့်ဗျည်း | ပြုလုပ်ပေးရမည့်အခါ | မျက်နှာပြုရမည့် အရပ် | နင်းရမည့်သစ်ရွက် |
|---|---|---|---|---|
| တနင်္ဂနွေသား | ထန်းရွက်(နငယ်ရေး) | သောကြာအခါ | အနောက်အရပ် | သီဟိုဠ် |
| တနင်္လာသား | အုန်းရွက် (အ) | စနေအခါ | မြောက်စူးစူး | ထန်းရွက် |
| အင်္ဂါသား | ကွမ်းရွက် (ခ) | တနင်္ဂနွေအခါ | အနောက်တောင် | အုန်းညွန့် |
| ဗုဒ္ဓဟူးသား | ဇီးရွက် (ဆ) | တနင်္လာအခါ | အရှေ့မြောက် | ကန့်ကော် |
| ကြာသပတေး | ဝါးရွက် (လ) | အင်္ဂါအခါ | အရှေ့စူးစူး | ဇီးရွက် |
| သောကြာသား | ပဲရွက် (ဖ) | ဗုဒ္ဓဟူးအခါ | အရှေ့တောင် | ဝါးရွက် |
| စနေသား | သီးရွက် (သ) | ကြာသပတေးအခါ | တောင်စူးစူး | ပဲရွက် |

သောကြာအခါတွင် သီဟိုဠ်ရွက်ကိုနင်း၍ အနောက်ဖက်သို့ မျက်နှာ ပြုကာ ထန်းရွက်ပေါ်တွင် (န) အက္ခရာရေးကာ မယားငယ်ထံသွားနေသော ယောကျ်ား၏ အိပ်ယာအောက်တွင် ထိုထန်းရွက်ကို ထည့်ထားရ၏။ ထိုသို့ ထည့်ထား လိုက်ပါက ထိုတနင်္ဂနွေသားသည် မယားငယ်ဖြစ်သော မဦးထံသို့ မသွားတော့ပဲ မအေးထံတွင်သာ မြဲနေလတ္တံ့။

# ဂေါ်သနှင့် ရုက္ခစိုးယတြာ

သေရေးရှင်ရေးတမျှ အရေးကြီးသော ကိစ္စများရှိလာသောအခါ ဂေါ်သဆရာ ဆရာမများသည် ရုက္ခစိုးယတြာကို ပေးလေ့ရှိ၏။ သတိပြုရန်မှာ ထိုယတြာအား အမှန်တကယ် လိုအပ်သော အခြေအနေများ ကြုံတွေ့လာမှသာ အသုံးပြုရန်ဖြစ်၏။

ထိုယတြာလုပ်ပုံမှာ မိမိအိမ်နှင့် အနီးဆုံး သစ်ပင်တစ်ပင်မှ သစ်ရွက်တစ်ရွက်ကို ခူး၍ ထိုသစ်ရွက်ပေါ်တွင် ဖယောင်းတိုင် ထွန်းရမည်။ တစ်နေ့လျှင် ရှစ်တိုင် ထွန်းရမည်။ ထိုသို့ (၈) ရက် ဆက်တိုက်ထွန်းရမည် ဖြစ်၏။ ထိုသို့ ဖယောင်းတိုင် မီးထွန်းတိုင်း ထိုအပင်မှာရှိသော ရုက္ခစိုးအား တိုင်တည်၍ မိမိ၏ ပြဿနာ အသေးစိတ်ကို တတွတ်တွတ် ရွတ်ဆို ဆုတောင်းရမည်။ အကယ်၍ ထိုသစ်ပင်မှ ရုက္ခစိုး (သို့) ပုဂ္ဂိုလ်သတ္တဝါသည် မိမိ၏ ပြဿနာများအား ဖြေရှင်းပေးနိုင်သော အစွမ်းမရှိပါက နီးစပ်ရာ အပင်မှ ရုက္ခစိုးများအား တစ်ဆင့် အကြောင်းကြားပေးပါရန် တတွတ်တွတ် ပြောဆိုပေးရမည်။

မည်မျှ ကြီးမားသော အခက်အခဲ ပြဿနာဖြစ်စေ . . . ဤယတြာ ပြုလုပ်လျှင် ပြေလည်သွားသည်သာ ဖြစ်၏။ ဤရုက္ခစိုးယတြာသည် ဂေါ်သ ဆရာ ဆရာမတို့၏ လွန်စွာ အစွမ်းထက်သော ယတြာတစ်ခုဖြစ်ကြောင်း မှတ်ယူပါ။

# ကော်သနှင့် အခါပေးခြင်း၊ အိမ်ဆောက်ခြင်း၊ ကျောင်းဆောက်ခြင်း ဆိုင်ဖွင့်အခါပေးခြင်း

အခါပေးသောအခါ၌ အချိန် (၈) ပိုင်း ပေးရ၏။

* **တနင်္ဂနွေအချိန်** ဆိုပါက အရှေ့မြောက်ထောင့်က သက်ကြီးရွယ်အို လာလိမ့်မည်ဟု နိမိတ်ကို ပြောရ၏။ အခါမင်္ဂလာပန်းကိုမူ အင်္ဂါနံ သောကြာနံ ပန်းများ ပေးရ၏။

* **တနင်္လာအခါ** ဖြစ်ပါက ပန်းများကို ပွေ့၍လာခြင်း ပန်၍လာခြင်း တွေ့မြင်ရလိမ့်မည်။ အခါမင်္ဂလာပန်းကိုမူ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံပန်းများကို ပေးရ၏။

* **အင်္ဂါအချိန်** ဖြစ်ပါက ခွေးဟောင်သံ အပါအဝင် တိရစ္ဆာန် ဟိန်းဟောက်သံ ကြားရ၏။ အခါမင်္ဂလာပန်းကိုမူ တနင်္ဂနွေ၊ စနေနံပန်းကို ပေးရ၏။

* **ဗုဒ္ဓဟူးအခါ** ဖြစ်ပါက တူရိယာသံကို ကြားရလိမ့်မည်။ အခါမင်္ဂလာပန်းကိုမူ တနင်္လာနံ၊ ကြာသပတေးနံပန်းများကို ပေးရ၏။

* **ကြာသပတေးအခါ** ဖြစ်ပါက ရယ်မောသံများ ကြားရလိမ့်မည်။ အခါမင်္ဂလာပန်းကိုမူ အင်္ဂါနံ၊ သောကြာနံပန်းများကို ပေးရ၏။

***သောကြာအခါ** ဖြစ်ပါက လေချွန်သံ အပါအဝင် လေမှုတ်ကိရိယာသံ ကြားရလိမ့်မည်။ အခါမင်္ဂလာပန်းကိုမူ တနင်္ဂနွေ၊ ဗုဒ္ဓဟူးနံပန်းများ ပေးရ၏။

***စနေအခါ** ဖြစ်ပါက ဓား၊ လှံ၊ လက်နက်များ၊ လက်သမား အသုံးအဆောင် ကိရိယာများ ကိုင်လာသည်ကို တွေ့ရမည်။ အခါမင်္ဂလာပန်းကို တနင်္ဂနွေနံ၊ ကြာသပတေးနံ ပန်းကို ပေးရ၏။

# ဇကံသနှင့် ဂြိုဟ် (၈) ခွင် ယတြာ

ကျန်းမာရေး အလွန်ညံ့လျှင်သော်လည်းကောင်း ဇကံသဆရာများသည် အောက်တွင် ဖော်ပြသော ဂြိုဟ်ရှစ်ခွင်အင်းကို ပြုလုပ်၍ ဆီမီးခွက်တွင် ထည့်ကာ ကာယကံရှင်၏ ပတ်ပတ်လည်တွင် သူ့ထောင့်နှင့်သူ ဆီမီးခွက်များထား၍မီးထွန်း၏။ မီးစာချည်မျှင်ကိုမူ ဂြိုဟ်သက်အတိုင်း ပြုလုပ်ရလေ၏။

ဆီမီးခွက်ထဲတွင် ထိုအင်းများကိုထည့်၍ ဆီတစ်ကျပ်သားစီ ထည့်ကာ ဂြိုဟ်သက်အလိုက် ကျိုးခြေမီးစာကျစ်ပြီး မီးထွန်းလေ။

| | | |
|---|---|---|
| ၁ | ၄ | ၈ |
| ၅ | မွေးနံ | ၂ |
| ၃ | ၆ | ၀ |

| | | |
|---|---|---|
| ၂ | ၀ | ၆ |
| ၈ | မွေးနံ | ၃ |
| ၄ | ၁ | ၅ |

| | | |
|---|---|---|
| ၃ | ၅ | ၁ |
| ၆ | မွေးနံ | ၄ |
| ၀ | ၂ | ၈ |

| | | |
|---|---|---|
| ၆ | ၃ | ၅ |
| ၀ | မွေးနံ | ၁ |
| ၂ | ၈ | ၄ |

ယတြာ

ချေမည့်သူ

| | | |
|---|---|---|
| ၄ | ၈ | ၂ |
| ၁ | မွေးနံ | ၀ |
| ၅ | ၃ | ၆ |

| | | |
|---|---|---|
| ၈ | ၂ | ၀ |
| ၄ | မွေးနံ | ၆ |
| ၁ | ၅ | ၃ |

| | | |
|---|---|---|
| ၅ | ၁ | ၄ |
| ၃ | မွေးနံ | ၈ |
| ၆ | ၀ | ၂ |

| | | |
|---|---|---|
| ၀ | ၆ | ၃ |
| ၂ | မွေးနံ | ၅ |
| ၈ | ၄ | ၁ |

# ကော်သနှင့် အင်းအတတ်

မိတ်ဂြိုဟ်တက်အင်း၊ ဆုတ်အင်းတို့ကို စီရင်လိုလျှင် ဘြိုရန်း၊ စတုရန်း၊ အပြင်က အောင်ပ အမြစ်ဂြိုဟ်တို့ကို ပေါင်း၍ ကိုးနဝင်းအဆင့်ဆင့် သွားရ၏။ အပြင်က အောင်ပကုလားကို ရံရာ၏။

| | | | | | | | |
|---|---|---|---|---|---|---|---|
| နေ့စဉ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ဘြိုရန်း | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| စတုရန်း | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| အမြစ် | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ဂြိုလ်ပေါင်း | ၁၄ | ၁၀ | ၁၃ | ၁၆ | ၁၂ | ၈ | ၁၁ |

### တနင်္ဂနွေအဖို့ မိတ်နံဂြိုဟ်တက်အင်း

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၇၈ | ၁၅ |
| ၇၈ | ၁၄ | ၂၃ | ၃၂ | ၂၄ |
| ၃၆ | ၇၇ | ၁ | ၄၁ | ၃၆ |
| ၂၄ | ၆၈ | ၅၉ | ၅၀ | ၇၈ |
| ၁၅ | ၇၈ | ၃၆ | ၂၄ | ၁၅ |

### တနင်္ဂနွေအဖို့ မိတ်နံဂြိုဟ်ဆုတ်အင်း

| | | | | |
|---|---|---|---|---|
| ၁၅ | ၇၈ | ၃၆ | ၂၄ | ၁၅ |
| ၂၄ | ၁၄ | ၇၇ | ၆၈ | ၇၈ |
| ၃၆ | ၂၃ | ၁ | ၅၉ | ၃၆ |
| ၇၈ | ၃၂ | ၄၁ | ၅၀ | ၂၄ |
| ၁၅ | ၂၄ | ၃၆ | ၇၈ | ၁၅ |

လက်ဝဲရစ်သွားထားသည်ကို သတိပြု

| | | | | | | | |
|---|---|---|---|---|---|---|---|
| နေ့စဉ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ပဋ္ဌပွတ် | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ဆပွတ် | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| အညွန့် | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ဂြိုလ်ပေါင်း | ၁၃ | ၁၆ | ၁၂ | ၈ | ၁၁ | ၁၄ | ၁၀ |

**တနင်္ဂနွေအဖို့ ရန်ဂြိုဟ်တက်အင်း**

| | | | | |
|---|---|---|---|---|
| ၁၃ | ၂၅ | ၆၇ | ၄၈ | ၁၃ |
| ၄၈ | ၁၃ | ၂၂ | ၃၀ | ၂၅ |
| ၆၇ | ၇၆ | ၁ | ၄၀ | ၆၇ |
| ၂၅ | ၆၇ | ၅၈ | ၄၉ | ၄၈ |
| ၁၃ | ၄၈ | ၆၇ | ၂၅ | ၁၃ |

**တနင်္ဂနွေအဖို့ ရန်ဂြိုဟ်ဆုတ်အင်း**

| | | | | |
|---|---|---|---|---|
| ၁၃ | ၄၈ | ၆၇ | ၁၅ | ၁၃ |
| ၂၅ | ၁၃ | ၇၆ | ၆၇ | ၄၈ |
| ၆၇ | ၂၂ | ၁ | ၅၈ | ၆၇ |
| ၄၈ | ၃၀ | ၄၀ | ၄၉ | ၂၅ |
| ၁၃ | ၂၅ | ၆၇ | ၄၈ | ၁၃ |

**လက်ဝဲရစ်သွားထားသည်ကို သတိပြု**

* မိတ်ဂြိုဟ်တက်အင်းကို မိတ်ဖြစ်စေခြင်းငှာ သုံး၏။
* မိတ်ဂြိုဟ်ဆုတ်အင်းကို ရန်အတွက် သုံး၏။
* ရန်ဂြိုဟ်ဆုတ်အင်းကို ရန်သူအတွက် စီရင်ရ၏။
* ရန်ဂြိုဟ်တက်အင်းကိုမူကား သမားလက်ကုန်အရာ၌ မိမိအတွက် စီရင်လေ။

# ကော်သနှင့် ဂဏန်းဗေဒင်

ကော်သပညာတွင် ဂဏန်းဗေဒင်ကိုလည်း အသုံးပြုတတ်သေး၏၊ အသုံးပြုနည်းကို ဆရာလုပ်သူက တပည့်ဖြစ်သူအား အကျယ်သင်ပြပေးရမည်ဖြစ်၏။ သို့ရာတွင် ကိန်းဂဏန်းတို့ အချင်းချင်းအဆက်အသွယ် ရှိပုံကို အောက်ပါအတိုင်း သိထားရ မည်ဖြစ်၏။

1 နှင့် 2 - 4 - 5
2 နှင့် 7 - 1 - 4 - 5 - 6 - 3
3 နှင့် 2 - 5 - 6 - 9
4 နှင့် 1 - 2 - 5 - 8 - 7
5 နှင့် ဂဏန်းအားလုံး
6 နှင့် 3 - 2 - 5 - 8 - 9
7 နှင့် 4 - 5 - 8
8 နှင့် 1 - 3 - 5 - 6
9 နှင့် 6 - 5 - 8




ဤဇယားသည် ဂဏန်းဗေဒင်၏ အခြေခံဇယားပင်ဖြစ်၏။ ဂဏန်းဗေဒင် ပညာကို ကော်သဆရာက မိမိထံတွင် သင်ကြားနေသူအား စနစ်တကျ သင်ကြား ပေးရမည်ဖြစ်၏။ ထိုသို့ သင်ကြားပေးရာတွင် ဆရာမင်းသိန်း သတ်မှတ်ပေးထား သော ပုံစံအတိုင်းသာ သင်ကြားပေးရမည်။ ဂဏန်းဗေဒင်နှင့် ပတ်သက်၍ ဇယားများ ပြုလုပ်ထားသည်ကိုလည်း ကူးယူခွင့် ပေးရမည်။ ဆရာမင်းသိန်းတီထွင်ထားသော ဂဏန်းဗေဒင်အတွက် နည်းများကိုလည်း တစ်ဆင့် ပြန်လည်ပြသပေးရမည်။ ထိန်ချန်ခြင်းမပြုရ။

# ဇော်ဂျီနှင့် အတာပွဲခြင်း

ရှေးနှစ်ပေါင်းများစွာက ဣသရေလ နှင့် အဲဂုတ္တများသည် သဲပြင်ပေါ်၌ ပြုလုပ်ကြ၏။ ယခုအခါ၌ ကျောက်သင်ပုန်း၌ဖြစ်စေ၊ စက္ကူ၌ဖြစ်စေ ပြုလုပ် ရေးခြစ်နိုင်သည်။ အစက်အပျောက်ဖြစ်စေ၊ အတွန့်များဖြစ်စေ၊ နှစ်သက်ရာကို ပြုလုပ်နိုင်၏။

The hand should be allowed automatically
to make the lines of points.....

ရေးခြစ်သောအခါ (သို့မဟုတ်) အတွန့်များ တွန့်သောအခါ၌ လက်ကို ချုပ်တီးမှု မပြုလုပ်ဘဲ လွှတ်ပေးထားရမည်။ "စိတ်လွတ်-လက်လွတ်" ဖြင့် အတွန့်တန်းများဖြစ်အောင် ပြုလုပ်ရမည်။

အတွန့်များ အတန်းလိုက် တဆယ့်ခြောက်တန်းကို "စိတ်လွတ်-လက်လွတ်" ချရ၏။ ဤနေရာ၌ "စိတ်လွတ်-လက်လွတ်" ဟူသော စကားသည် လွန်စွာ အရေးကြီးသော စကားဖြစ်၏။အတွန့်များကို သင်ကိုယ်တိုင် ရေးခြစ်ရမည်ကား မှန်၏။ သို့သော် ထိုရေးခြစ်မှုတွင် (သင်မပါစေရ) ဟုဆိုလိုခြင်း ဖြစ်၏။

သင်လည်း လုပ်ရမည်။ သင်လည်း မပါရဟူသော စကားမှာ အဓိပ္ပာယ် အားဖြင့် ဆန့်ကျင်နေ၏။ သဘောမပေါက်ဘဲရှိနိုင်၏။ ဆိုလိုသည်မှာ . . . သင်လုပ်ပါ။ သို့သော် "ငါလုပ်တာ" ဟူသော အတ္တကိုဖြုတ်၍ "ငါမပါဘဲ" (လုပ်တာက လုပ်နေတာ) ဟု သဘောပေါက်အပ်၏။ အင်္ဂလိပ်ဘာသာဖြင့် (Doing without Doing) (လုပ်ပါ၊ မလုပ်သလိုနှင့် လုပ်ပါ)

## ဥဒါဟာရ EXAMPLES



| | | | |
|---|---|---|---|
| ၁၂ | ː | စုံ | |
| ၁၀ | ː | စုံ | တစ် |
| ၁၁ | ː | မ | |
| ၉ | ː | မ | |



| | | | |
|---|---|---|---|
| ၁၂ | ː | စုံ | |
| ၇ | ː | မ | နှစ် |
| ၁၃ | ː | မ | |
| ၁၁ | ː | မ | |



| | | | |
|---|---|---|---|
| ၁၂ | ː | စုံ | |
| ၁၀ | ː | စုံ | သုံး |
| ၁၃ | ː | မ | |
| ၁၅ | ː | မ | |



| | | | |
|---|---|---|---|
| ၁၂ | ː | စုံ | |
| ၁၂ | ː | စုံ | လေး |
| ၁၃ | ː | မ | |
| ၁၀ | ː | စုံ | |

ရှေးပဝေသဏီက ---- အဲဂုတ္တ ခေါ် အီဂျစ်နိုင်ငံကြီး ကောင်းစားခဲ့စဉ်က လောကီပညာရှင်တို့သည် ဇော်သဗေဒင် ခေါ် ဝါဠုကဇာတာ ဟောပြောရာ၌ ဝိနိစ္ဆရုံး - ခုံရုံး - တရားရုံး သင်္ကေတန် သတ်မှတ်ယူဆ၍ ဟောပြောခဲ့ကြ၏။ ထို့ကြောင့် ဇာတာ၏ လက်ဝဲဘက်တွင် "ဆွဲချ (ခေါ်) လက်ဝဲသက်သေ" နှင့် လက်ျာဘက်တွင် "လက်ျာသက်သေ" (ခေါ်) အမှုကို လွတ်အောင် သက်သေထွက်ဆိုမည့် တရားခံပြ သက်သေကို ထည့်ထား၏။ ထို့နောက် အမှတ် တစ်ဆယ်ရာသီကွက်၏ အပေါ်တွင် "တရားသူကြီး" ကို ထည့်ထား၏။ အမှတ်လေးရာသီကွက်၏ အောက်တွင် "အယူခံလွှာ" ကို ထည့်ထား၏။

ဤအချက်သည် လွန်စွာ လျှို့ဝှက်သော လောကီပညာ၏ သဲလွန်စ ဖြစ်ကြောင်းကို နောင်တွင် ကိုယ်တိုင်သိရလိမ့်မည်။ ဤအချက်သည် ဗေဒင်ဟော ပြောရန် သက်သက်ကြံဆထားခြင်း မဟုတ်ဘဲ၊ ဝိဇ္ဇာပညာ၏ ကျင့်စဉ်ကို မျက်စပစ်၍ လည်းကောင်း၊ မေးငေါ့၍လည်းကောင်း ပြည့်ဝန်းထားခြင်းဖြစ်ကြောင်းကို သိရသော နေ့၌ ကျေးဇူးတင်ပေလိမ့်မည်။

## သင်္ကေတများကို ဇာတာခွင်၌ သွတ်သွင်းခြင်း
## POSITIONS OF SYMBOLS

သင်္ကေတ တစ်ဆယ့်ခြောက်ခုရရှိထားပြီးဖြစ်ရာ ထိုသင်္ကေတများကို ဇာတာခွင်သို့ နေရာတကျ သွင်းရပေမည်။ သွင်းရမည့် စံနစ်မှာ အောက်ပါအတိုင်း ဖြစ်၏။

| | | | | |
|---|---|---|---|---|
| အမှတ်တစ်သင်္ကေတကို | ..... | အမှတ် | I | ရာသီ |
| အမှတ်နှစ်သင်္ကေတကို | ..... | အမှတ် | X | ရာသီ |
| အမှတ်သုံးသင်္ကေတကို | ..... | အမှတ် | VII | ရာသီ |
| အမှတ်လေးသင်္ကေတကို | ..... | အမှတ် | IV | ရာသီ |
| အမှတ်ငါးသင်္ကေတကို | ..... | အမှတ် | II | ရာသီ |
| အမှတ်ခြောက်သင်္ကေတကို | ..... | အမှတ် | XI | ရာသီ |
| အမှတ်ခုနှစ်သင်္ကေတကို | ..... | အမှတ် | VIII | ရာသီ |
| အမှတ်ရှစ်သင်္ကေတကို | ..... | အမှတ် | V | ရာသီ |
| အမှတ်ကိုးသင်္ကေတကို | ..... | အမှတ် | III | ရာသီ |
| အမှတ်တစ်ဆယ်သင်္ကေတကို | ..... | အမှတ် | XII | ရာသီ |
| အမှတ်တဆယ့်တစ်သင်္ကေတကို | ..... | အမှတ် | IX | ရာသီ |
| အမှတ်တဆယ့်နှစ်သင်္ကေတကို | ..... | အမှတ် | VI | ရာသီ |

အတန်းလိုက်ဖြစ်ပေါ်နေသော အတွန့်များကို ရေတွက်၍ 'စုံ' ဖြစ်သော် အစက်ကြီးနှစ်စက်၊ 'မ' ဖြစ်သော် အစက်ကြီးတစ်စက် ရေးမှတ်ရ၏။ လေးတန်း ဖြစ်သော (သင်္ကေတ) တစ်ခုဖြစ်၏။ ထိုသင်္ကေတဘေးတွင် အမှတ်စဉ်ဂဏန်းရေးမှတ်ရာ၏၊ ရေးမှတ်ပုံမှာ ပထမဆုံးရသော သင်္ကေတကို (တစ်) ဟူ၍၎င်း၊ ဒုတိယသင်္ကေတကို (နှစ်) ဟူ၍၎င်း ရေးမှတ်ရာ၏။

ထို့နောက် ရရှိပြီးသင်္ကေတလေးခုအား အလျားလိုက် အောက်ပါအတိုင်း ရေးရာ၏။

(တစ်) (နှစ်) (သုံး) (လေး) (ငါး) (ခြောက်) (ခုနှစ်) (ရှစ်)



ရရှိခဲ့သော သင်္ကေတလေးခု၏ အပေါ်ဆုံးတန်းမှ (စုံ-မ) အစက်များကို အမှတ် (ငါး) ၌ ရေးချရာ၏။ အပေါ်ဆုံးအတန်းတွင် (စုံ) ချည်းဖြစ်နေသည်ကို တွေ့ရမည်။ ထိုစုံများကို အမှတ် (ငါး) သင်္ကေတအဖြစ် ရေးချလိုက်ခြင်း ဖြစ်၏။ တဖန် သင်္ကေတ (လေးခု) မှ ဒုတိယအတန်းကို ကြည့်လျှင် (စုံ မ စုံ စုံ) အစက်များကို တွေ့ရမည်။ ၎င်းကို အမှတ် (၆) သင်္ကေတအဖြစ် ရေးရ၏။ ဤနည်းဖြင့် ဆက်လက်၍ အမှတ်ရှစ် သင်္ကေတအထိ ပြုလုပ်သွားရာ၏။

ကိုး၊ တဆယ်၊ တဆယ့်တစ်၊ တဆယ့်နှစ် (သင်္ကေတများပြုလုပ်ခြင်း)



(တစ်) နှင့် (နှစ်) သင်္ကေတကို ဘေးတိုက်ပေါင်းခြင်းဖြင့် (ကိုး) သင်္ကေတ ရရှိ၏၊ ရပုံမှာ (တစ်) ၏ ထိပ်ဆုံးတွင် 'စုံ' ဖြစ်၏။ (နှစ်)၏ ထိပ်ဆုံးတွင်လည်း 'စုံ' ဖြစ်၏။ 'စုံ' နှင့် 'စုံ' ပေါင်းသော် (စုံ) ဖြစ်၏။ တဖန် (တစ်) ၏ ဒုတိယနေရာမှာ 'စုံ' ဖြစ်၏။ (နှစ်) ၏ ဒုတိယနေရာမှာ 'မ' ဖြစ်၏။ 'စုံ' နှင့် 'မ' ပေါင်းသော် (မ) ဖြစ်၏။ ဤနည်း အတိုင်း သင်္ကေတနှစ်ခု နေရာတူခြင်း ပေါင်းစပ်သောကြောင့် (ကိုး) (တဆယ်) (တဆယ့်တစ်) (တဆယ့်နှစ်) သင်္ကေတများ ရရှိလေတော့၏။

တစ်ဆယ့်သုံး၊ တဆယ့်လေး၊ (သင်္ကေတများပြုလုပ်ခြင်း)



သင်္ကေတ (ကိုး) နှင့် (တဆယ်) ပေါင်းခြင်းဖြင့် သင်္ကေတ (တဆယ့်သုံး) ကို ရရှိ၏။ (တဆယ့်တစ်) နှင့် (တဆယ့်နှစ်) ပေါင်း၍ (တစ်ဆယ့်လေး) သင်္ကေတ ရ၏။

**သင်္ကေတ (တဆယ့်ငါး) ပြုလုပ်ခြင်း**

သင်္ကေတ (တဆယ့်သုံး) နှင့် (တဆယ့်လေး) ကို ပေါင်းပါက သင်္ကေတ (တဆယ့်ငါး) ကိုရ၏။

တစ်ဆယ့်သုံး



တဆယ့်လေး



တဆယ့်ငါး



**သင်္ကေတ (တဆယ့်ခြောက်) ကို ပြုလုပ်ခြင်း**

သင်္ကေတ (တဆယ့်ခြောက်) မှာ သင်္ကေတ (တဆယ့်ငါး) နှင့် အမှတ် (တစ်) သင်္ကေတကို ပေါင်းခြင်းမှ ရ၏။

(တစ်)



(တဆယ့်ငါး)



(တဆယ့်ခြောက်)



သင်္ကေတ တဆယ့်ခြောက်ခု ရရှိပြီဆိုလျှင် သင်္ကေတပြုလုပ်ခြင်းအလုပ် ပြည့်စုံပြီဖြစ်၏။

## ကော်သဇာတာပုံ
## GEOMANTIC HOROSCOPE

တရားသူကြီး

လက်ဝဲသက်သေ | လက်ျာသက်သေ

| XII | XI | X | IX | VIII | VII |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| I | II | III | IV | V | VI |

# ကောံသဇာတာပုံ



ဤသို့လျှင် သတ်မှတ်ထားသော ရာသီကွက်များတွင် သွတ်သွင်းပြီးသော အမှတ် တစ်ဆယ့်သုံး ဇာတာခွင်၏ လက်ဝဲဘက် သက်သေနေရာ၌လည်းကောင်း၊ အမှတ်တစ်ဆယ့်လေး သင်္ကေတကို ဇာတာခွင်၏ လက်ျာသက်သေနေရာ၌ လည်းကောင်း၊ အမှတ်တဆယ့်ငါး သင်္ကေတကို ဇာတာခွင်၏အပေါ် တရားသူကြီး နေရာ၌ လည်းကောင်း၊ အမှတ် တစ်ဆယ့်ခြောက် သင်္ကေတကို ဇာတာခွင်၏ အောက်ဖက် အယူခံလွှာ၏ နေရာ၌လည်းကောင်း ရေးသွင်းရလေသည်။

ထိုအခါ - ပြည့်စုံသော ဇော်သဇာတာတစ်စောင် ဖြစ်ပေပြီ။

## အတန့်အိမ်တို့၏ အနက်အဓိပ္ပာယ်

ဇော်သဇာတာ တစ်စောင် ပြည့်စွက်ပြီးသော်လည်း ဟောဆို၍ မရသေးပါ။ အတန့်အိမ်တို့၏ အနက်အဓိပ္ပာယ်ကို သိရန် လိုသေး၏။ အတန့်တို့၏ ပရိယာယ်မှာ ကျယ်လှသည်။ ထိုအကျယ်ကို သီးသန့်ဖွင့်ဆိုရပေမည်။ ယခုမူ ဇော်သဗျာကရဏ ဟောရန်အတွက် သီးသန့်ဖွင့်ဆိုထားသော အတန့် ပရိယာယ်ကို ကျေညက်အောင် မှတ်သားရ၏။

၁ တန့် ။ ခန္ဓာကိုယ်နှင့် သက်ဆိုင်၏။
ဥပဓိရုပ်နှင့် သက်ဆိုင်၏။
ခန္ဓာကိုယ်၏ ကောင်းစွာ တည်ဆောက်ထားခြင်းနှင့် ဆိုင်၏။
ဇာတာရှင်၏ ခန္ဓာကိုယ်အား ထိခိုက်စေသော အနာတရဖြစ်မှုများနှင့် သက်ဆိုင်၏။

၂ တန့် ။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် သက်ဆိုင်၏။
လက်တွင်ရှိသော ငွေကြေးအသပြာနှင့် သက်ဆိုင်၏။
အကျိုးသက်ရောက်မှုနှင့် သက်ဆိုင်၏။

၃ တန့် ။ ဆွေမျိုးနှင့် သက်ဆိုင်၏။
သွေးသားတော်စပ်သူများနှင့် သက်ဆိုင်၏။
ညီအစ်ကိုမောင်နှမများနှင့် သက်ဆိုင်၏။
ဆက်သွယ်ရေးနှင့် သက်ဆိုင်၏။ ပို့စာ၊ ပေးစာနှင့် သက်ဆိုင်၏။
ယာဉ်ရထားနှင့် သက်ဆိုင်၏။
စာတိုက်နှင့် သက်ဆိုင်၏။ တယ်လီဖုန်းနှင့် သက်ဆိုင်၏။
ကြေးနန်းစာ၊ သံကြိုးရိုက်ခြင်းနှင့် သက်ဆိုင်၏။

တံတားနှင့် သက်ဆိုင်၏။ တံတားနှင့် သက်ဆိုင်၏။
တောင်ကြားနှစ်ခုဆက်ထားသော တံတားနှင့် သက်ဆိုင်၏။
ဆက်သွယ်မှုအားလုံးနှင့် သက်ဆိုင်၏။

၄ တန့် = ရုပ်ခန္ဓာကိုယ်၏ အဆုံးသတ်ခြင်းနှင့် သက်ဆိုင်၏။
သုဿန်တစနှင့် သက်ဆိုင်၏။
ကုန်ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်၏။
သတ္တုတွင်းလုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် သက်ဆိုင်၏။
မြေ၊ အိမ်၊ ဘိုးဘွားပိုင် မြေယာများ ပိုင်ခြင်းနှင့် ဆိုင်၏။

၅ တန့် = ၅ တန့်သည် ၁ တန့်၏ တိုးချဲ့ခြင်းသာ ဖြစ်၏။
၁ တန့်၏ သဘောသဘာဝများ တပါတ်ကျော့ထားခြင်းပင် ဖြစ်၏။
သံယောဇဉ်များ၊ သုခခံစားမှုများ၊ အချစ်ရေးကိစ္စများ၊ ဇာတ်ပွဲ၊ ကပွဲရုံများ၊ အားကစားရာနေရာ၊ အမွေဆက်ခံမည့်မျိုးဆက်နှင့် သက်ဆိုင်၏။

၆ တန့် = ၆ တန့်သည် ၂ တန့်အား တိုးချဲ့ထားခြင်းပင် ဖြစ်၏။ ၂ တန့်၏ သဘောသဘာဝများ တပါတ်ကျော့ထားခြင်းပင် ဖြစ်၏။
အစားအသောက်နှင့် သက်ဆိုင်၏။
အဝတ်အထည်နှင့် သက်ဆိုင်၏။
အစေအပါးနှင့် သက်ဆိုင်၏။
သက်တောင့်သက်သာဖြစ်မှုနှင့် သက်ဆိုင်၏။
ဆွေမျိုးတို့၏ ပစ္စည်းဥစ္စာများနှင့် သက်ဆိုင်၏။
အသက်မွေးဝမ်းကြောင်းလုပ်ငန်း ဆက်သွယ်မှုနှင့် သက်ဆိုင်၏။

၇ တန့် = ၇ တန့်မှာ ၃ တန့်ကို ချဲ့ထွင်ထားခြင်းဖြစ်ရာ ၃ တန့်၏ သဘောသဘာဝများ တပါတ်ကျော့ထားခြင်းပင် ဖြစ်ပေသည်။
စပ်တူ - စပ်ဖက်လုပ်ခြင်းနှင့် သက်ဆိုင်၏။
စာချုပ်စာတမ်းနှင့် အလုပ်လုပ်ခြင်းနှင့် သက်ဆိုင်၏။
ပြိုင်ဘက်နှင့် သက်ဆိုင်၏။
လင်ခန်းမယားခန်းနှင့် သက်ဆိုင်၏။

၈ တန့် = ၈ တန့်မှာ ၄ တန့်ကို ချဲ့ထွင်ထားခြင်းဖြစ်ရာ ၄ တန့်၏ သဘောသဘာဝများ တပါတ်ကျော့ထားခြင်းပင် ဖြစ်ပေသည်။
သေခြင်းနှင့် သက်ဆိုင်၏။

သေခြင်းကို ဖြစ်စေသောအရာနှင့် သက်ဆိုင်၏။
သေတမ်းစာနှင့် သက်ဆိုင်၏။
တရားဆိုင်ခြင်းနှင့် သက်ဆိုင်၏။
၈ တန့်သည် ၇ တန့်ဘာဝ၏ ၂ တန့်ဖြစ်ရာ လင်ပါ (သို့မဟုတ်) မယားပါ ခန်းဝင်ပစ္စည်းနှင့် သက်ဆိုင်၏။ ယူလည်းယူလေ။

၉ တန့် = ၉ တန့်မှာ ၅ တန့်ကို ချဲ့ထွင်ထားခြင်းဖြစ်ရာ ၅ တန့်၏ သဘော သဘာဝများ တပါတ်ကျော့ထားခြင်းပင် ဖြစ်ပေသည်။
စိတ်ဝိဉာဉ်နှင့်လည်းဆိုင်၏။
ဝေးမြေရပ်ခြားနှင့် သက်ဆိုင်၏။
ကန့်လန့်ကာနောက်ကွယ်မှစ၍ သမုဒ္ဒရာခြားသည်အထိ ခြားနား ကွာလှမ်းနေခြင်းမှန်သမျှနှင့် ဆိုင်၏။
ဖီလိုဆိုဖီ ခေါ် ဒဿနိကဗေဒနှင့်ဆိုင်၏။
သီအိုဆိုဖီ ခေါ် ဗောဓိဉာဏဓမ္မနှင့် သက်ဆိုင်၏။
နောင်တမလွန်ဘဝအတွက် ပြုလုပ်သောကောင်းမှုနှင့် ဆိုင်၏။
စာအုပ်၊ စာပေ ဖြန့်ချိရေးနှင့်ဆိုင်၏။
တရားဥပဒေနှင့် သက်ဆိုင်၏။
ရှေ့နေ၊ အာမခံလုပ်ငန်း၊ အိပ်မက်၊ အာရုံရခြင်းနှင့် ဗဟုသုတ စသော အရာများနှင့် ဆိုင်၏။

၁၀တန့် = ၁၀တန့်သည် ၆တန့်ကို ချဲ့ထားခြင်းဖြစ်ရာ ၆တန့်၏ သဘော သဘာဝ များ တပါတ်ကျော့ထားခြင်းဖြစ်၏။
ရည်မှန်းချက်နှင် သက်ဆိုင်၏။
အောင်မြင်မှုနှင့် သက်ဆိုင်ရာ၏။
လက်ဝယ်ရရှိမှုနှင့် သက်ဆိုင်၏။
ဂုဏ်ပြုခြင်း၊ လေးစားခံရခြင်း၊ ပရိသတ်၏ အားပေးခြင်းတို့နှင့် သက်ဆိုင်၏။
၁၀ တန့်သည် မိခင်၊ ဖခင်နှင့် သက်ဆိုင်၏ ဇာတာရှင်သည် ကျား ဖြစ်သော် ဖခင်ဟုယူ၊ မ - ဖြစ်က မိခင်ဟုယူပါ။

၁၁ တန့် = ၁၁ တန့်သည် ၇ တန့်ကို ချဲ့ထားခြင်းဖြစ်၏။ ထို့ကြောင့် "၇" တန့်၏ သဘောသဘာဝများ တပါတ်ကျော့လာခြင်းဖြစ်၏။
မိတ်ဆွေနှင့် သက်ဆိုင်၏။
လင်ခန်း၊ မယားခန်းနှင့် သက်ဆိုင်၏။

အသင်းအပင်းနှင့် သက်ဆိုင်၏။
ကုမ္ပဏီနှင့် သက်ဆိုင်၏။
ကြံ့ရာပါဖြစ်ခြင်း၊ တစ်ကြိတ်တည်း တစ်ဉာဏ်တည်းဖြစ်ခြင်းနှင့် သက်ဆိုင်၏။
အားပေးကူညီမှုနှင့် သက်ဆိုင်၏။

၁၂ တန့် = ၁၂ တန့်သည် ၈ တန့်ကို တိုးချဲ့ထားခြင်းဖြစ်ရာ ၈ တန့်၏ သဘော ဖြစ်၏။
သဘာဝများ တပါတ်ကျော့ခြင်းပင် ဖြစ်၏။
တစ်ကိုယ်ရေ တစ်ကာယဖြစ်ခြင်းနှင့် ဆိုင်၏။
အကျဉ်းချခံထားရခြင်းနှင့် သက်ဆိုင်၏။
ဆေးရုံ၊ အကျဉ်းထောင်၊ အချုပ်ခန်းနှင့် ဆိုင်၏။
ပြည်နှင်ဒဏ်နှင့် ဆိုင်၏။
ချောင်းမြောင်းလုပ်ကြံမှုနှင့် သက်ဆိုင်၏။
လျှို့ဝှက်ရန်သူနှင့် သက်ဆိုင်၏။
အကွက်ချစီမံခြင်းနှင့် သက်ဆိုင်၏။
သီးသန့်ထားခြင်း၊ ဝိုင်းပယ်ခြင်းနှင့် သက်ဆိုင်၏။
ဩကာတစ်ဇင်းခေါ် လောကီပညာနှင့် သက်ဆိုင်၏။

ဤကား (၁၂) ပါးသော အတန့်အိမ်တို့၏ အနက်အဓိပ္ပာယ် အကျဉ်းမျှကို ဖော်ပြခြင်းဖြစ်၏။

# ကေံသနှင့် မဏ္ဍလ

ကေံသပညာတွင် မဏ္ဍလကိုလည်း အသုံးပြု၏။ ထိုမဏ္ဍလများ ပြုလုပ်နိုင်ရန်အတွက် ဂြိုဟ်ကြီး (၉)လုံးကို အောက်ပါအတိုင်း သင်္ကေတများ ပြုလုပ်ပေး၏။




ဥပမာအားဖြင့် တနင်္လာ မဏ္ဍလပြုလုပ်လိုသည်ဆိုပါစို့



ကေံသဆရာသည် မဏ္ဍလ (၉)မျိုးစလုံးကို တပည့်ဖြစ်သူအား ကူးယူခွင့်ပေးရမည် ဖြစ်၏။

# ဂေါ်သနှင့် မကောင်းဆိုးရွား

ဂေါ်သဆရာများသည် ဤလောက၌ မကောင်းဆိုးရွား၊ တစ္ဆေသရဲရှိသည်ကို လက်ခံယုံကြည်သူများ ဖြစ်ကြ၏။ ထို့ကြောင့် ၎င်းတို့ထံတွင် ဗေဒင်မေးသူများက "အိမ်တွင် မကောင်းဆိုးဝါး ရှိပါသည်၊ နှင်ပေးပါ" ဆိုလျှင် ဂေါ်သဆရာသည် နှင်ပေး၏။

ထိုသို့ နှင်ရာတွင် မည်သည့်ရေမန်းကိုမျှ အသုံးပြုခြင်းမရှိပေ။ ရှာလကာရည်ကိုပင် ရေမန်းကဲ့သို့ ပက်ဖျန်းခြင်းဖြင့် အိမ်တွင်ကပ်နေသော မကောင်းဆိုးရွား တစ္ဆေသရဲကို အနိုင်ရသည်ချည်းပင် ဖြစ်တော့၏။

# ဂေါ်သနှင့် အမည်ပေးခြင်း

ဗေဒင်ဆရာဟူ၍ ဖြစ်လာလျှင် မလွဲမရှောင်သာ လူအမည်ပေးခြင်း၊ လုပ်ငန်းအမည်ပေးခြင်းတို့ကို ပြုလုပ်ပေးရလေ့ရှိ၏။ ထိုသို့ အမည်ပေးကြရာတွင် အမျိုးမျိုးသော နည်းစနစ်များကို အသုံးပြုတတ်ကြ၏။

ဂေါ်သဆရာများသည် လူအမည်ပေးရာတွင် အင်္ဂဝိဇ္ဇာ၊ ပဋ္ဌာန်ပွတ်၊ ဆပွတ်၊ အညွန့်နည်းဖြင့် ပေးလေ့ရှိ၏။ ဥပမာ-တနင်္ဂနွေသားဆိုပါက မင်းသိခ်၊ ဗိုလ်သုခ စသည်ဖြင့် မှည့်ခေါ်သောနည်းစနစ်ဖြစ်၏။

ဂေါ်သဆရာများသည် လုပ်ငန်းအမည်၊ စီးပွားရေးအမည်များကိုမူ ဂေါ်သ (၃)ကြိမ်တွန့်၍ ပေးလေ့ရှိ၏။ ထိုသို့တွန့်၍ ပေးရာတွင် ကောင်းသော သင်္ကေတ ဂြိုဟ်ကျပါက ထိုဂြိုဟ်၏ အက္ခရာများအနက်မှ ရှေ့ (၂) လုံးကို အသုံးပြုပြီး ညံ့သော သင်္ကေတဆိုလျှင် ထိုသင်္ကေတဂြိုဟ် အက္ခရာများအနက်မှ နောက် (၂) လုံးကို အသုံးပြုကြလေ၏။

ဥပမာ။ ။ အင်္ဂါအကောင်းဆိုပါက (စ) (ဆ) အက္ခရာများကို အသုံးပြုရ၏။
အင်္ဂါအဆိုးဆိုပါက (ဈ) (ည) အက္ခရာများကို အသုံးပြုရလေ၏။

# ကော်သနှင့် လက္ခဏာ

ဖြိုဟ်ခုံများတွင် ကော်သသင်္ကေတကောင်းဆိုး (၂)ခု ပေးထား၏။ ဖြိုဟ်ခုံနိမ့်လျှင် ကော်သ အဆိုးကိုသုံးရ၏။ ဖြိုဟ်ခုံမြင့်လျှင် ကော်သအကောင်းကို သုံးရ၏။





လက်ကြောင်းများကို ဖော်ပြပါပုံအတိုင်းမှတ်သား၍ ဟောကိန်းထုတ်ပါ ဆိုင်ရာ...။

# ဇကာသနှင့် ဂါထာများ

အရေးတကြီး မေးဖြေဆိုရန်ရှိသောအခါ၌ ဇကာသဆရာသည် အောက်ဖော်ပြပါ ဂါထာကို (၁၆) ခေါက် ရွတ်သင့်၏။

အလုံးစုံတတ်မြောက်၍ မေးမြန်းသမျှ ဖြေလိုကြောင်း ဆုတောင်း

ဘူရိမပညော သိပ္ပါနံ၊
သဗ္ဗေသံ ကုသလော ဘဝေ။
ဝိသဒ္ဒေတုံ သမတ္ထော စ၊
သဗ္ဗပုစ္ဆာနံ ဉာနသော။ ။

ဘူရိမပညော၊ မြေကြီးအထုနှင့် တူသော ပညာရှိသည်လည်းကောင်း။ သဗ္ဗ သိပ္ပါနံ၊ ခပ်သိမ်းသော အတတ်မျိုးတို့၌၊ ကုသလော၊ လိမ္မာသည်လည်းကောင်း၊ သဗ္ဗ ပုစ္ဆာနံ၊ ခပ်သိမ်းသော အမေးပုစ္ဆာတို့ကို ဉာနသော၊ တခဏဖြင့်၊ ဝိသဒ္ဒေတုံ၊ ဖြေခြင်းငှာ၊ သမတ္ထော၊ စွမ်းနိုင်သည်သာလျှင်၊ ဘဝေယျံ၊ ဖြစ်ရပါလို၏။

---

(၁) 

တနင်္ဂနွေအကောင်း

ဝိဇ္ဇာထိုက်ရဲယောက်ျား

စိတ်တိုင်းကျဖန်ဆင်းတော်မူနိုင်ခြင်း

သဗ္ဗံ ဟေမဥ္စ ရတနံ၊
ဂေဟံ ဝတ္ထဥ္စ ဘောဇနံ။
တဒညေပိ ယထာစိတ္တံ၊
မာပေယျာဟံ နမေ ဇိနံ ။ ။

ယောဇိနော၊ အကြင်မြတ်စွာဘုရားသည်၊ သဗ္ဗံ၊ ငွေကိုလည်းကောင်း၊ ဟေမဥ္စ၊ ရွှေကိုလည်းကောင်း၊ ရတနံ၊ ပုလဲပတ္တမြား စသော ရတနာကိုလည်းကောင်း၊ ဂေဟံ၊ ကျောင်း၊ အိမ်ယာကိုလည်းကောင်း၊ ဝတ္ထဥ္စ၊ အဝတ်ကိုလည်းကောင်း၊ ဘောဇနံ၊ ဘောဇဉ်ကို လည်းကောင်း၊ တဒညေပိ၊ ထိုမှတပါးသော အလုံးစုံမျိုးတို့ကိုလည်းကောင်း၊ ယထာစိတ္တံ၊ စိတ်တော်ရှိတိုင်း၊ မာပေယျ၊ ဖန်ဆင်းတော် မူနိုင်၏။ တံ-ဇိနံ၊ ထိုမြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်၊ နမေ-နမာမိ၊ ရှိခိုးပါ၏။

---

(၂) 

တနင်္လာ အဆိုး

မယ်တော်ကြီးတံဆိပ်

ကြံစည်တော်မူတိုင်းပြည့်စုံတော်မူခြင်း

သမ္ဗုဏ္ဏစိတ္တသင်္ကပ္ပေါ၊
ယထာကာမီတမာပကော၊
ကေနစိနေဘိဘူတော ယော၊
သဗ္ဗာ ဘိဘူ နမေ ဇိနံ ။ ။

ယောဇိနော၊ အကြင်မြတ်စွာဘုရားသည်၊ သမ္ပုဏ္ဏစိတ္တသင်္ကပ္ပေါ၊ ပြည့်စုံပြီးသော စိတ်အကြံရှိတော်မူ၏။ ယထာကာမီတမာပကော၊ အလိုရှိတိုင်း ဖန်ဆင်းတော်မူနိုင်၏၊ ကေနစိ၊ တစုံတစ်ယောက်သော လူနတ်ဗြဟ္မာသတ္တဝါသည်၊ အနဘိဘူတော၊ မနှိပ်စက်နိုင်။ သဗ္ဗာဘိဘူ၊ အလုံးစုံသော လူနတ်ဗြဟ္မာ သတ္တဝါတို့ကို လွှမ်းမိုးနိုင်သည်။ တံ-ဇိနံ၊ ထိုမြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်၊ နမေ-နမာမိ၊ ရှိခိုးပါ၏။

(၃) 

**အဂ္ဂိ အကောင်း**

**ဘုရင်မတံဆိပ်**

**စိတ်တိုင်းကျဖန်ဆင်းနိုင်လိုကြောင်း ဆုတောင်း**

သဖွဲ့ ဟေမဇ္ဇ ရတန်၊
ဝေဟံ ဝတ္တဇ္ဇ ဘောဇနံ။
တဒဉ္ဉေပိ ယထာစိတ္တံ၊
မာပေယျံ ကမ္မဇိဒ္ဓိယာ ။ ။

အဟံ၊ အကျွန်ုပ်သည်။ သဖွဲ့၊ ငွေကို လည်းကောင်း၊ ဟေမဇ္ဇ၊ ရွှေကိုလည်းကောင်း၊ ရတနဉ္စ၊ ပုလဲပတ္တမြား စသော ရတနာကို လည်းကောင်း၊ ဝေဟံ၊ ကျောင်း၊ အိမ်၊ ကိုလည်းကောင်း၊ ဝတ္တဉ္စ၊ အဝတ်၊ ထဘီ၊ အင်္ကျီ စသည်ကို လည်းကောင်း၊ ဘောဇနံ၊ အစားအစာကို လည်းကောင်း၊ တဒဉ္ဉေပိ၊ ထိုမှ ဘောဇဉ်ကို လည်းကောင်း၊ တပါးသော အလုံးစုံမျိုးတို့ကို လည်းကောင်း၊ ကမ္မဇိဒ္ဓိယာ၊ ကံကြောင့်ဖြစ်သော တန်ခိုးဖြင့်၊ ယထာစိတ္တံ၊ မိမိစိတ် အလိုရှိတိုင်း မာပေတံ၊ ဖန်ဆင်းနိုင်ရပါလို၏။

(၄) 

**ဗုဒ္ဓဟူး အဆိုး**

**ဘုရင်တံဆိပ်**

**အလိုရှိသမျှဖန်ဆင်းနိုင်လိုကြောင်း ဆုတောင်း**

မေယံ ဝါတဉ္စ ရတနံ၊
ညေ ဝတ္ထဉ္စ ဘောဇနံ။
သဗ္ဗိစ္ဆိတံ တဒညမ္ပိ၊
မာပေယျံ ကမ္မဇိဒ္ဓိယာ။ ။

မေယံ၊ မိုးကိုလည်းကောင်း၊ ဝါတဉ္စ၊ လေကိုလည်းကောင်း၊ ရတနံ၊ ရွှေ ငွေ အစရှိသော ရတနာဆယ်ပါးကိုလည်းကောင်း၊ ဝတ္ထဉ္စ အဝတ် အထည်ကိုလည်းကောင်း၊ ဘောဇနံ၊ ဘောဇဉ်ကို လည်းကောင်း၊ တဒညမ္ပိ၊ ထိုမှတပါး လည်း ကောင်း၊ သဗ္ဗိစ္ဆိ၊ ခပ်သိမ်း သော အလိုရှိအပ် သမျှကို ကမ္မဇိဒ္ဓိယာ၊ ကံကြောင့်ဖြစ်သော တန်ခိုးဖြင့်၊ မာပေယျံ၊ ဖန်ဆင်းနိုင်ရပါလို၏။

(၅) 

**ကြာသပတေးအကောင်း**

**ဘုန်းကြီးတံဆိပ်**

**မိုးကြိုး ၁၀မျိုးထက် ပြင်းထန်သော ပညာမိုးကြိုးကို ထစ်ခြိမ်းစေတော်မူခြင်း**

သတေရာ ဒက္ခမဏိကာ၊
မဇ္ဈဝိလောလဂဇ္ဇရာ။
သုက္ခာသနိ ကပိသိသာ၊
ဝိစက္ကာ သည ကုက္ကုရှာ၊
နဝါ-သနိဟိ ဖာလေန္တံ၊
တိဗ္ဗံ ပညာသနိ နမေ ။ ။

သတေရာ၊ ရှည်သကဲ့သို့ ကျသော မိုးကြိုး လည်းကောင်း၊ ဒက္ခမဏိကာ၊ ထွန်ကိုင်းကဲ့သို့ ကျသော မိုးကြိုးလည်းကောင်း၊ မဇ္ဈဝိလောလ ဂဇ္ဇရာ၊ ငါးမြူးသကဲ့သို့ ကျသော မိုးကြိုး၊ ဝက်ပက်မည် သော မိုးကြိုးလည်းကောင်း၊ သုက္ခာသနိ၊ လောင်မီး မိုးကြိုးလည်းကောင်း၊ ကပိသိသာ၊ မျောက်မျက်နှာ မော့သကဲ့သို့ ကျသော မိုးကြိုးကိုလည်းကောင်း၊ ဝိစက္ကာ၊ တဘက်သွား မိုးကြိုးလည်းကောင်း၊ သညကုက္ကုရှာ၊ အမှတ်မပေးဘဲ ကျသောမိုးကြိုး၊ ကြက်တောင်ဖြန့်သကဲ့သို့ ကျသောမိုးကြိုး လည်းကောင်း၊ ဣတိ၊ ဤသို့၊ နဝါသနိဟိ၊ မိုးကြိုးကိုးပါးတို့ထက် တိဗ္ဗံ၊ တစ်သိန်း မက ပြင်းလှစွာသော၊ ပညာသနိ၊ ပညာဟူသော မိုးကြိုးစက်ကို၊ ဖာလေန္တံ၊ ထစ်ခြိမ်း စေတတ်သော မြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်၊ နမေ-နမာမိ၊ ရှိခိုးပါ၏။

(၉) 

**ကိတ်အကောင်း**
**ရသေ့ဘကွန်းတံဆိပ်**

**အာသာတ ၉-ပါး စွန့်တော်မူခြင်း**

အနတ္တံ မေ စရတိ စ၊
တထာစရိ စရိဿတိ၊
မိတ္တာဿ အရိနော့တု-တ္တံ၊
နဝါ-ဃာတေ ဇဟံ နမေ။ ။

မေ၊ ငါ၏၊ အနတ္တံအကျိုးမဲ့ကို၊ စရတိ၊ ကျင့်ဆဲ၊ တထာ၊ ထို့အတူ၊ အစရိ၊ ကျင့်ဘူး လေပြီ၊ စရိဿတိ၊ ကျင့်လတ္တံ့၊ မိတ္တဿ၊ အဆွေခင်ပွန်း၏၊ အနတ္တံ၊ အကျိုးမဲ့ကို၊ စရတိ၊ ကျင့်ဆဲ၊ အစရိ၊ ကျင့်ဘူးလေပြီ၊ စရိဿတိ၊ ကျင့်လတ္တံ့၊ အရိနောတု၊ ရန်သူ၏ကား၊ အတ္တံ၊ အကျိုးကို စရတိ၊ ကျင့်ဆဲ၊ အစရိ၊ ကျင့်ဘူးလေပြီ၊ စရိဿတိ၊ ကျင့် လတ္တံ့။ ဣတိ၊ ဤသို့၊ နဝအာဃာတေ၊ ကိုးပါးသော ရန်ညိုးဖွဲ့ခြင်းတို့ကို ဇဟံ၊ စွန့်တော်မူပြီးသော မြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည် နမေ-နမာမိ၊ ရှိခိုးပါ၏။

(၁၀) 

**တနင်္ဂနွေ အဆိုး**
**ကံကြမ္မာလှည်းဘီးတံဆိပ်**

**ဉာဏ်တော်အား ၈၁-ပါးနှင့်**
**ပြည့်စုံတော်မူခြင်း**

ဌာနာ၊ ဌာနေ ဝိပါကေစ၊
မဂ္ဂေ သဗ္ဗတ္ထ ဂါမိနံ။
နာနာဓာတူသု လောကေသု၊
အဓိမုတ္တိမှိ ပါဏိနံ။ ။

ဌာနာဌာနေ၊ ဟုတ်သည် မဟုတ်သည် ၌ ဉာဏ်၊ သိသောဉာဏ်လည်းကောင်း၊ ဝိပါကေ၊ ကံ၏ အကျိုး၌၊ ဉာဏ်၊ သိသော ဉာဏ်လည်းကောင်း၊ သဗ္ဗတ္ထဂါမိနံ၊ ခပ်သိမ်းသော ဘဝသို့ လားသောသူ တို့၏၊ မဂ္ဂေ၊ အကြောင်း၌၊ ဉာဏ်၊ သိသောဉာဏ် လည်းကောင်း၊ နာနာဓာတူသု၊ အထူးထူးသော ဓာတ်ဖြစ်ကုန်သော၊ လောကေသု၊ လောက တို့၌ ဉာဏ်၊ သိသောဉာဏ်လည်းကောင်း၊ ပါဏိနံ၊ သတ္တဝါတို့၏ အဓိမုတ္တိမှိ၊ နှလုံးသွင်း ခြင်း၌၊ ဉာဏ်၊ သိသေဉာဏ်လည်းကောင်း။

(၁၁) 

**တနင်္လာ အကောင်း**
**မနုစာရီတံဆိပ်**

**ကြံစည်တိုင်းပြည့်စုံလိုကြောင်း**
**ဆုတောင်း**

သမ္မုဏ္ဏစိတ္တသင်္ကပ္ပေါ၊
ယထာကာမီတမာပကော၊
ကေနစိ-နဘိဘူတမှိ၊
သဗ္ဗာ-ဘိဘူ ဘဝေ ဘဝေ။ ။

အဟံ၊ အကျွန်ုပ်သည်၊ ဘဝေဘဝေ၊ ဘဝတိုင်း ဘဝတိုင်း၊ သမ္မုဏ္ဏစိတ္တသင်္ကပ္ပေါ၊ ပြည့်စုံသော စိတ်အကြံရှိသည်လည်းကောင်း၊ ယထာကာမီတမာပကော၊ အလိုအတိုင်း ဖန်ဆင်း နိုင်သည်လည်းကောင်း၊ ကေနစိ၊ တစုံ တယောက် သောသူသည်။ အနဘိဘူတော မနှိပ်စက်နိုင်သည် လည်းကောင်း၊ အမှို၊ ဖြစ်ရ ပါလို၏။

(၆) 

သောကြာ အဆိုး
သမီးရည်းစား တံဆိပ်

**သစ္စာ ၄-ပါးကို ကိစ္စ ၄-ပါးတို့ဖြင့် ထိုးထွင်းသိမြင်တော်မူခြင်း**

ဒုက္ခံ သမုဒယသစ္စံ၊
နိရောဓော မဂ္ဂသစ္စကံ။
စတုသစ္စ-မဘိဇာနံ၊
စတုကိစ္စေဟိ တံ နမေ ။ ။

ဒုက္ခံ၊ ဒုက္ခသစ္စာကိုလည်းကောင်း၊ သမုဒယ သစ္စံ၊ သမုဒယသစ္စာကိုလည်းကောင်း၊ နိရောဓော၊ နိရောဓသစ္စာလည်းကောင်း၊ မဂ္ဂသစ္စကံ၊ မဂ္ဂသစ္စာလည်းကောင်း၊ ဣတိ၊ ဤသို့ စတုသစ္စံ၊ သစ္စာလေးပါးကို၊ စတုဟိ-ကိစ္စေဟိ၊ လေးပါးသော ကိစ္စတို့ဖြင့်၊ အဘိ ဇာနံ၊ သိတော်မူသော၊ တံ-ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်။ နမေ-နမာမိ ရှိခိုးပါ၏။

---

(၇) 

စနေအကောင်း
စစ်ရထားတံဆိပ်

**တန်ခိုး ၁၀-ပါးတို့၏ အထွတ်အမြတ်ဖြစ်သော ပြာဋိဟာ တန်ခိုးကို ပြတော်မူခြင်း**

သမာဓိ ဉာဏဝိပ္ဖာရာ၊
အဓိဋ္ဌာနံ ဝိကုဗ္ဗနာ။
မနောမယာ-ရိယာ ဣဒ္ဓိ၊
တထာ ကမ္မဝိပါကဇာ ။ ။

သမာဓိ ဉာဏ ဝိပ္ဖာရာ၊ သမာဓိ ပြန့်သော တန်ခိုးလည်းကောင်း၊ အဓိဋ္ဌာနံ၊ ဆောက်တည်အပ်သော တန်ခိုးလည်းကောင်း၊ ဝိကုဗ္ဗနာ၊ အထူးထူး ပြုသော တန်ခိုးလည်းကောင်း၊ မနော မယာ၊ နှလုံး အလို အတိုင်းပြီးသော တန်ခိုးလည်းကောင်း၊ အရိယာဣဒ္ဓိ၊ အရိယာပုဂ္ဂိုလ်တို့၏ တန်ခိုးလည်းကောင်း၊ တထာ၊ ထို့အတူ၊ ကမ္မဝိပါကဇာ၊ ကံ၏အကျိုးဖြစ်သော တန်ခိုးလည်းကောင်း။

---

(၈) 

ရာဟုအဆိုး
ခြသေ့်ဖမ်းသောမိန်းမတံဆိပ်

**ဝိဇ္ဇာ ၈-ပါးနှင့် ပြည့်စုံတော်မူခြင်း**

မနောမယိဒ္ဓိဉာဏဉ္စ၊
ဆဠဘိညာ ဝိပဿနာ။
အဋ္ဌဝိဇ္ဇာဟိ သမ္ပန္နံ၊
ဝန္ဒေ တိလောကကေတုကံ။ ။

မနောမယိဒ္ဓိဉာဏဉ္စ၊ နှလုံးဖြင့် အပြီး ဖန်ဆင်းနိုင်သော မနောမယိဒ္ဓိ ဉာဏ်လည်း ကောင်း၊ ဆဠဘိညာ၊ အဘိညာဉ်ခြောက်ပါးတို့ လည်းကောင်း၊ ဝိပဿနာ၊ အနိစ္စစသည်ဖြင့် ရှုသော ဝိပဿနာ ဉာဏ်သည်လည်းကောင်း၊ ဣတိ၊ ဤသို့ အဋ္ဌဝိဇ္ဇာဟိ၊ ဝိဇ္ဇာရှစ်ပါးတို့နှင့်၊ သမ္ပန္နံ၊ ပြည့်စုံတော်မူသော၊ တိလောက ကေတုကံ၊ သုံးလူ့မှန်ကင်းသဘွယ် ဖြစ်တော်မူသော ဘုရားမြတ်ကို၊ အဟံ၊ အကျွန်ုပ် သည်၊ နမေ-နမာမိ၊ ရှိခိုးပါ၏။

(၁၂) 

အဂ္ဂိ အဆိုး
လူဇောက်ထိုးတံဆိပ်

**စကားပြောကောင်းလိုကြောင်းဆုတောင်း**

ဝါစာ-ဝါစာ ဝိလာသဂ္ဂ၊
ဝါစ-စိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊
တေန-မှာ-တုလဝါစကော။ ။

ဝါစာဝါစာဝိလာသဂ္ဂ- ဝါစာစိန္တေယျ သံယုတ္တံ၊ ပကတိသောစကား အလွန် တင့်တယ်သောစကား.. မကြံစည်နိုင်သော စကားနှင့် ကောင်းစွာ ယှဉ်တော်မူထသော၊ သာရဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏၊ တေန၊ ထိုသို့ ရှိခိုးရကောင်းမှုကြောင့်၊ အတုဝါစကော၊ အတုလမရှိသော စကားနှင့် ပြည့်စုံသည်၊ အမို၊ ဖြစ်ရပါ လို၏။

(၁၃) 

ဗုဒ္ဓဟူး အကောင်း
သေမင်းတံဆိပ်

**ရတနာအမျိုးမျိုးနှင့် ပြည့်စုံတော်မူခြင်း**

သတ္တဗောဇ္ဈင်္ဂ ရတနော၊
သဒ္ဓါဒိရတနော မုနိ။
သတိပ္ပဘုတိရတနော၊
ဝန္ဒေ တံ ပုရိသုတ္တမံ။ ။

ယောမုနိ၊ အကြင်မြတ်စွာဘုရားသည်၊ သတ္တဗောဇ္ဈင်္ဂရတနော၊ ဗောဇ္ဈင်တည်း ဟူသော ရတနာခုနစ်ပါးနှင့် ပြည့်စုံ၏။ သဒ္ဓါ ဒိရတနော၊ သဒ္ဓါစသော ရတနာ ခုနစ်ပါးနှင့် လည်း ပြည့်စုံ၏။ သတိပ္ပဘုတိရတနော၊ သတိ အစရှိသော ရတနာမျိုးနှင့်လည်း ပြည့်စုံ၏၊ ပုရိသုတ္တမံ၊ ယောကျာ်းမြတ်ဖြစ်တော်မူသော၊ တံ-မုနိ၊ ထိုမြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ် သည်၊ ဝန္ဒေ-ဝန္ဒာမိ ရှိခိုးပါ၏။

(၁၄) 

ကြာသပတေး အဆိုး
ရေအိုးနှစ်လုံးတံဆိပ်

**မာရ် ၅-ပါး အောင်တော်မူခြင်း**

ဒေဝပုတ္တော ကိလေသော စ၊
အဘိသင်္ခါရ မာရကော။
ခန္ဓော မစ္စုတိ ပဉ္စေတေ၊
မာရေ ဝိဇိတဝံ နမေ။ ။

ဒေဝပုတ္တော၊ ဒေဝပုတ္တမာရ်လည်း ကောင်း၊ ကိလေသော၊ ကိလေသမာရ် လည်းကောင်း၊ အဘိသင်္ခါရမာရကော၊ အဘိ သင်္ခါရမာရ် လည်းကောင်း၊ ခန္ဓော၊ ခန္ဓမာရ် လည်းကောင်း၊ မစ္စု၊ မစ္စုမာရ် လည်းကောင်း၊ ဣတိ၊ ဤသို့၊ ဧတေ-ပဉ္စမာရေ ထိုမာရ်ငါးပါး တို့ကို ဝိဇိတဝံ၊ အောင်တော်မူပြီးသော မြတ်စွာ ဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်၊ နမေ-နမာမိ ရှိခိုးပါ၏။

(၁၅)  သောကြာ အကောင်း တခွေ တံဆိပ်

ရောင်ခြည်တော် ၆-ပါးဖြင့် အမြဲ မပြတ် တောက်ပတော်မူခြင်း

နီလ ပီတာ စသြဒါတာ၊
မဉ္ဇိဋ္ဌာ စ ပဘဿရာ။
လောဟိတာတိ ဆ ရံသီဟိ။
ဝိဇ္ဇောတန္တံ-သဒါ နမေ။ ။

နီလပီတာ၊ ညိုသောရောင်ခြည်တော်၊ ရွှေသောရောင်ခြည်တော်တို့လည်းကောင်း၊ သြဒါတာ၊ ဖြူသောရောင်ခြည်တော်တော် လည်းကောင်း၊ မဉ္ဇိဋ္ဌာနစ၊ မောင်းသော ရောင်ခြည် တော်လည်းကောင်း၊ ပဘဿရာ၊ ပြိုးပြိုးပြက်သော ရောင်ခြည်တော် လည်းကောင်း၊ လောဟိတာ၊ နီသောရောင်ခြည်တော်လည်းကောင်း၊ ဣတိ၊ ဤသို့။ ဆရံသီဟိ၊ ရောင်ခြည်တော်ခြောက်ပါးတို့ဖြင့်၊ သဒါ။ အခါခပ်သိမ်း၊ ဝိဇ္ဇောတန္တံ၊ ထိန်ထိန် တောက်ပတော်မူသော မြတ်စွာဘုရားကို အဟံ၊ အကျွန်ုပ်သည်၊ နမေ-နမာမိ၊ ရှိခိုးပါ၏။

(၁၆)  စနေ အဆိုး မျှော်စင်တံဆိပ်

နိဗ္ဗာန်ရောက်လိုကြောင်းဆုတောင်း

ပဟီနာ-ခိလ ဒုက္ခာ-ဟံ၊
ဘဝသာဂရ ပါရဂုံ။
ဝန္ဒေ သာရဂုဏောပေတံ၊
တေန-မှိ ဘဝပါရဂေါ။ ။

အဟံ၊ အကျွန်ုပ်သည်၊ ပဟီနာ-ခိလ ဒုက္ခာ၊ ပယ်အပ်ပြီးသော ခပ်သိမ်းသော ဆင်းရဲ အပေါင်း ရှိထသော၊ ဘဝသာဂရပါရဂုံ၊ ဘဝ သုံးပါး တည်းဟူသော သမုဒ္ဒရာ ပင်လယ်၏ တစ်ဖက်အဆုံး နိဗ္ဗာန် ကမ်းသို့ ကူးတော်မူပြီးထသော သာရဂုဏော ပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော် နှစ် နှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရားကို ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်၊ ဘဝပါရဂေါ၊ ဘဝအဆုံး နိဗ္ဗာန်သို့ ရောက်သည်၊ အဟိ၊ ဖြစ်ရ ပါလို၏။

# ကော်သနှင့် အဝတ်အစား

ဇော်သပညာဖြင့် ဗေဒင်ဟောသူတို့တွင် အဝတ်အစားအရောင် (၄)မျိုးရှိ၏။
(၁) အဖြူရောင်
(၂) အညိုရောင်
(၃) အနက်ရောင်
(၄) အဝါရောင် တို့ဖြစ်၏။

ထိုအရောင်များကို ဆရာလုပ်သူက မည်သည့်ကာလတွင် မည်သည့်အရောင် ဝတ်ရမည်ဟု သတ်မှတ်ပေးရ၏။
အဖြူရောင်မှာ သီလအရောင်ဖြစ်၏။
အညိုရောင်မှာ သမာဓိရောင်ဖြစ်၏။
အနက်ရောင်မှာ ပညာအရောင်ဖြစ်၏။
အဝါရောင်မှာ သိဒ္ဓိအရောင်ဖြစ်၏

* * * * *

# ကော်သနှင့် ဉာဏ်ပူဇော်ခ

ကော်သနှင့် ဗေဒင်ဟောသူသည် ဆရာလုပ်သူက သတ်မှတ်ပေးထားသော ဉာဏ်ပူဇော်ခကိုသာ ယူရမည်ဖြစ်၏။ မိမိသဘောနှင့် မိမိဉာဏ်ပူဇော်ခကို မသတ်မှတ်ရ။ ယတြာဖိုးကိုလည်း မည်သည့်ပုံစံနှင့်မျှ မယူရခြင်းပင် ထို့ထက် အရေးကြီးသည်မှာ ဖြစ်၏။

# ကေံသနှင့် ကုလားဟင်း

ကေံသပညာကို လေ့ကျင့်ထားသော ဆရာ ဆရာများသည် ပညာနှီးနှောရန် အတွက်လည်းကောင်း၊ ဆရာ အတွက် လည်းကောင်း၊ ကောင်းမှုကုသိုလ် အတူပြုရန် အတွက်လည်းကောင်း၊ ဆရာ ဆရာမ (၁)ဦး ဦး၏အိမ်၌ အခါအားလျော်စွာ တွေ့ဆုံရမည်ဖြစ်၏။ ထိုသို့တွေ့ဆုံရာတွင် အိမ်ရှင်ဖြစ်သော ဆရာ ဆရာမက တာဝန်ယူ၍ ညှိခံကျွေးမွေးရမည်ဖြစ်၏။ သို့ရာတွင် တွေ့ဆုံသော ဆရာ ဆရာမအရေအတွက် ၁၆ဦးထက်နည်းလျှင် အခမ်းအနား မဖြစ် မြောက်သောကြောင့် ကျွေးမွေးရန် မလိုပေ။ ၁၆ ဦးမှ အထက်ကိုမူ ထမင်းဟင်း ကျွေးမွေး ရမည် ဖြစ်၏။

ထိုသို့ ကျွေးမွေးရာတွင် သတ်မှတ်ထားသော ဟင်းမှာ ငါးခြောက်မိုးဖြင့် ချက်သော သီးစုံကုလားဟင်းပါလျှင် လုံလောက်ပြီဖြစ်၏။ ထိုကုလားဟင်းအပြင် ငံပြာရည်ချက်၊ တို့စရာ . . . စသည်တို့မှာ အိမ်ရှင်ဆန္ဒအတိုင်း ထည့်လိုက ထည့်နိုင် ၏။ မထည့်ဘဲလည်း ထားနိုင်၏။

အိမ်ရှင်လုပ်သော ဆရာ ဆရာမသည် ငွေကြေးမပြည့်စုံပါက လာရောက် သော ဆရာ ဆရာမများထံတွင် ထမင်းကျွေးရန်အတွက် အလှူငွေကို အချိုးကျ ကောက်ခံနိုင်၏။ ထိုသို့ ကောက်ခံရာတွင် ထမင်းဟင်းချက်သော ကုန်ကျစရိတ်၏ (၁၆)ပုံ (၁)ပုံသည် အများဆုံးကောက်ခံရမည့် အလှူငွေဖြစ်၏။

စုဝေးရန် ဖိတ်ကြားသော ဆရာ ဆရာမသည် အများစု လာရောက်နိုင်မည့် ရက်၊ အများစု လာရောက်နိုင်မည့် အချိန်ကို ထည့်သွင်းစဉ်းစား၍ ဖိတ်ကြားရမည်။ အကယ်၍ ဖိတ်စာဖြင့် ဖိတ်ကြားပါက ထိုဖိတ်စာကို ဗျည်းကြေးဖြင့်သာ ရေးသား ရမည်ဖြစ်၏။

သီးစုံကုလားဟင်းချက်ရာတွင် အောက်ပါဟင်းမည် (၁၆)မျိုး ပါရမည်ဖြစ်၏။

၁။ ငါးခြောက်အရိုး (ကုံ့ကူရုံခြောက်ဖြစ်လျှင် ပို၍ကောင်းသည်)
၂။ ကုလားပဲ
၃။ ခရမ်းသီး
၄။ ပဲသီး
၅။ ဒန့်ဒလွန့်သီး
၆။ ဗူးသီး
၇။ ရုံးပတီသီး
၈။ အာလူး
၉။ ပဲဖောင်းလျားသီး
၁၀။ ဆီ/ဆား
၁၁။ မဆလာ
၁၂။ ကြက်သွန်နီ
၁၃။ ကြက်သွန်ဖြူ
၁၄။ ငရုတ်သီး
၁၅။ မန်ကျည်းသီးမှည့်
၁၆။ ဗီးကြမ်းငှက်ပျောသီးအစိမ်း

ဤသို့ သတ်မှတ်ရခြင်းမှာ ပညာရှင်အချင်းချင်း တစ်ဦးနှင့် တစ်ဦး "ငါ့အလှည့် တုန်းက ဘာကျွေးတယ်။ သူ့အလှည့်ကတော့ ဘာမှ မကျွေးဘူး" ဟူ၍ အငြင်းမပွားကြ ရန် ဖြစ်၏။

# ဇက်သနှင့် ကန်တော့ပွဲ

ဇက်သဆရာများလည်း ကန်တော့ပွဲထိုးပေးသော အလေ့အထရှိပေ၏။ ကန်တော့ပွဲထိုးရာတွင် ငှက်ပျောသီး (၃)ဖီး၊ အုန်းသီး (၁)လုံး၊ ထီးဖြူ (၁)လက်၊ တံခွန် (၃)စုံ၊ ကွမ်း (၂)ယာ၊ လက်ဖက် (၁)ယာ ထည့်၍ ထိုး၏။

အုန်းသီး၏အလယ်တွင် ထီးဖြူစိုက်၍ တံခွန်ကုက္ကားများကို ဘေးမှ ရံကာ စိုက်၏။ ထို့နောက် ပန်းမြတ်မာလာများကို ပွဲတွင်ထိုးရ၏။ ထိုပန်းများအပြင် ကွမ်းယာ (၂)ယာနှင့် လက်ဖက် (၁)ယာကိုလည်း ထည့်ရ၏။ ပြီးလျှင် မည်သည့်ပွဲဖြစ်ကြောင်းကို ဖူးကြေးစာဖြင့် ရေး၍ ပွဲ၌ညှပ်ထားရ၏။

ဥပမာအားဖြင့် အောင်တော်မူပွဲ၊ ပညာပွဲ၊ သစ္စာပွဲ၊ အမိန့်ခံပွဲ စသည် အားဖြင့် ဖြစ်၏။

ပွဲအပ်နည်းမှာ မိမိပြောတတ်သလို ပြော၍ အပ်လျှင်လည်း ရ၏။ စာနှင့် ပေနှင့်ပြော၍ အပ်လျှင်လည်း ဇေယျာပူရဒုတိယမြို့တည် ... အစရှိသော ပွဲအပ်သည့် စာတမ်း သီးခြားရှိ၏။

# ဇကာသနှင့် ကမ္မဋ္ဌာန်း

တစ်ခါက ဂျာမနီပြည်မှ ပါမောက္ခကြီး ဟီရီဂေးဆိုသူသည် ဂျပန်ပြည် တိုကျို တက္ကသိုလ်၌ သွားရောက်တာဝန်ထမ်းဆောင်ရ၏။ ထိုသို့ တာဝန်ထမ်းဆောင်ရင်း ဂျပန်တို့၏ အတတ်ပညာတစ်ခုဖြစ်သော လေးပစ်ခြင်းအတတ်ကို သင်ယူခဲ့လေ၏။ ထိုပါမောက္ခကြီး ဟီရီဂေး၏ အဖြစ်အပျက်အတွေ့အကြုံသည်ပင် လွန်စွာ ကောင်းသော ကမ္မဋ္ဌာန်းတစ်ခု ဖြစ်နေလေ၏။ ဤနေရာ၌ ထိုအကြောင်းကို အသေးစိပ် ရေးပြရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် **လေးပညာသင်သော ဂျာမန် ပါမောက္ခကြီး ဟီရီဂေး** ၏ အကြောင်းကို ဇကာသဆရာသည် တပည့်များ အား မကြာခဏဆိုသလို ပြောပြပေးရမည်ဖြစ်၏။

ထိုပါမောက္ခကြီး ဟီရီဂေး၏ အဖြစ်အပျက်မှ ရရှိလာသော ကမ္မဋ္ဌာန်းထိုင် နည်းကို ဖော်ပြရလျှင်

၁။ ရေမိုးချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများ ပြုလုပ်ပြီးနောက် မိမိနှစ်သက်ရာ ပုံစံဖြင့် ထိုင်ရမည်။ ထိုအချိန်တွင် အဝတ်အစားများ တင်းကြပ်မနေရန် သတိပြုရ ပေလိမ့်မည်။

၂။ ထို့နောက် မိမိ၏ ဦးခေါင်းမှစ၍ ခြေဖျားအထိ အကြောများ လျော့သွားပြီ ဟူ၍ ဖြေလျော့ခြင်းကို ပြုရမည်။ ထိုဖြေလျော့ခြင်းကိုလည်း ဤနေရာ၌ အသေးစိပ် ရေးပြရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ဇကာသဆရာက တပည့်ဖြစ်သူအား အသေးစိပ် ရှင်းပြရမည်ဖြစ်ပေသည်။

၃။ ထိုအထဲတွင် အကောင်းဆုံးသော ထိုင်နည်းမှာ မိမိ၏ ဝဲဘက်ခြေထောက်ကို ယာဘက်ခြေထောက်ပေါ်မှာတင်ပြီး ထိုင်ပါ။ မိမိ၏ ယာဘက်လက်ဝါးကို ဝဲဘက် လက်ဝါးပေါ်မှာ ထပ်ပြီးတင်ပါ။ လက်မနှစ်ခုကို အဝိုင်းသဏ္ဌာန်ဖြစ်အောင် ထိပ်ချင်း ထိထားပါ။

၄။ ထို့နောက် မိမိ၏ စိတ်အာရုံဝယ် မည်သည့်အတွေးအကြံမှ မထည့်ဘဲ ဗလာ ဟင်းလင်းအတိုင်းထား၍ ထိုင်နေရပေမည်။

၅။ ထိုသို့ ထိုင်ခြင်းကို ***ဘာမျှမလုပ်သော အလုပ်ကိုလုပ်ခြင်း*** ဟုခေါ်၏။ အင်္ဂလိပ် ဘာသာအားဖြင့် ***Doing Without Doing*** ဟု ခေါ်လေ၏။ ဤနေရာတွင် ကျွန်ုပ်တို့သည် နှာသီး ဖျား၌ မှတ်ခြင်း၊ ရင်ညွန့်၌ မှတ်ခြင်း၊

# ဂေါံသနှင့် ကန်တော့နည်း

ဂေါ်သပညာရှင်တို့၏ ကန်တော့နည်းတွင် အဆင့် (၃)ဆင့်ရှိ၏။ ၎င်းတို့မှာ-

(၁) ပထမဦးစွာ ပုဆစ်တုပ်၍ ထိုင်ပြီးနောက် လက်အုပ်ချီ၍ ကန်တော့ရမည်။ ထိုသို့ ကန်တော့ခြင်းသည် မြတ်စွာဘုရား (သို့မဟုတ်) ရှိသေလေးစား ပူဇော်ထိုက်သူများ၊ ဆရာသခင်များအား စိတ်ရောကိုယ်ပါ ဖူးမျှော်မာန်လျှော့သော အဓိပ္ပာယ်၊ ကျေးဇူးဆပ်သော အဓိပ္ပာယ်ဖြစ်၏။

(၂) ထို့နောက် မျှောက်ထားသော လက်အုပ်ကို ပက်လက်လှန်ပြီးလျှင် မိမိ ကန်တော့နေသော ပုဂ္ဂိုလ်ထံမှ ဉာဏ်ပညာ၊ သိဒ္ဓိ၊ မေတ္တာ စသည်တို့အား တောင်းခံပါသည်ဟု အာရုံပြုရမည်။

(၃) ထို့နောက် ၎င်းဖြန့်ခံထားသော လက်များကို လက်သီးဆုပ်လိုက်ပြီးလျှင် မိမိ၏ ရင်၌ ၎င်းလက်သီးဆုပ်ကို ကပ်ထားရင်း မိမိကန်တော့နေသော ပုဂ္ဂိုလ်ထံမှ ဉာဏ်ပညာ၊ သိဒ္ဓိ၊ မေတ္တာ စသည်တို့အား မိမိ၏ နှလုံးသား၌ လက်ခံရရှိသွားပြီဟု အာရုံပြုခံယူလိုက်ရသည်။

ထိုသို့ (၃)ကြိမ် ကန်တော့ခြင်းသည်ပင် ဂေါ်သပညာရှင်တို့၏ ကန်တော့နည်း ဖြစ်တော့သတည်း။

မှတ်ခြင်းအားလုံးကို လုပ်ရန် မလိုပေ။
နဖူး၌ မှတ်ခြင်း စသော မှတ်ခြင်း ဆိုသည်မှာ အလုပ်တစ်ခုကို
အဘယ်ကြောင့်ဆိုသော် မှတ်သားခြင်းဆိုသည်မှာ အလုပ်တစ်ခုကို
လုပ်နေသော ကြောင့်ပင် ဖြစ်၏။
ထိုသို့ထိုင်နေစဉ် မိမိက မမှတ်ပါဘဲလျက် မိမိ၏အာရုံတွင် ပေါ်လာနေသော
အကြောင်း အရာများ၊ စိတ်ကူးအတွေးအထင်များကို လည်း
ဖျောက်ဖျက်ပစ်ရန် မဟုတ်ပေ။ အဘယ်ကြောင့် ဆိုသော်
ပေါ်လာသောစိတ်ကူးအာရုံများကို ဖျောက်ဖျက်ခြင်းလည်း အလုပ်တစ်ခု
ဖြစ်နေသော ကြောင့်ပင်ဖြစ်၏။

၆။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘာမျှမလုပ်သော အလုပ်ကို လုပ်သော
ကမ္မဋ္ဌာန်း သည်ပင် ဇော်သဆရာတို့၏ ကမ္မဋ္ဌာန်းဖြစ်ပေတော့၏။
ဤကမ္မဋ္ဌာန်းအကြောင်းကိုလည်း စာဖြင့် ပြည့်စုံအောင် ရေးသားပြရန်မှာ
မဖြစ်နိုင်ပေ။ ထို့ကြောင့် ဇော်သဆရာလုပ်သူက တပည့်လုပ်သူ အား
လိပ်ပတ်လည်အောင် ရှင်းပြရမည်ဖြစ်၏။ ဆရာလုပ်သူကလည်း
ဤကမ္မဋ္ဌာန်းအကြောင်း ကို စကားအားဖြင့် ပြည့်စုံအောင် ရှင်းပြရန်မှာ
မဖြစ်နိုင်ပေ။ မိမိကိုယ်တိုင် ထိုင်ကြည့်ရန်သာ ဖြစ်လေ၏။ ဤသည်ပင်
ဇော်သဆရာတို့၏ ထူးခြားသော ကမ္မဋ္ဌာန်း ဖြစ်ပေတော့သတည်း။

# ဂေါ်သနှင့် ဘေးမဲ့လွှတ်ခြင်း

ဂေါ်သဆရာများ၏ ဉာဏ်ပူဇော်ခသည် ၅မတ်၊ ၂ကျပ်တစ်မတ်၊ ၅ကျပ်တစ်မတ်၊ ၁၀ တစ်မတ် . . . . စသည်ဖြင့် မတ်စွန်းများ ယူလေ့ရှိ၏။ ထိုမတ်စွန်းများကို စု၍ သင်္ကြန်အတက်နေ့ (သို့မဟုတ်) နှစ်ဆန်း (၁)ရက်နေ့တွင် စာကလေး၊ ခို၊ ဆိတ်၊ နွား၊ ငါး . . . စသည်ဖြင့် မိမိတတ်စွမ်းသလောက်ဝယ်ယူကာ ပြီးခဲ့သော အတိတ်နှစ်အတွင်း မိမိထံ ဗေဒင်မေးခဲ့သူတို့အတွက် အသက်ရှည်ရာ အနာမဲ့ကြောင်း ဆုမွန်ကောင်းတောင်း၍ ဝယ်ယူထားသော သတ္တဝါများကို ဘေးမဲ့လွှတ်ရ၏။

# ဂေါ်သပညာဖြင့် လူ(၁၀၈)ယောက် ဟောပြောခြင်း

တပည့်ဖြစ်သူသည် ဂေါ်သပညာတတ်မြောက်သည့်အချိန်မှစ၍ အနည်းဆုံး လူပေါင်း (၁၀၈)ယောက်ကို ဉာဏ်ပူဇော်ခ ငွေငါးမတ်သာယူ၍ ဟောပြောရမည်။ (၁၀၈)ယောက်ပြည့်သောအခါ၌ ငွေပေါင်း (၁၃၅)ကျပ်ရရှိမည်ဖြစ်၏။ ထိုငွေကို နဝင်းငွေဟုခေါ်၏။ တပည့်လုပ်သူသည် ဆရာအား ထိုနဝင်းငွေကို သွားရောက်၍ ပူဇော်ရာ၏။ ဆရာကလည်း ထိုငွေကို သုံးမပစ်ရ။ နေ့ကောင်းရက်သာရွေး၍ တပည့်၏နေ့နံနှင့်တူသော ဘုန်းကြီးကိုပင့်၍ ဆရာတပည့် (၂)ဦး ပူးတွဲကာ ဆွမ်းကပ်ရ၏။

ဤနည်းအတိုင်း ဆောင်ရွက်သွားသော ဂေါ်သဆရာ ဆရာများသည် အောင်မြင်ထွန်းပေါက်သွားသည်ချည်းဖြစ်၏။

# ဓေကံသနှင့် ဗေဒင်ဆိုင်ဖွင့်လှစ်ခြင်း

တပည့်လုပ်သူသည် တတ်မြောက်၍ လူ(၁၀၈)ယောက်ပြည့်အောင် ဟောပြီးသောအခါ ဗေဒင်ဆိုင်ခန်း (သို့) ဟောခန်း ဖွင့်လိုသောအခါ ဆရာလုပ်သူက ဖွင့်ခွင့်ပေးရသည်။ ဖြစ်နိုင်လျှင် ဆရာလုပ်သူက ကိုယ်တိုင်သွားရောက် ဖွင့်လှစ်ပေးရ၏။

ဗေဒင်ဟောသည့်နေ့မှစ၍ ဟော၍ရသောငွေကို ထည့်ရန် သေတ္တာငယ်လေး (၁)လုံး ရှိထားရ၏။ ထိုသေတ္တာငယ်လေးကို အမွှေးနံ့သာများ သုတ်လိမ်း၍ထားရ၏။ နေ့စဉ်မှန်မှန် ထိုသေတ္တာငယ်ကို အဖုံးဖွင့်၍ မီးမီးရှေ့တွင် ချထားပြီးလျှင် အောက်ပါအတိုင်း ပုတီးစိပ်ရ၏။

(၁) နမောတဿ ဘဂဝတော ------ ဩ ယော်

(၁) နမောတဿ အရဟတော ------ ဩ ယော်

(၁) နမောတဿ သမ္မာသမ္ဗုဒ္ဓဿ ------ ဩ ယော်

(၁) နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ------ ဩ ယော်

ပေါင်း (၁၂)ပတ် စိပ်ရ၏။ မိမိဝင်သမျှငွေတို့ကို ထိုသေတ္တာထဲသို့ ထည့်ရ၏။ သုံးစရာရှိလျှင် ထိုသေတ္တာထဲမှ ယူသုံးရ၏။ သို့သော် အကုန်မယူရ ---။ အနည်းငယ်ချန်ထားရ၏။ ပုတီးစိပ်ပြီးတိုင်းလည်း ထိုသေတ္တာကလေးအား စိမ်စိမ်ကြည့်၍

"ဒီသေတ္တာထဲကို ဝင်လာတဲ့ငွေနဲ့ ဆိုင်မရသေးရင် ဆိုင်ဝယ်မယ်။

အိမ်မရှိသေးရင် အိမ်ဝယ်မယ်။

ကားမရှိသေးရင် ကားဝယ်မယ် . . . မုချဝယ်နိုင်ရမယ်"

ဟု ထက်သန်သောစိတ်ဖြင့် ပျော်မကွက် ပြောရ၏။ သူများ သေတ္တာမဆန့်လျှင် ယူ၍ လုံခြုံရာတွင် သိမ်းရ၏။ ထိုသေတ္တာကိုမူ ဆက်လက်သုံးစွဲရ၏။

ဗေဒင်ဆိုင်ကို မည်သို့ ခင်းကျင်းရမည်။ မည်သည့်ပုံကားများ ချိတ်ဆွဲရမည်ကို ဆရာလုပ်သူက တပည့်လုပ်သူအား ညွှန်ပြရမည်။

# ဧကံသဆရာနှင့် ၎င်း၏အဆင်အယင်

ဧကံသပညာကို သင်ယူတတ်မြောက်ပြီး ဗေဒင်နိုးနိုး ဟော၍နေပါက အဝတ်အစားများကို ကြိုက်နှစ်သက်ရာ ဝတ်ဆင်နိုင်သည်။ တပည့်မွေးကျင့်မှု ဆရာလုပ်သူသည် မိမိကြိုက်သလို ဝတ်၍ မရတော့ပေ။ အပေါ်ဖြူ အောက်ဖြူ ဝတ်ရမည်။

တပည့်(၇)ယောက်ပြည့်လျှင်မူ ဆရာလုပ်သူသည် ခေါင်းပေါင်းအောက်၌ ညာလက် ၌ ပုတီးကို ပတ်ထားရမည်။ မိမိ၏တပည့်မှ တစ်ဖန် တပည့်ထပ်မွေးလျှင်မူ ထိုဆရာကြီးသည် ပုတီးကို လည်တိုင်၌ ဆွဲထားရမည်။

သားတပည့်မှ မြေးတပည့်သို့ ရောက်သွားခြင်းကို ဆိုလိုသည်။ မြေးတပည့်(၇)ယောက်ပြည့်လျှင်မူ မူလဆရာသည် ခေါင်းပေါင်းသောအခါ၌ ပိတ်ဖြူဘက်က တော့ထိုးထားရမည်။ မြေးတပည့်မှ မြစ်တပည့် (၇)ယောက်ရှိလျှင်မူ ထိုဆရာသည် ဗေဒင်ဟောသော အသက်မွေးဝမ်းကြောင်းကို စွန့်လွှတ်ရမည်။ ဘုန်းကြီးဝတ်လိုက ဝတ်၊ ရသေ့လုပ်လိုက လုပ်၊ (သို့မဟုတ်) လူသူတော်အဖြစ်နှင့် တရား ဘာဝနာပွားများကာ သားတပည့် မြေးမြစ်တပည့် လှူဒါန်းသော ငွေကြေးနှင့်ပင် သက်ဆုံးတိုင် နေပေရော့ . . .။

ဤအချက်များကို ဆရာလုပ်သူသည် တပည့်လုပ်သူကို ပညာမသင်ကြားမီကပင် ရှင်းလင်းပြောကြားထားရမည်။ သစ္စာဆိုသည့်အခါတွင်လည်း ထည့်၍ ဆိုခိုင်းရမည်။

## ဆရာအတွက် ပြုလုပ်သောကန်တော့ပွဲ

မိမိဆရာအား ဒုန်းသီး၊ ငှက်ပျောသီးကန်တော့ပွဲဖြင့် ပူဇော်လျှင် ထိုဆရာလည်း စား၍မရ သုံး၍မရ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် တပည့်ဖြစ်သူသည် ဆရာအား အောက်ပါ ပစ္စည်းများကို ဇလုံ(၁)လုံးတွင်ထည့်၍ ကန်တော့ပွဲအဖြစ် သတ်မှတ်ကာ ကန်တော့နိုင်၏။

၁။ ဆန်တစ်ပြည်
၂။ ဆီတစ်ပုလင်း (အနည်းဆုံး ၁ပိဿာ)
၃။ ဆေး (သင့်လျော်ရာဆေး - အားဆေး၊ သွေးဆေး၊ လျက်ဆား စသည်ဖြင့် ပါဝင်နိုင်သည်။ ဆေးမြီးတိုမပါရ။)
၄။ ငွေ (တတ်နိုင်သမျှ - ၁၆ ကျပ်၊ ၁၆၀ကျပ်၊ ၁၆၀၀၀ကျပ် စသည်ဖြင့်)
၅။ ကိတ်မုန့်
၆။ နို့ဆီ (၁)လုံး
၇။ သကြားတစ်ပိဿာ
၈။ လက်ဖက်ခြောက် (၂)ထုပ် (အကြမ်း/အချို)
၉။ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်
၁၀။ အထည်
၁၁။ လက်ဖက်အသား
၁၂။ ငှက်ပျောဖီး
၁၃။ ဖယောင်းတိုင် (၁)ထုပ်
၁၄။ အမွှေးတိုင် (၁)ထုပ်
၁၅။ သွားတိုက်ဆေး
၁၆။ ဆပ်ပြာ

# ဇော်သနှင့် ဗျည်းကြေးစာ

ဇော်သ ဆရာ ဆရာမများနှင့်သာ သက်ဆိုင်သော ပညာရပ်များ၊ စာများကို ရေးသားရာ၌ လည်းကောင်း၊ ဆရာလုပ်သူမှ တပည့်ဖြစ်သူအား အပြင်လူများ မသိ အောင် ညွှန်ကြားခြင်း၊ ပညာပေးခြင်းများ ပြုလုပ်ရာ၌လည်းကောင်း၊ စသော . . . အရေးကြီး ကိစ္စအကြောင်းအရာများကို ရေးသားရာ၌ ဇော်သ ဆရာ ဆရာမများတွင် သီးခြားစာ အရေးအသားပုံစံ တစ်ခုရှိသည်။ လိုအပ်သလို ထိုအရေးအသားပုံစံကို အသုံးပြုလေ့ ရှိကြ၏။ ၎င်းအရေးအသားပုံစံကို ဗျည်းကြေးစာဟု ခေါ်သည်။ ထိုဗျည်း ကြေးစာ ရေးနည်းကား အောက်ပါအတိုင်း ဖြစ်၏။

| | | | | |
|---|---|---|---|---|
| ရေးချ | = | ါ | = | ၁ |
| လုံးကြီးတင် | = | ိ | = | ၂ |
| လုံးဆံခတ် | = | ီ | = | ၃ |
| တစ်ချောင်းငင် | = | ု | = | ၄ |
| နှစ်ချောင်းငင် | = | ူ | = | ၅ |
| သဝေထိုး | = | ေ | = | ၆- |
| အသတ် | = | ် | = | -၇ |
| ယပင့်/ရရစ် | = | ျ ြ | = | -၈ |
| သေးသေးတင် | = | ံ | = | -၉ |
| အောက်မြစ် | = | ့ | = | -၉ |
| ဟထိုး | = | ှ | = | -၂ |

(က၁ = ကာ)
(က၂ = ကိ)
(က၃ = ကီ)
(က၄ = ကု)
(က၅ = ကူ)
(၆က = ကေ)
(ကပ၇ = ကပ်)
(က၈ = ကျ/ကြ)
(က၉ = ကံ)
(ကန၉၇ = ကန့်)
(က/ = ကဲ)
(မှ = မှ)

၎င်းစာရေးနည်းအား အလွယ်မှတ်ရန်မှာ
တစ်မှာရေးချ၊ နှစ်မှာလုံးတင်
သုံးတွင် ဆံခတ်၊ လေးမှာ တစ်ချောင်းငင်
ငါးမှာ နှစ်ချောင်းငင်၊ ခြောက်တွင် သဝေထိုး
ခွန်တွင် အသတ်၊ ရှစ်မှာ ပင့်ရစ်
ကိုးတွင် ဝစ္စ၊ ပေါက်၍ပြသည်
မှတ်ကြသေချာ ဗျည်းကြေးစာ. . . ။ ။
ဇော်သဆရာ ဆရာမများသည် ထိုဗျည်းကြေးစာရေးနည်းအား ကျွမ်းကျွမ်း ကျင်ကျင် ရေးနိုင် ဖတ်နိုင်အောင် လေ့ကျင့်ထားကြရာ၏။

ထိုဗျည်းကြေးစာ ရေးနည်း ဥပမာရေးပြရသော်

ဗျည်း ကြေး စာ ရေး နည်း ပုံ စံ

ပ ည ၉ ၆ က ၉ ၁ ၆ ၇ ၉ န ည ၉ ပ စ
၈ ၇ ၉ ၈ ၉ ၉ ၇ ၉ ၄ ၉ ၉

# ကော်သပညာ၏ အရိပ်အာဝါသ

ဤလောက၌ အရိပ်ပေးနိုင်သော အရာများစွာ ရှိသည့်အနက် သစ်ပင်နှင့် ထီးကို ဥပမာပြုရပေလိမ့်မည်။ ကော်သဆရာသည် မိမိပညာနှင့် မိမိကျင့်စဉ်ကို ယုံကြည်ရလိမ့်မည်။ ယုံကြည်လျှင် မိမိပညာသည် သစ်ပင်ကဲ့သို့ အရိပ်ပေးနိုင်မည်ဟု ယုံကြည်ရလိမ့်မည်။ ထို့ကြောင့် အရိပ်ခိုလိုသူသည် သစ်ပင်ရှိရာသို့ လာရပေလိမ့်မည်။

အရိပ် (၂) မျိုးအနက် တစ်မျိုး၏ အဓိပ္ပာယ်ကို ဖော်ပြပြီး ဖြစ်၏။ ကျန်တစ်မျိုး၏ အဓိပ္ပာယ်ကို ဆက်လက်ဖော်ပြရလျှင် ထီးသည်လည်း အရိပ်ပေးနိုင်သော အရာပင် ဖြစ်၏။ သို့ရာတွင် အရိပ်ခိုလိုသူသည် ထီးထံသို့ လာရောက်ရန် မလိုပေ။ ထီးကသာလျှင် အရိပ်ခိုသူကို လိုက်၍ မိုးပေးရ၏။

ထို့ကြောင့် ကော်သဆရာသည် မိမိနေရာ၌သာ မိမိနေရမည်။ အိမ်သို့ခေါ်၍ ဟောနိုင်းလျှင် လိုက်၍ မဟောရပေ။ အဘယ်ကြောင့်ဆိုသော် မိမိသည် သစ်ပင်ကဲ့သို့ အရိပ်ပေးနိုင်သော ဆရာ ဖြစ်သောကြောင့်တည်း။

**ကော်သ ဆရာ၊ ဆရာများသည် သစ်ပင်လို ကျင့်ရာ၏။ ထီးလို မကျင့်ရာ။**

**ပု ဒိ အာ**

ဓမ္မဘူမိ

# မင်းသိခ်
## ရေးသားထုတ်ဝေပြီးသောစာအုပ်များ

| | | |
|---|---|---|
| ၁။ မနုစာရီ | စန်းမြင့် | ၁၉၇၆၊ စက်တင်ဘာ |
| ၂။ ဆားပုလင်းနှင့်မောင်နှင့် ဗိတ္တန်းသုံးကောင် | ခင်မေစီ | ၁၉၇၇၊ ဩဂုတ် |
| ၃။ ဆားပုလင်းနှင့်မောင်နှင့် မြို့ရာဇာတာတော | ခင်မေစီ | ၁၉၇၇၊ နိုဝင်ဘာ |
| ၄။ စနေမောင်မောင် | ဥာဏ်ဝင်း | ၁၉၇၈၊ မတ် |
| ၅။ ဆားပုလင်းနှင့်မောင်နှင့် ခေါင်းမြီးမြို့လုံ့ပါမှ | ခင်မေစီ | ၁၉၇၈၊ ဇူလိုင် |
| ၆။ ပုဏ္ဏားဘကျွန်း | ဥာဏ်ဝင်း | ၁၉၇၈၊ အောက်တိုဘာ |
| ၇။ ဆားပုလင်းနှင့်မောင်နှင့် မမင်းပြုမှန်မှန်ပြော | ဥာဏ်ဝင်း | ၁၉၇၉၊ ဇန်နဝါရီ |
| ၈။ ဆားပုလင်းနှင့်မောင်နှင့် မတာစ်ထောင် တစ်ကောင်မွှား | ဥာဏ်ဝင်း | ၁၉၇၉၊ အောက်တိုဘာ |
| ၉။ ပဒေါ်ပက်ဆေဒါက်တာဆိတ်မွှား | ဥာဏ်ဝင်း | ၁၉၈၀၊ ဖေဖော်ဝါရီ |
| ၁၀။ ပြည်ကြီးမဏ္ဍိုင်မြကြီး | ဥာဏ်ဝင်း | ၁၉၈၀၊ ဩဂုတ် |
| ၁၁။ ဒေသဒေသာသူသည် သုဿာန်သို့သွားသည် | ဥာဏ်ဝင်း | ၁၉၈၀၊ နိုဝင်ဘာ |
| ၁၂။ ပုဂံသားမောင်ဘမော် | ဥာဏ်ဝင်း | ၁၉၈၁၊ ဖေဖော်ဝါရီ |
| ၁၃။ ဆားပုလင်းနှင့်မောင်နှင့် များစွဲသောမှတ်ဆိတ် | ဥာဏ်ဝင်း | ၁၉၈၁၊ ဧပြီ |
| ၁၄။ ပက်ထရစ်ရွှေခေါင်း | ဥာဏ်ဝင်း | ၁၉၈၁၊ နိုဝင်ဘာ |
| ၁၅။ ဖြစ်ချင်တာဖြစ် မောင်ဘချစ် | ဥာဏ်ဝင်း | ၁၉၈၂၊ ဇူလိုင် |
| ၁၆။ ဆားပုလင်းနှင့်မောင်နှင့် ဗိုက်ပူသူတော် | ဥာဏ်ဝင်း | ၁၉၈၂၊ စက်တင်ဘာ |
| ၁၇။ ဆားပုလင်းနှင့်မောင်နှင့် ဗိုက်ခဲကျောက်မွှင် | ဥာဏ်ဝင်း | ၁၉၈၃၊ ဧပြီ |
| ၁၈။ ပျော်ပါတယ် မောင်ပြည်သိမ်း | ဥာဏ်ဝင်း | ၁၉၈၃၊ ဇူလိုင် |
| ၁၉။ မသွားဖို့က ရောက်နှင့်သည် | ဥာဏ်ဝင်း | ၁၉၈၃၊ ဩဂုတ် |
| ၂၀။ မောင်မင်းကြီးသား မောင်မြပေ | ဥာဏ်ဝင်း | ၁၉၈၄၊ ဩဂုတ် |
| ၂၁။ ပြည်တော်ဝင် စနေမောင်မောင် | ဥာဏ်ဝင်း | ၁၉၈၄၊ အောက်တိုဘာ |
| ၂၂။ ဆားပုလင်းနှင့်မောင်နှင့် မြကျွမ်းသာပေါ်က မြောက်သုံးကောင် | ဥာဏ်ဝင်း | ၁၉၈၅၊ နိုဝင်ဘာ |
| ၂၃။ မာလိန်မှူး ထူးစိန် | ဥာဏ်ဝင်း | ၁၉၈၆၊ ဇွန် |
| ၂၄။ ဆားပုလင်းနှင့်မောင်နှင့် မြိုင်မဟာမမြလေး | ဥာဏ်ဝင်း | ၁၉၈၆၊ အောက်တိုဘာ |
| ၂၅။ ဘဘဘ ဘာမှမသိဘူး | ဥာဏ်ဝင်း | ၁၉၈၆၊ ဒီဇင်ဘာ |
| ၂၆။ စမေမောင်မောင်နှင့် ပါပလူမျိုးကိုးဆယ့်တို | ဥာဏ်ဝင်း | ၁၉၈၇၊ မေ |
| ၂၇။ ဝတ္ထုတိုပေါင်းချုပ် (၁) | ဥာဏ်ဝင်း | ၁၉၈၇၊ စက်တင်ဘာ |
| ၂၈။ ဝတ္ထုတိုပေါင်းချုပ် (၂) | ဥာဏ်ဝင်း | ၁၉၈၇၊ ဒီဇင်ဘာ |
| ၂၉။ ပြောထုံးဖြစ်အောင် နက်ခေါင် | ဥာဏ်ဝင်း | ၁၉၈၈၊ ဖေဖော်ဝါရီ |
| ၃၀။ ဝတ္ထုတိုပေါင်းချုပ် (၃) | ရန်ကုန် | ၁၉၈၈၊ မတ် |
| ၃၁။ ဆားပုလင်းနှင့်မောင်နှင့် မိုးပေါ်ကကြယ်တာလုံး | ဥာဏ်ဝင်း | ၁၉၈၈၊ ဧပြီ |
| ၃၂။ ဆားပုလင်းနှင့်မောင်နှင့် ဗီးအိမ်လက်ဆွဲခရီးသည် | ဥာဏ်ဝင်း | ၁၉၈၈၊ ဇွန် |
| ၃၃။ သူတော်စင်မလေး ပုဏ္ဏရိက | ဥာဏ်ဝင်း | ၁၉၈၈၊ ဇူလိုင် |
| ၃၄။ မဟာမြိုင်ခရီးသည် (၁) | ဥာဏ်ဝင်း | ၁၉၉၃၊ ဇွန် |
| ၃၅။ မဟာမြိုင်ခရီးသည် (၂) | ဥာဏ်ဝင်း | ၁၉၉၃၊ ဩဂုတ် |
| ၃၆။ ဆားပုလင်းနှင့်မောင်နှင့် ဘုမ္မာဝတီအရှုပ်တော်ပုံ | ဥာဏ်ဝင်း | ၁၉၉၄၊ ဧပြီ |
| ၃၇။ ဝေဒမောင်မောင် | ရန်ကုန် | ၁၉၉၄၊ ဇူလိုင် |
| ၃၈။ မှတ်ဆိတ်ပြုနှင့် အခြားဝတ္ထုတိုများ | ရန်ကုန် | ၁၉၉၄၊ နိုဝင်ဘာ |
| ၃၉။ တူသောဝတ္ထုတိုပေါင်းချုပ် | ရန်ကုန် | ၁၉၉၅၊ ဇန်နဝါရီ |
| ၄၀။ ဆားပုလင်းနှင့်မောင်နှင့် ဘမျိုးဘိုးတူ ဘယ်သန်ဘမုန် | ဥာဏ်ဝင်း | ၁၉၉၆၊ အောက်တိုဘာ |
| ၄၁။ မနောမယလက်ဆောင် | မဟာမြိုင် | ၁၉၉၇၊ ဖေဖော်ဝါရီ |
| ၄၂။ မနောမယပက်ပူးရောင် | မဟာမြိုင် | ၁၉၉၇၊ ဇူလိုင် |
| ၄၃။ မနောမယမြသက်လယ် | မနောမယ | ၁၉၉၇၊ ဒီဇင်ဘာ |
| ၄၄။ ပတ္တမြားမိုး | ဥာဏ်ဝင်း | ၁၉၉၈၊ ဧပြီ |
| ၄၅။ မနောမယပုတီး | ယနေ့မွန်လေး | ၁၉၉၈၊ ဧပြီ |
| ၄၆။ မနောမယလက်ဆောင်အမှတ် (၂) | မနောမယ | ၁၉၉၈၊ ဇွန် |
| ၄၇။ ဗီလိုဆိုဟာ ဦးမြသာ | တေးသံလေ | ၁၉၉၉၊ ဖေဖော်ဝါရီ |
| ၄၈။ မြေရှောက်ဝိဇ္ဇာရွှေမြသာ (၁) | မနောမယ | ၁၉၉၉၊ ဖေဖော်ဝါရီ |
| ၄၉။ မြေရှောက်ဝိဇ္ဇာရွှေမြသာ (၂) | မနောမယ | ၁၉၉၉၊ မတ် |
| ၅၀။ မြေရှောက်ဝိဇ္ဇာရွှေမြသာ (၃) | မနောမယ | ၁၉၉၉၊ ဧပြီ |

၅၁။ မနောမယလက်ဆောင်ဝေါင်းချုပ်
၅၂။ တားဆေးပေးနည်း
၅၃။ မနောမယထမင်းဝိုင်း
၅၄။ မောင့်ညီဓရာ
၅၅။ မ 'တာကံပို'
၅၆။ မြနန်းနွယ်
၅၇။ မနောမယမောကြိုင်
၅၈။ မအောင်ရင်
၅၉။ မြိုင်ပေါဝန်
၆၀။ မိုးနဲ့မြေ
၆၁။ ဘဝဝက်ပါ
၆၂။ မနောမယကိုစီတာ
၆၃။ ဆားပုလင်းနှင်းမောင်နှင့် တစ်ပွဲတည်းဦးနှောက်အပါအဝင် ဝတ္ထုတိုများ
၆၄။ မာယဝါတာတ်
၆၅။ ယကြာများ
၆၆။ ဝတ္ထုတိုပေါင်းချုပ်(၄)
၆၇။ မိုးနှင့်အတူ
၆၈။ (၇)ရက်သားသမီးများအတွက် ဘဝတစ်သက်စာဗေဒဟောစာတမ်း
၆၈။ မရမ်းတောလင်းလက်ဆောင်ဝေဒင်
၆၉။ ကံစမ်းလက်ဆောင် မရမ်းတောလင်းယကြာ
၇၀။ ဝေတာလု
၇၁။ မြင်းတောင်အကျဉ်းသား
၇၂။ ပတ်ဂရာ ဝတ္ထုတိုများ
၇၃။ မင်းမေတိုင်းငါကမြေရှုမှာလား
၇၄။ မရမ်းတောလင်းလက်ဆောင်ဝမ္မိရယကြာများ(၁)
၇၅။ ဝတ္ထုတိုပေါင်းချုပ်အမှတ်(၅)
၇၆။ ဆားပုလင်းနှင်းမောင်နှင့် ဝတ္ထုတိုအမှတ်(၁-၂)
၇၇။ ဆားပုလင်းနှင်းမောင်နှင့် မိန်းမလှကျွန်းအပါ ဝတ္ထုတိုများ
၇၈။ မရမ်းတောလင်းလက်ဆောင်ဝမ္မိရယကြာများ(၂)
၇၉။ ဘဝတာရှက်နှာအပိုင်းအစများ
၈၀။ နွမ်းဇရာလော်ကို ဂျပ်ပစီဟောကိန်း
၈၁။ မင်းဘာသိလို့လဲ
၈၂။ မြရည်ကံသာ
၈၃။ ပျားသာချောင်းက ဓရေမြောကမ်းတောင် အောင်ဒင်
၈၄။ ဆရာသခင်နှင့် နှစ်ပေါင်းများစွာ
၈၅။ သင့်အတွက် ဘဝတစ်သက်စာ မရမ်းတောလင်းယကြာများ
၈၆။ မိုးဒေဝါ
၈၇။ ဆားပုလင်းနှင်းမောင်နှင့် မြေလျှိုမိုးပျံ ဒိဋ္ဌာန်
၈၈။ စမေမောင်မောင်နှင့် မြေလျှိုမိုးပျံဗိုက်
၈၉။ မနောမယအဓိဋ္ဌာန်
၉၀။ မရန်းတောလင်းယကြာမြေမှ အံ့ဖွယ်ယကြာ
၉၁။ မဟူရာ
၉၂။ ခါခေါင်ကျော်စွာ
၉၃။ ဘဝအသနိ
၉၄။ ဆားပုလင်းနှင်းမောင်နှင့် ဒါသုံးချပ်အပါဝတ္ထုတိုများ
၉၅။ မာယာရွှေ [illegible] ခင်းသမီး
၉၆။ ယိုရှင်းတာ [illegible] သုံးမြှုနည်း
၉၇။ ဇလာဟင်းလင်းထဲမှရသောယကြာများ
၉၈။ မသိသူကျော်သွားသိသူဖော်စား သိထိုးနည်း
၉၉။ ဝတ္ထုတိုပေါင်းချုပ် အမှတ်(၆)
၁၀၀။ ရွှေပင်ရွှေကြား ပန်းထောား
၁၀၁။ ရာဇဝင်ထဲကမင်းသား
၁၀၂။ မြန်မာ့ရိုးရာ ဓလေ့ဝေညာ
၁၀၃။ ဇက်သများတာရတာကျမ်း
၁၀၄။ ဗေဒဘုတ်ဗေဒ်ရာဇဝင်ကျမ်း